The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 4 တနင်္လာနေ့တိုင်းထုတ်ဝေသည် January 28, 2019

# စားသုံးသူများကို ကာကွယ်ဖို့ ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြကြပါစို့

စာမျက်နှာ - ၁၈ ➢



## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အသုံးပြုနိုင်သည့် ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း (Used Machine) များကို ၂၀၁၉ ခုနှစ်အတွက် ဆက်လက်၍ အထူးကိစ္စရပ်အနေဖြင့် တင်သွင်းခွင့်ပြု

စာမျက်နှာ - ၈ ➢

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနပိုင် အဆောက်အဦ/အခန်း/ သိုလှောင်ရုံ/ မြေကွက်များအား အိတ်ဖွင့်တင်ဒါ ခေါ်ယူ

စာမျက်နှာ - ၈ ➢

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အသုံးပြုပြီးစက်ဘီး (Used Bicycle)များအား ၂၀၁၉ခုနှစ်အတွက် တင်သွင်းခွင့်ပြုခြင်းနှင့် သက်ဆိုင်သော ပို့ကုန် သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ (၁/၂၀၁၉)ထုတ်ပြန်

စာမျက်နှာ - ၆ ➢




GBS
YOUR GOOD BROTHER
ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်
GOOD BROTHERS' COMPANY LIMITED
TSP
DAP
UREA
NPK
www.gbs.com.mm
www.facebook.com/goodbrothersofficialpage/
info@gbs.com.mm
ဘဏ်အရစ်ကျစနစ်ဖြင့် အမြို့မြို့အနယ်နယ်ရှိ "GBS" ရုံးခွဲများတွင်ဝယ်ယူရရှိနိုင်ပါသည်။


SAILUN
TIRE
ATREZZO
SH406
ATREZZO
SVA1
S702
S911
Exclusive Distributor:
SAN NGWE YAUNG CO., LTD.
Yangon:No.(59-60), Hlay Thin Ah Twin Wun U Chain Street,
Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779
Mandalay:PaPa(21/1), Corner of Yaw Min Gyi Street & 66 Street,
Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မူဆယ်မြို့နှင့် လောက်ကိုင်မြို့တို့၌ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၀ ရက်နံနက် ၈ နာရီတွင် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်းရှိ အများနှင့် သက်ဆိုင်သောကုမ္ပဏီ၏ သစ်သီးအရောင်းကွင်းသို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့ သစ်သီးဝလံများ တင်ပို့ရောင်းချရန် ပြင်ဆင်နေမှု၊ သစ်သီးစစ်ဆေးရောင်းဝယ်နေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး သီးနှံကုန်သည်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပြည်ပသို့တင်ပို့ရောင်းချရန် သီးနှံများအား အရည်အသွေး စံချိန်စံညွှန်းများပြည့်မီရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီတွင် မူဆယ်မြို့၊ မူဆယ်-နမ့်ခမ်း ကုန်သည်လုပ်ငန်းရှင်များအသင်းရုံးခန်းမတွင် မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ (၂၄) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးသို့တက်ရောက်၍ ပြည်တွင်းဒေသထွက်ကုန်များအား စီးပွားရေးဇုန်များတွင် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်တင်ပို့ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် နံနက် ၇ နာရီတွင် လောက်ကိုင်မြို့ရှိ ရန်လုံကျိုင်းဝင်ထွက်ပေါက်နှင့် B.P. 125 ရှိ စီးပွားရေးဇုန် ဖွင့်လှစ်မည့်နေရာသို့ ရောက်ရှိရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်းက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လောက်ကိုင်မြို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၊

စာမျက်နှာ ၃၃ သို့

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သည် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၁၈ ရက် ညနေ ၁၅:၃၀ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကျိန်စမ်းကျော့ ယာယီအဝင်အထွက်ဂိတ်သို့ရောက်ရှိပြီး ယာယီဝင်ထွက်သွားလာနေမှုတို့အား ကြည့်ရှုစစ်ဆေးကာ ကျိန်စမ်းကျော့ကျောက်တိုင်ကွင်းရှိ ခြံပိုင်ရှင် ဦးမိုးစက်၏ ပြည်ပသို့တင်ပို့ရောင်းချရန် မွေးမြူထားသည့် နွားခြံများအား ကြည့်ရှုအားပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၁၇:၃၀ နာရီတွင် မူဆယ်မြို့ရှိ မန့်ဝိန်းဂိတ်၊ နန်းတော်ဂိတ်၊ ဆင်ဖြူရှင်ဂိတ် စသည့် မြန်မာ- တရုတ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဂိတ်များအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး နှစ်နိုင်ငံကုန်သွယ်မှုပြုရာတွင် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် လုပ်ဆောင်ရမည့်အစီအမံများ၊ ကုန်တင်မော်တော်ယာဉ်ကြီးများ ပိတ်ဆို့မှုမရှိစေရေး လုပ်ဆောင်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ- တရုတ် ကုန်သွယ်မှုအတွက် အသစ်ထပ်မံဖွင့်လှစ်မည့် ဟိုဆောင်ဂိတ်သို့ ရောက်ရှိလာရာ နယူးစတားလိုက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်ဝင်းက ဂိတ်တည်ဆောက်ပြီးစီးနေမှုအား ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဂိတ်အသစ် မြန်ဆန်စွာ ဖွင့်လှစ်နိုင်ရေးအတွက် မိမိဘက်မှ လုပ်ငန်းများ မြန်မြန်ဆန်ဆန်ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား မင်္ဂလာမူဆယ် လမ်းလျှောက်ဈေးရှိ Information Centre အစည်းအဝေးခန်းမ၌ မင်္ဂလာမူဆယ်၊ နယူးစတားလိုက်ကုမ္ပဏီ၊ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်ဝင်းက မြန်မာ- တရုတ် ကုန်သွယ်မှုပြုရန် ဂိတ်အသစ်တစ်ခု တည်ဆောက်ပြီးစီးနေမှုနှင့် မင်္ဂလာမူဆယ်လမ်းလျှောက်ဈေး တည်ဆောက်ပြီးစီးမှုတို့အား ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Zahairi Baharim အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရန်ကုန်မြို့အခြေစိုက် မလေးရှားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Zahairi Baharim အား ဇန်နဝါရီ ၂၂ ရက် ၁၄:၀၀နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-မလေးရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုများကို အတူတကွဖြေရှင်းနိုင်ရန်၊ အလားအလာရှိသောနယ်ပယ်များနှင့် ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများ ဖန်တီးနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများဖန်တီးနိုင်ရန်တို့အတွက် နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်ပမှ မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်မှုလုပ်ငန်းများ မြန်မာနိုင်ငံတွင် အခြေချဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံရှိ လေဆိပ်များ၌ လေဆိပ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လေဆိပ်များအား ခရီးသည်ပို့ဆောင်ရေးအပြင် စီးပွားရေးဆိုင်ရာ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း အဖြစ်တွင်ကျယ်စွာ အဆင့်မြှင့်တင်အသုံးပြုနိုင်ရေး၊ မလေးရှားနိုင်ငံရှိမြန်မာရွှေ့ပြောင်းလုပ်သားများအား ကူညီပေးရေး၊ နှစ်နိုင်ငံပြည်သူများအကြား ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်မည့် အစီအစဉ်များအား ကူညီပူးပေါင်း ဆောင်ရွက်သွားနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ကုန်သွယ်ရေးစခန်းများမှ ဆန်နဲ့ဆန်ကွဲ ပိုမိုတင်ပို့

ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၅၂ သန်းတန်ဖိုးရှိ ဧည့်မထဆန်နဲ့ကောက်ညှင်းဆန် တန်ချိန် ၃၄၉၄၀ ခန့် တင်ပို့ခဲ့တယ်လို့သိရပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၂၉၇၀၀ ကျော်နဲ့ ကောက်ညှင်းဆန်၄၂ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၃၀၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၃၈၄၆ တန်နဲ့ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ တန်ချိန် ၂၀ တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တောကုန်သွယ်ရေးစခန်းမှ ၃၁ တန်ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ကုန်သွယ်ရေးစခန်းများရဲ့ ဆန်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၁၁၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၂၁၈ တန်တင်ပို့ပြီး ယခင်တစ်ပတ်က တန်ချိန် ၇၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၄၈ တန်ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇန်နဝါရီလ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂ဒသမ ၁၈၅သန်း တန်ဖိုးရှိဧည့်မထဆန်နဲ့ ပေါင်းဆန် ၆၃၈၁ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ဆန်တင်ပို့မှုများမှာ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန်၃၂၂၀၊ စင်ကာပူနိုင်ငံသို့ ၁၂၄ တန်၊ အိုင်ဗရီကိုစ့်နိုင်ငံသို့ တန်ချိန် ၁၀၀၀၊ အီးယူနိုင်ငံများသို့ ၂၀၃၇ တန် တင်ပို့ခဲ့ကြောင်းနဲ့ ယခင်တစ်ပတ်က ၅၆၁၃၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ဆန်တင်ပို့မှု ၄၉၇၅၃ တန် လျော့ကျခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၂ဒသမ ၈၃၉ သန်းတန်ဖိုးရှိဆန်ကွဲတန်ချိန် ၁၀၃၅၀ တင်ပို့ခဲ့ပြီး ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၅၀၀၊ ဂျပန်နိုင်ငံသို့ တန်ချိန် ၇၅၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၅၀ နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၉၀၅၀ တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၆၈၅၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၄၉၈ တန် ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

ယခုတစ်ပတ်ဆန်တင်ပို့မှုစုစုပေါင်းမှာ ၄၁၃၂၂ တန်နဲ့ ဆန်ကွဲ ၁၀၅၆၈ တန်ဖြစ်ပြီး ကုန်သွယ်ရေးစခန်းများမှဆန်ရောဆန်ကွဲပါ ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**



## အရောင်းအဝယ်အေးပြီး ဆန်ဈေးငြိမ်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေကြောင်းသိရပါတယ်။ ရန်ကုန် ဝါးတန်းဆန်ကုန်စည်ဒိုင်ရဲ့ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကိုကျပ် ၃၈၀၀၀ နဲ့ လတ်စတစ်အိတ်ကိုကျပ် ၃၇၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ဆန်ထိပ်စတစ်အိတ်ကို ကျပ် ၄၂၀၀၀နဲ့ လတ်စတစ်အိတ်ကို ၄၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကို ကျပ် ၃၆၀၀၀နဲ့လတ်စတစ်အိတ်ကိုကျပ် ၃၄၀၀၀၊ ရွှေဘို ပေါ်ဆန်း ဆန်တစ်အိတ်ကိုကျပ် ၄၈၀၀၀-၅၀၀၀၀၊ ပေါ်ဆန်းဆန်အသစ် တစ်အိတ်ကို ကျပ် ၃၄၀၀၀-၃၅၅၀၀၊ ကျားပျံပေါ်ဆန်း ဆန်တစ်အိတ်ကိုကျပ် ၃၈၀၀၀-၄၀၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ ဆန်အဝင်ပုံမှန်ရှိသော်လည်း အရောင်းအဝယ်အေးတဲ့အတွက် ဆန်ကြမ်းလည်း ယခင်တစ်ပတ်ဈေးအတိုင်းရှိကြောင်း ကုန်စည်ဒိုင်မှသိရပါတယ်။ ဧည့်မထ ၂၅ မှတ်တစ်အိတ်ကို ကျပ် ၁၈၇၀၀-၁၉၀၀၀၊ ရက် (၉၀) ဆန်တစ်အိတ်ကို ကျပ် ၂၉၀၀၀-၃၁၀၀၀၊ သီးထပ်ရှယ်တစ်အိတ်ကိုကျပ် ၂၃၀၀၀-၂၄၀၀၀၊ အကြမ်း ရှယ်တစ်အိတ်ကို ကျပ် ၂၀၅၀၀-၂၁၀၀၀ ရှိကြောင်း ဝါးတန်းကုန်စည်ဒိုင်ရဲ့ဆန်လက်ကားဈေးနှုန်းများအရ သိရပါတယ်။ **ယဉ်ယဉ်အေး**

## ဧရာဝတီတိုင်း မြောင်းမြခရိုင်တွင် ပေါ်ဆန်းဆန်ဈေး အနည်းငယ်ကျဆင်း၍ ဆန်ဟောင်းဈေးငြိမ်

ဧရာဝတီတိုင်း မြောင်းမြခရိုင်တွင် မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်ကျွန်းမြို့နယ်များ၌ ပေါ်ဆန်းဆန် အရောင်းအဝယ်အေး၍ ယခင်ပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ် ၄၀၅၀၀-၄၁၀၀၀-၄၂၀၀၀ မှ ယခု ကျပ် ၃၉၅၀၀-၄၀၀၀၀-၄၁၀၀၀ ဖြစ်သွား၍ ဆန်တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့် ကျဆင်းသွားကြောင်း ဆန်စပါး ဈေးကွက်မှသိရသည်။

ယခုလက်ရှိအချိန်တွင် စပါးဟောင်းလက်ကျန်များ ကုန်သလောက်ဖြစ်နေပြီး ဆန်ဟောင်းလက်ကျန် အနည်းစုနှင့် ဆန်သစ်အများစုသာ အရောင်းအဝယ်ဖြစ်၍ ဆန်အဟောင်း၊အသစ်ဈေးမှာ ပေါ်ဆန်းဆန်သစ်တစ်အိတ်ကျပ် ၃၇၀၀၀-၄၀၀၀၀ ဝန်းကျင်၊ ဆန်အဟောင်း ကျပ် ၅၀၀၀၀ ဝန်းကျင်ခန့်ရှိ၍ အသစ်အဟောင်း တစ်အိတ်ကိုကျပ်၁၀၀၀၀ ဝန်းကျင်၊ ဧည့်မထဆန်သစ်တစ်အိတ်ကျပ် ၁၉၀၀၀-၂၁၀၀၀၊ ဆန်အဟောင်းတစ်အိတ် ကျပ် ၂၇၀၀၀- ၂၈၅၀၀ ဝန်းကျင် ဆန်တစ်အိတ်ကို ကျပ် ၇၀၀၀-၈၀၀၀ ဝန်းကျင်အတွင်း ဈေးနှုန်းကွာခြားမှုရှိပြီး ဆန်အဟောင်းဈေးနှုန်း တည်ငြိမ်၍တိုင်းအတွင်း အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း ဈေးကွက်သတင်းများမှသိရသည်။ **မင်းမင်းဦး(ပသ)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၅-၁-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၀ | ၃၉၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၀ | ၃၈၅ | ▽ | ၃၅၁ | ၃၄၀ | ▽ | ၃၉၀ | ၃၇၀ | ▽ | ၃၅၃ | ၃၅၃ | □ |
| ဆန်ဖြူ ၁၀% | ၃၈၉ | ၃၈၄ | ▽ | ၃၄၉ | ၃၃၇ | ▽ | - | - | - | ၃၄၀ | ၃၄၀ | □ |
| ဆန်ဖြူ ၁၅% | ၃၈၇ | ၃၈၂ | ▽ | ၃၄၇ | ၃၃၄ | ▽ | - | - | - | ၃၄၃ | ၃၄၃ | □ |
| ဆန်ဖြူ ၂၅% | ၃၇၅ | ၃၇၅ | □ | ၃၃၆ | ၃၃၀ | ▽ | ၃၇၀ | ၃၆၀ | ▽ | ၃၃၇ | ၃၃၇ | □ |
| ပေါင်းဆန် | ၄၁၅ | ၄၂၀ | △ | - | - | - | ၃၈၀ | ၃၈၃ | △ | ၄၀၈ | ၄၀၈ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၂၅-၁-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၃၀၀ | □ | ၂၁၅၀၀ | □ | ၈၅၀၀၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၅၄၀၀ | □ | ၂၁၅၀၀ | □ | ၉၈၀၀၀ | □ | ၃၇၅၀၀ | □ |
| ပဲခူး | ၅၄၀၀ | △ | ၂၂၅၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၆၀၀၀ | □ | ၁၃၀၀၀ | △ | ၄၂၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | ၇၉၀၀ | △ | ၃၅၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၀၈၀ | □ | ၂၀၅၀၀ | ▽ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၄၀၀၀ | □ | - | - | ၅၀၀၀၀ | △ |
| မကွေး | ၆၅၀၀ | △ | ၂၃၀၀၀ | △ | - | - | ၅၀၀၀၀ | □ |
| မော်လမြိုင် | ၆၁၀၀ | □ | ၂၂၀၀၀ | □ | ၁၁၀၀၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၈၄၃၀ | △ | ၃၀၀၀၀ | □ | - | - | ၆၅၀၀၀ | □ |
| မြိတ် | ၇၀၀၀ | □ | ၂၄၀၀၀ | ▽ | - | - | ၃၉၀၀၀ | △ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၅၀၀ | □ | - | - | ၄၇၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၁-၁-၂၀၁၉ မှ ၂၅-၁-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 261 | 17,579,920.680 |
| 2 | Form D | 98 | 12,581,687.150 |
| 3 | Form E | 117 | 3,886,384.750 |
| 4 | Korea GSP | 9 | 131,220.280 |
| 5 | Form AK | 123 | 5,036,667.630 |
| 6 | Form AJ | 11 | 822,419.860 |
| 7 | Form AI | 132 | 8,608,688.830 |
| 8 | Form AANZ | 15 | 197,652.050 |
| 9 | Form DFTP | 2 | 506,608.000 |
| 10 | Form CHINA | | |
| Grand Total | | 768 | 49,351,249.230 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၅-၁-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၈/၁ | ၂၅/၁ | ပြောင်းလဲမှု | ၁၈/၁ | ၂၅/၁ | ပြောင်းလဲမှု | ၁၈/၁ | ၂၅/၁ | ပြောင်းလဲမှု | ၁၈/၁ | ၂၅/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၁၆၃ | ၁၁၄၈ | ▼ | ၁၁၆၇ | ၁၁၇၅ | ▲ | ၁၁၅၀ | ၁၁၇၅ | ▲ | ၁၁၅၀ | ၁၁၄၀ | ▼ |
| ပဲစင်းငုံ | ၁၂၃၇ | ၁၂၄၅ | ▲ | ၁၃၃၃ | ၁၃၇၅ | ▲ | ၁၃၀၀ | ၁၃၆၅ | ▲ | ၁၃၅၀ | ၁၃၆၅ | ▲ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၆၁၅ | ▲ | ၁၈၃၃ | ၁၈၃၃ | ■ | ၁၇၆၃ | ၁၇၈၉ | ▲ | ၁၆၆၀ | ၁၆၆၀ | ■ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၂၀၅ | ၁၂၇၅ | ▲ | ၁၁၉၄ | ၁၂၃၆ | ▲ | ၁၂၅၀ | ၁၂၉၀ | ▲ |
| ပဲလွန်းဖြူ | ၁၀၆၅ | ၁၀၀၀ | ▼ | ၁၂၅၀ | ၁၂၃၃ | ▼ | ၁၇၇၉ | ၁၃၉၄ | ▼ | ၁၁၆၀ | ၁၁၇၅ | ▲ |
| ထောပတ်ပဲ | ၂၁၇၀ | ၂၂၆၀ | ▲ | ၂၄၀၀ | ၂၁၈၇ | ▼ | ၂၂၆၃ | ၂၀၀၀ | ▼ | ၂၃၁၅ | ၂၀၀၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၂-၁-၁၉)ထိ | ယခုတစ်ပတ် (၁၉-၁-၁၉)ထိ | (၁-၁-၁၉) မှ (၁၉-၁-၁၉) ထိ |
| မတ်ပဲ | ၂၂၅၀၀ | ၃၅၃၆၃ | ၅၇၈၆၃ |
| ပဲတီစိမ်း | ၃၅၃၇ | ၁၉၂၀ | ၅၄၅၇ |
| ပဲစင်းငုံ | ၄၃၉၃ | ၉၃၈၂ | ၁၃၇၇၅ |
| ကုလားပဲ | ၃၀၉၃ | ၁၈၄၉ | ၄၉၄၂ |
| ပဲလွန်းဖြူ | ၂၆၁ | ၁၄၅ | ၄၀၆ |
| မြေထောက်ပဲ | ၉ | ၄ | ၁၃ |

## သာယာဝတီပဲဈေးကွက်တွင် ပဲတီစိမ်းဈေးကျဆင်း

သာယာဝတီဈေးကွက်တွင် ပဲမျိုးစုံဈေးကွက်မှာ ရောင်းဝယ်မှုဖြစ်နေတဲ့ ပဲတီစိမ်းဈေးနှုန်းမှာ ယခုသီတင်းပတ်အတွင်းဈေးနှုန်းများဆက်လက်ကျဆင်းနေသည်ကိုတွေ့ရပါတယ်။ ယခင်သီတင်းပတ်က ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၃၁၀၀၀ ရရှိခဲ့သော်လည်း ယခုသီတင်းပတ်တွင် ပိဿာ ၂၀ တစ်တင်းလျှင်ကျပ် ၃၀၅၀၀ ခန့်သာရရှိပြီး ဈေးအနည်းငယ်ကျဆင်းလျက်ရှိနေပါတယ်။ ဈေးကွက်တွင် ဝယ်လိုအားမရှိသောကြောင့် ဈေးနှုန်းကျဆင်းရခြင်းဖြစ်တယ်လို့သိရှိရပါတယ်။ **ခင်ခင်ထိုက်(သာယာဝတီ)**

## ပြည်ပဲပုပ်သစ်များ ဈေးငြိမ်ရောင်းဝယ်လျက်ရှိ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ ပဲပုပ်သီးနှံသစ်များ အဝင်နေ့စဉ်ရှိခဲ့သလို အရောင်းအဝယ်လည်း နေ့စဉ်ဖြစ်နေခဲ့ပါတယ်။ လက်လီသမားရော လက်ကားဝယ်ယူသူများပါ ဝယ်ယူနေကြတဲ့အတွက် ဝင်ရောက်လာသမျှ ရောင်းဝယ်နေခဲ့ကြပြီး လက်လီအနေဖြင့် တစ်ရက်အိတ် ၂၀ ကျော် ရောင်းချရသလို လက်ကားအနေဖြင့် အိတ် ၁၅၀ ကျော် ရန်ကုန်ဝယ်လက်များ ဝယ်ယူမှုရှိခဲ့ပါတယ်။

ပဲဈေးမှာ အပြောင်းအလဲသိပ်မဖြစ်ဘဲ တစ်တင်းကျပ် ၁၉၅၀၀ မှ ကျပ် ၂၀၀၀၀ ဖြင့်သာဈေးငြိမ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲဈေးကွက်အတွင်း အရောင်းအဝယ် ဖြစ်နေတဲ့ပဲများထဲမှာတော့ ပဲပုပ်သီးနှံဈေးဟာ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများထက် ဈေးလျော့နည်းနေခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးဆက်လက်မြင့်တက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးများ ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။ ရန်ကုန်၊ မန္တလေးဝယ်လက်များက အဝယ်ရှိခြင်းနှင့် မြေပဲဆန်ဝင်ရောက်မှုမှာလည်း များလာတဲ့အတွက် ဈေးကွက်တွင် တစ်နေ့လျှင် မြေပဲဆန် အိတ် ၉၀၀ ခန့် အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။

ဆီစက်သမားများကလည်း ဆီကြိတ်ရန်အတွက် ရွေးပြီးသား ပဲဆန်များကို ဝယ်ယူမှုရှိနေတဲ့အတွက် ဆီဆန်ဈေးမှာလည်း ယခင်တစ်ပတ်ကထက် ဈေးမြင့်လာတာတွေ့ရပါတယ်။

ယခုတစ်ပတ်မြေပဲဆန်ဈေးများမှာ ဆီဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၆၀၀ နှင့် (နီ) တစ်ပိဿာလျှင် ကျပ် ၂၈၅၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပိုလာသလို လုံးဆန်ဈေး မှာလည်း (ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၇၅၀ နှင့် (နီ) တစ်ပိဿာလျှင် ကျပ် ၃၁၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးမြင့်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## ပြည်ပဲစင်းငုံသစ် ယခင်နှစ်ထက် ဈေးကောင်းပိုရလာ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်အတွင်း ပဲစင်းငုံသစ် အဝင်များလျက်ရှိလို့ တစ်ရက်အိတ် ၃၀၀/၄၀၀ ကျော် ဝင်ရောက်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုမှာ ပဲဟောင်း လက်ကျန်လည်းရှိခဲ့တဲ့အတွက် ပဲဟောင်း၊ ပဲသစ်နှစ်မျိုးစလုံး အရောင်း အဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ရန်ကုန်ဝယ်လက်အဓိကထားဝယ်ယူနေခဲ့ကာ ပဲဈေးမှာ တစ်တင်းကျပ် ၂၇၅၀၀ မှ ကျပ် ၂၈၀၀၀ အတွင်း ရရှိခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် ဈေးပိုရလာခဲ့ပါတယ်။ ပဲဟောင်းဈေးကတော့ တစ်တင်းကျပ် ၂၅၀၀၀ ရရှိနေခဲ့ပါတယ်။ ဒါကြောင့် ယခင်နှစ်က ဈေးအေးခဲ့တဲ့ ပဲစင်းငုံ သီးနှံဟာ ယခုနှစ်မှာတော့ ပဲသစ်ပေါ်ချိန်မှာကတည်းက ယခင်နှစ်ထက် ဈေးပိုရလာနေသလို မတ်ပဲသီးနှံဈေးထက်လည်း ဈေးပိုရနေကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## ဈေးမြင့်လာတဲ့ ပြည်စမုံနက်

ပြည်ဈေးကွက်တွင် စမုံနက်နှမ်းကို ဈေးပေး၍ဝယ်ယူနေသဖြင့် ယခုတစ်ပတ် စမုံနက်နှမ်းဈေးမြင့်လာတာ တွေ့ရပါတယ်။ ဆီစက်သမားများက နှမ်းနီကို ဝယ်ချင်သော်လည်း အထွက်နှုန်းနည်းခြင်း၊ ဈေးကွက်တွင် နှမ်းနီမရှိသလောက် နည်းနေတဲ့အတွက် ဈေးသာရှိပြီး အရောင်းအဝယ်မဖြစ်ခြင်းကြောင့် နှမ်းနီဈေးမှာ ယခင်တစ်ပတ်ကထက်စာလျှင် ဈေးချထားတာဖြစ်တယ်လို့ သိရပါတယ်။

နှမ်းနက်ကတော့ ပုံမှန်အဝယ်ရှိလို့ ဈေးငြိမ်နေတာဖြစ်ပြီး စမုံနက်နှမ်းကို မန္တလေးဝယ်လက်များက ပစ္စည်းသန့်ရင် သန့်သလို ဈေးပေးဝယ်ယူနေတာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၁၆၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးကျလာတာတွေ့ရပြီး နှမ်းနက်မှာ တစ်တင်းလျှင် ကျပ် ၅၆၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ စမုံနက်ဈေးမှာ တစ်တင်းလျှင် ကျပ် ၇၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးမြင့်လာတာ တွေ့ရပါတယ်။ **ဝေဝေမင်း(ပြည်)**



## ပြည်ပဲလွန်းဖြူသစ် ဈေးကွက်သို့ဝင်လာပြီး လက်လီသာရောင်းဝယ်မှုဖြစ်

ပြည်ပဲဈေးကွက်သို့ ယခုကာလမှာ ဆောင်းပဲသစ်များ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဘိုကိတ် ပဲသစ်များအပြင် ပဲလွန်းဖြူသီးနှံလည်း ဝင်ရောက်လာခဲ့တာကို တွေ့ရပါတယ်။ အထွက်မလှိုင်သေးတဲ့အတွက် တစ်ရက်အိတ် ၄၀/၅၀ ပတ်ဝန်းကျင်သာ ဝင်ရောက်လာပြီး ဝယ်လက်ကလည်း လက်လီသမားများဖြင့်သာ ရောင်းဝယ်နေခဲ့ကြပါတယ်။ ပဲဝင်ရောက်မှုများသည့်ကာလမှသာ လက်လီ၊ လက်ကား အရောင်းအဝယ်သွက်လာမယ်လို့ သိရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် ဈေးနည်းတယ်ဆိုသော်လည်း ဘိုကိတ်ပဲသစ်ဈေးထက်တော့ ဈေးပိုရနေခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ(အသစ်) ဈေးတက်နေ

ယခုတစ်ပတ်ပခုက္ကူကုန်စည်ဒိုင်တွင် ၂၀၁၉ ထွက် ပဲစင်းငုံနီအသစ်ဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၂၅၉၀၀-၂၆၉၀၀-၂၇၅၀၀-၂၈၀၀၀-၂၈၂၀၀ ဖြင့် နေ့စဉ်အိတ် ၁၀၀ မှ ၄၀၀ ခန့်၊ ၂၀၁၇ ထွက်နှင့် ၂၀၁၈ ခုနှစ်ထွက် ပဲစင်းငုံနီ အဟောင်းတစ်တင်းလျှင် ကျပ် ၂၃၅၀၀-၂၄၀၀၀-၂၃၉၀၀-၂၄၅၀၀ ဖြင့် အိတ် ၁၀၀ ခန့် နေ့စဉ်ပုံမှန်အရောင်း အဝယ်ဖြစ်လျက်ရှိပါသည်။

ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၃၀၀၀-၂၄၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၂၅၀၀-၂၃၀၀၀-၂၄၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၃၅၀၀-၂၄၀၀၀-၂၄၅၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်နေပါသည်။

ယောနယ်ဒေသမှ ထွက်ရှိသည့် ပဲတီစိမ်းသေးမှာ တစ်တင်းလျှင် ကျပ် ၂၉၅၀၀-၃၀၀၀၀-၃၀၂၀၀ ဖြင့် အိတ် ၅၀ ခန့်မှ ၁၀၀ ခန့်၊ နှမ်းနက် (ဂွ) တစ်တင်းလျှင် ကျပ် ၅၆၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ခန့်၊ နှမ်းနက် (စမုံ)ရိုးရိုးမှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ၆၀၀၀၀ မှ ၇၈၀၀၀ ဖြင့်အိတ် ၁၀၀ ခန့်၊ နှမ်းနက်( စမုံ)ရှယ် တစ်တင်းလျှင် ကျပ် ၇၉၀၀ ဖြင့် အိတ် ၁၀၀ခန့် ပုံမှန် အရောင်းအဝယ်ဖြစ်ကြောင်းသတင်းရရှိပါသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မူဆယ်မှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၀၀ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၄၄၀၈၁ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၃၄၈၄၅ တန်၊ လွယ်ဂျယ်မှ ၇၃၇ တန်နဲ့ ချင်းရွှေဟော်မှ ၈၄၉၉ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၃၄၂၃၉ တန်၊ လွယ်ဂျယ်မှ ၁၆၁၆ တန်၊ ချင်းရွှေဟော် မှ ၉၄၃၆ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ်လွယ်ဂျယ်နဲ့ ချင်းရွှေဟော် မှ ပြောင်းတင်ပို့မှု အနည်းငယ် လျော့နည်းခဲ့ ပေမယ့် မူဆယ်မှ တန် ၆၀၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ မူဆယ်သို့ပြောင်းကား ၁၀၅၅ စီးဝင်ရောက်ခဲ့ကြောင်း၊ ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အတွင်း မူဆယ်ကုန်စည်ဒိုင်ရဲ့ ပြောင်းတစ်တန်ဈေးမှာ ၃၀၆၈၀၃ ကျပ်ရှိကြောင်း သိရပါတယ်။

အဆိုပါ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၆၂၇၈၈ တန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၉၈ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အသုံးပြုပြီးစက်ဘီး(Used Bicycle)များအား ၂၀၁၉ခုနှစ်အတွက် တင်သွင်းခွင့်ပြုခြင်းနှင့်သက်ဆိုင်သော ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ(၁/၂၀၁၉)ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**
**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ (၁/၂၀၁၉ )**

**အကြောင်းအရာ။ ။အသုံးပြုပြီးစက်ဘီး(Used Bicycle)များအား ၂၀၁၉ခုနှစ်အတွက် တင်သွင်းခွင့်ပြုခြင်း။**

ပြည်တွင်းရှိ အခြေခံလူတန်းစားများအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာသော ပြည်ပ စက်ဘီးအဟောင်းများကို အသုံးပြုနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၃ခုနှစ်မှစ၍ နှစ်အလိုက် တင်သွင်းခွင့်ပြုခဲ့သော (Used Bicycle)များကို ၂၀၁၉ ခုနှစ်အတွက် ဆက်လက်၍ တင်သွင်းခွင့်ပြုလိုက်သည်။

အသုံးပြုပြီးစက်ဘီးများ တင်သွင်းရာတွင် ပြည်တွင်း၌ အသုံးပြု၍မရသော စက်ဘီးပစ္စည်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် **"စက်ဘီးအင်္ဂါရပ်နှင့် ပြည့်စုံသော အသင့်အသုံးပြုနိုင်သည့်စက်ဘီး"**များကိုသာ တင်သွင်းရမည်ဖြစ်ပါသည်။

အသုံးပြုပြီးစက်ဘီး (Used Bicycle) တင်သွင်းခွင့်ပြုခြင်းကို ပြည်တွင်းလိုအပ်ချက်ပေါ်မူတည်၍ နှစ်စဉ်ပြန်လည် သုံးသပ်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

## ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကို အမေရိကန်ဒေါ်လာ ၄၃ ဘီလီယံ ဝင်ငွေရရှိရန် ရည်မှန်း

ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသည် ပြီးခဲ့သောနှစ်၏ ရလဒ်အပေါ်တွင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံတိုးမြှင့်ပြီး ယခုနှစ်တွင် ပို့ကုန်ဝင်ငွေကို အမေရိကန်ဒေါ်လာ ၄၃ဘီလီယံ ရရှိရန် ရည်မှန်းထားပါတယ်။

၂၀၁၉ ခုနှစ်တွင် ရေထွက်နှင့်သစ်တောလုပ်ငန်းတို့မှ လုပ်ငန်းတစ်ခုချင်းစီတွင် တင်ပို့မှု ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ ဘီလီယံရရှိရန် မျှော်မှန်းထားသော်လည်း လယ်ယာလုပ်ငန်းကို တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံ ဝင်ငွေရရှိရန် မျှော်မှန်းထားကြောင်းနှင့် ကျန်ရှိနေသော အမေရိကန်ဒေါ်လာတစ်ဘီလီယံမှာ အခြား လယ်ယာထွက်ကုန်လုပ်ငန်းများမှ ဝင်ငွေဖြစ်လိမ့်မည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ဝန်ကြီးက အဆိုပါကဏ္ဍအတွက် ပြန်လည်ဆန်းစစ်သည့် ညီလာခံတွင် ပြောကြားခဲ့ပါတယ်။

ထို့ပြင် ဝန်ကြီးဌာနက ၂၀၁၉ခုနှစ်တွင် အဆိုပါကဏ္ဍအတွက် GDP တိုးတက်နှုန်းကို သုံးရာခိုင်နှုန်းရည်မှန်းထားပါကြောင်း၊ ၂၀၁၈ခုနှစ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၏ တောင့်တင်းခိုင်မာသော ဆောင်ရွက်မှုများက မြင့်မားသောရည်မှန်းချက်များကို အခြေပြုခဲ့ကြောင်း၊ အထူးသဖြင့် ၂၀၁၇ ခုနှစ်၏ရလဒ်အပေါ်တွင် အဆိုပါကဏ္ဍ၏ထုတ်လုပ်မှုတန်ဖိုး ၃ ဒသမ ၈ရာခိုင်နှုန်း တိုးတက်လာပါကြောင်း၊ထို့အပြင် ၂၀၁၈ ခုနှစ်တွင် အဆိုပါကဏ္ဍ၏ GDP မှာ ၂၀၁၇ ခုနှစ် ၏ ကိန်းဂဏန်းများ ထက်ကျော်လွန်၍ ၃ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် အဆိုပါကဏ္ဍ၏ တင်ပို့မှုပမာဏကို အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံဖြင့် အစီရင်ခံစာတွင် တွေ့မြင်ရမည်ဖြစ်ပါကြောင်းဖြင့် ထည့်သွင်း ပြောကြားခဲ့ပါတယ်။

၂၀၁၉ခုနှစ်အတွက် ရည်မှန်းချက်များကို ပြည့်မီစေဖို့ ထုတ်ကုန်များ အရည်အသွေးတိုးတက် ကောင်းမွန်ခြင်း၊ ထုတ်လုပ်မှုမြင့်မားခြင်းတို့ဖြင့် အဆိုပါကဏ္ဍကို အဆက်မပြတ်ပြန်လည် ဖွဲ့စည်းရန် လိုအပ်ပါကြောင်းနှင့်ဈေးကွက်၏ ဝယ်လိုအားများကို လျင်မြန်ပြည့်စုံအောင်ဆောင်ရွက်သင့်ပြီး ဒေသတစ်ခုချင်းစီ၏ အကျိုးကျေးဇူးများနှင့် ကိုက်ညီသော ပိုမိုသင့်လျော်သည့် ကောက်ပဲသီးနှံများကို ပြောင်းလဲ၍စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ဝန်ကြီးက ထည့်သွင်းပြောကြား ခဲ့ပါတယ်။

အစဉ်အလာအရ တင်သွင်းသောဈေးကွက်များအပေါ် အာရုံစိုက်ပြီး တင်ပို့မှုကိုတိုးချဲ့ရန် အပြန်အလှန်ညှိနှိုင်းဆက်ဆံမှုများဖြင့် ပြည်တွင်းဈေးကွက်နှင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက် နှစ်ခုစလုံးတွင် လယ်ယာထွက်ကုန် အသုံးပြုမှုကို တိုးမြှင့်ဖို့ မုချလိုအပ်ပါကြောင်းနှင့် အမေရိကန်ပြည်ထောင်စု၊ ဥရောပ၊ ဂျပန်နှင့်တရုတ်နိုင်ငံကဲ့သို့အဓိကကျသောဈေးကွက်များနှင့် ပတ်သက်၍ ခန့်မှန်းချက်များပြုလုပ်ခြင်း၊ သတင်းအချက်အလက်များ ကောက်ယူခြင်းနှင့် သုတေသနပြုလုပ်ခြင်းတို့ဖြင့် စွမ်းရည်များကို မြှင့်တင်ပေးဖို့ လိုအပ်ကြောင်းဖြင့် ဝန်ကြီးက ပြောကြားခဲ့ပါတယ်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၏ရည်မှန်းချက်များကို ပြည့်မီစေဖို့ပေါ်လစီအသစ်များနှင့် ဖြေရှင်းချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ ၂၀၁၈ခုနှစ်၏ ရလဒ်မှာ အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံ ဖော်ပြထားချက်အရ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၂-၄၃ ဘီလီယံ(သို့မဟုတ်) ၎င်းထက်ပိုမို၍ ဝင်ငွေရနိုင်ကောင်းရနိုင်လိမ့်မည်ဖြစ်ကြောင်းနှင့် ကိုယ်စားလှယ်တစ်ဦးက အဆိုပြုခဲ့သည့် ပို့ကုန်ဝင်ငွေတိုးမြှင့်ဖို့နှင့် ဈေးကွက်လိုအပ်ချက်ကိုဖြည့်ဆည်းရန်တို့နှင့် ပတ်သက်၍ ကြီးကြီးမားမား ထုတ်လုပ်မှုများအတွက် မြေယာပေါင်းစပ်မည့် ကုမ္ပဏီများအတွက် အလားအလာကောင်းသော အခြေအနေကိုဖန်တီးခြင်းနှင့် မြေယာမူဝါဒများ တိုးတက်ကောင်းမွန်ခြင်းတို့ကို အစိုးရက ဦးစားပေးဆောင်ရွက်ဖို့တို့ကို ညီလာခံတွင် ပြောကြားခဲ့ပါကြောင်း သိရှိရပါတယ်။

ထို့ပြင် An Giang Province မှ ကိုယ်စားလှယ်တစ်ဦးကလည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကို စိတ်ဝင်စားစေမည့် အထူးအခွင့်အရေးဆိုင်ရာ နည်းလမ်းမူဝါဒများရှိသင့်ကြောင်းကို အကြံပြုခဲ့ကြောင်း သိရှိရပါတယ်။

Source:vietnamnews.vn

**ဒေါ်ချိုချိုမာ(ပို့ကုန်)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၅ . ၁ . ၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ဂရုပ်ဆိပ်ကမ် | - MT CHAO ANOMA | P'Oil(In Bulk) ၄၃၀၀၀တင်ဆဲ |
| ထီးတန်းဆီဆိပ်ကမ်း | - MT AUVIRGO | P'Oil(In Bulk) ၄၂၅၀တင်ဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - UNI AMPLE | TEU ၆၁၅ တင် ၅၀၁ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - IAL -001 | TEU ၄၄၀ တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - CAPE FLORES | TEU ၇၀၀ တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - SINAR BANDA | TEU ၇၆၅ တင် ၆၂၉ ချဆဲ |
| အလုံဆိပ်ကမ်း (၁) | - AS FLONA | TEU ၇၀၀ တင်ဆဲ |
| အလုံဆိပ်ကမ်း (၂) | - GANT GRACE | ဆန် ၂၀၀၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၂) | - ANAN BHUM | TEU ၉၂၃ တင်၆၀၃ချဆဲ |
| စက်မှုဆိပ်ကမ်း (၃) | - MAERSK WISEBADEN | TEU ၉၈၂တင်ရန်ရှိ (အလုပ်မလုပ်) |
| စက်မှုဆိပ်ကမ်း (၄) | - TOVE MAERSK | TEU ၃၄၀ တင် ၆၃၈ချဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - HAI DUONG-36 | Urea (In Bulk) ၉၅၀၀ ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - SOUL OF LUCK | TEU ၅၈၆ တင် ၄၉၈ချဆဲ |
| MIPL ဆိပ်ကမ်း | - MS AMADEA | PAX 490Nos |
| သီလဝါဆိပ်ကမ်း (၂) | - ALS SUMIRE | TEU ၂၃၀ တင်ရန်ရှိ (အလုပ်မလုပ်) |
| သီလဝါဆိပ်ကမ်း (၃) | - KOTA HADIAH | TEU ၉၅ တင်၁၀၁ ချဆဲ |
| သီလဝါဆိပ်ကမ်း (၅) | - NING JING HAI | Steel ၃၀၀၀၀ ချဆဲ |
| MMTM JETTY | - MT OCEAN SEAL | Diesel Oil 11460ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| STEEL ၂၀၃၇ ကုန်ချရန် | | CHINA | ၂၅ . ၁ . ၂၀၁၉ |
| WISDOM | Urea (In Bulk)၆၀၀၀ ကုန်ချရန် | THAI | ၂၇ . ၁. ၂၀၁၉ |
| RAINBOW FAIRY | Ammonium Nitrate ၆၀၀၀ ကုန်တင်ရန် | THAI | ၃၁. ၁. ၂၀၁၉ |
| LE HE | Unit Container 321 G/C ,13ကုန်ချရန် | CHINA | ၃. ၂. ၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၄. ၁. ၂၀၁၉ |
| SAN GIORGIO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၅. ၁. ၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၆. ၁. ၂၀၁၉ |
| PACITA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၆. ၁. ၂၀၁၉ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆. ၁. ၂၀၁၉ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၇. ၁. ၂၀၁၉ |
| TORRES STRAIT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၇. ၁. ၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇. ၁. ၂၀၁၉ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀. ၁. ၂၀၁၉ |
| KOTA HARTA | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁. ၁. ၂၀၁၉ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၁. ၁. ၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.YU DONG | Diesel | - | ၁၇. ၁. ၂၀၁၉ |
| MT.CEISIUS ROME | Diesel | - | ၂၅. ၁. ၂၀၁၉ |
| MT.VITE SSE | Diesel | - | ၂၅. ၁. ၂၀၁၉ |
| MT.TASCO-1 | BITUMEN | MALAYSIA | ၂၆. ၁. ၂၀၁၉ |
| MT.ATALANTA | Diesel | SINGAPORE | ၂၆. ၁. ၂၀၁၉ |
| MT.BABYLON | Diesel | SINGAPORE | ၂၆. ၁. ၂၀၁၉ |
| MT.CHAO ANOMA | P'Oil(In Bulk) | INDONESIA | ၂၆. ၁. ၂၀၁၉ |
| MT.GLORY STAR | MOGAS(92)RON | SINGAPORE | ၂၆. ၁. ၂၀၁၉ |
| MT.SK LINE-1 | P'Oil(In Bulk) | INDONESIA | ၂၆.၁ . ၂၀၁၉ |
| MT.KI RANA HASTA | Diesel | SINGAPORE | ၂၆. ၁. ၂၀၁၉ |
| MT.ARMONIA | P'Oil(In Bulk) | INDONESIA | ၂၇. ၁. ၂၀၁၉ |
| MT.OCEAN COD | MOGAS (92)RON | SINGAPORE | ၂၇ .၁. ၂၀၁၉ |
| MT.OCEAN MARLIN | MOGAS (92)RON | SINGAPORE | ၂၈. ၁. ၂၀၁၉ |
| MT.ORCA PACIFIC | Diesel | SINGAPORE | ၃၀. ၁. ၂၀၁၉ |
| MT.GLORY OCEAN | Diesel | SINGAPORE | ၃၁. ၁. ၂၀၁၉ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၁ . ၂ . ၂၀၁၉ |
| MT.PHUBAI PATTRA-2 | Diesel | SINGAPORE | ၄ . ၂ . ၂၀၁၉ |
| MT.VIET STAR | P'Oil(In Bulk) | INDONESIA | ၆ . ၂ . ၂၀၁၉ |

## ထိုင်းနိုင်ငံနဲ့တရုတ်နိုင်ငံသို့ လက်ဖက်ခြောက်ပိုမိုတင်ပို့

ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၀၆၈၅ သန်းတန်ဖိုးရှိ လက်ဖက်ခြောက် ၅၃ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၃၀ ကျော်နဲ့နှိုင်းယှဉ်ပါက ၂၃ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

အလားတူ မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၂၀၄၈ တန်ဖိုးရှိ လက်ဖက်ခြောက် ၄၄ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် တင်ပို့မှုမရှိခဲ့ပါဘူး။မြန်မာနိုင်ငံထွက် သဘာဝနည်းနဲ့စိုက်ပျိုးတဲ့ အော်ဂဲနစ်လက်ဖက်က ဈေးနှုန်းအနေဖြင့် အခြားနိုင်ငံမှထွက်ရှိတဲ့ လက်ဖက်ထက်ဈေး အနည်းငယ်ကြီးမြင့်ပေမယ့် အနောက်နိုင်ငံဈေးကွက်တွေက လက်ခံကြကြောင်း သိရပါတယ်။ **မော်မော်အောင်**

## ကြက်သွန်

# ကြက်သွန်နီလက်လီဈေးမြင့်သဖြင့် တောင်သူများအဓိကအားထားရောင်းနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ကြက်သွန်နီဈေးကွက်တွင် လက်လီဈေးမြင့်နေတာကြောင့် တောင်သူများအားထားရောင်းချနေကြောင်းသိရသည်။

လက်လီဈေးကွက်တွင် ကြက်သွန်နီမှာ တစ်ပိဿာကျပ် ၉၀၀၊ အလတ်စ တစ်ပိဿာကျပ် ၇၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ ကျေးရွာများတွင်ပွဲစားမှ ကြက်သွန်နီတစ်ပိဿာ ကျပ် ၅၅၀ သာဝယ်တဲ့အတွက် ဈေးပိုရပြီး မြို့ပေါ်ရှိ လက်လီဈေးကွက်သို့ လည်းကောင်း၊ မြို့မဈေး၊ ပုံကျဈေးသို့လည်းကောင်း တင်ပို့ရောင်းချနေရကြောင်း ဘုရဲကျွန်းရွာတောင်သူတစ်ဦးက ပြောသည်။လက်ရှိဈေးကွက်အခြေအနေအရ ကြက်သွန်နီကို အလှူပွဲများ၌ ငါးခြောက်ကြော်၊ သရက်ချဉ်သုပ်စသည့် ဟင်းများ၌အသုံးပြုကြသဖြင့် ကျောက်ပန်းတောင်းမြို့နယ် ရေနံချောင်းမြို့နယ်၊ ချောက်မြို့နယ်များသို့ အဓိကတင်ပို့နေရကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်၌ ကြက်သွန်နီကိုကိုင်းမြေများတွင်လည်းကောင်း၊ ပင်းချောင်းမြေနုတွင်လည်းကောင်း တွင်ကျယ်စွာ စိုက်ပျိုးကြကြောင်း သိရသည်။

**ရွှေဇင်(ရေနံချောင်း)**

# ပြည်ကြက်သွန်နီဈေးနှုန်းများ လက်လီရောလက်ကားပါ ကျဆင်း

ကြက်သွန်နီအဓိကစိုက်ပျိုးထွက်ရှိရာ ရေနံချောင်း၊ တောင်တွင်း၊ ပခုက္ကူ ဆိပ်ဖြူစတဲ့နယ်များတွင် ကြက်သွန်နီများ လှိုင်လှိုင်ထွက်ပေါ်နေသည့်အတွက် ပြည်ဈေးကွက်သို့ ယခုတစ်ပတ်တွင် တစ်ရက်ကို ပိဿာ ၃၀ ဝင်အိတ် ၃၀၀-၄၀၀ ခန့်နေ့စဉ်ဝင်ရောက်မှုရှိနေကြောင်း သိရပါတယ်။

နယ်စုံမှကြက်သွန်နီများ အထွက်စုံနေသဖြင့် ဈေးနှုန်းများမှာ အကျဈေးဖြင့် ဝင်ရောက်လာကြောင်းလည်း သိရပါတယ်။ ဝင်ရောက်မှုအနေနဲ့ ယခင်တစ်ပတ် အိတ် ၇၀၀-၈၀၀ခန့် နေ့စဉ်ဝင်ရောက်ခဲ့ပြီး အဝင်များပြားခဲ့ကာ ဈေးကွက်အတွင်း ပစ္စည်းလက်ကျန်များနေသဖြင့် ယခုတစ်ပတ်တွင်မှာယူမှု နည်းသွားသည့်အတွက် ဝင်ရောက်မှုနည်းသွားကြောင်းလည်း သိရပါတယ်။



အရောင်းအဝယ်အားဖြင့် ပွဲရုံများတွင် ပုံမှန်ဒေသတွင်းဝယ်လက်များ၊ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီ၊ ရခိုင်တို့သို့ တင်ပို့မှုအပါအဝင်တစ်ရက်ကို အိတ် ၂၅၀-၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

ဈေးနှုန်းအနေနဲ့ ယခုတစ်ပတ်တွင် ပွဲရုံလက်ကားဈေးတစ်ပိဿာကို (ကြီး) ကျပ် ၇၀၀-၈၀၀၊ (လတ်) ကျပ် ၆၀၀-၆၅၀-၇၀၀၊ (သေး) ကျပ် ၅၅၀-၆၀၀ တို့ဖြစ်ပြီး လက်လီဈေးအသေးများတွင် (ကြီး) ကျပ် ၁၀၀၀-၁၂၀၀၊ (လတ်) ကျပ် ၉၀၀-၁၀၀၀၊ (သေး) ကျပ် ၇၀၀-၈၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ် လက်ကားဈေးတစ်ပိဿာ(ကြီး) ကျပ် ၉၀၀-၁၀၀၀၊ (လတ်)ကျပ် ၈၀၀-၉၀၀၊ (သေး) ကျပ် ၆၀၀-၇၀၀ တို့ရှိပြီး လက်လီဈေး(ကြီး) ကျပ် ၁၃၀၀-၁၄၀၀၊ (လတ်) ၁၂၀၀-၁၃၀၀၊ (သေး) ကျပ် ၁၀၀၀-၁၁၀၀ နှုန်းရှိခဲ့တဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းတို့နှင့်နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် လက်လီရောလက်ကားဈေးပါ ကျပ် ၂၀၀-၂၅၀ ခန့်ကျဆင်းသွားကြောင်း သိရှိရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

# ယခင်နှစ်က ဗမာကြက်သွန်ဖြူဈေးကောင်းရသဖြင့် ယခုနှစ်စိုက်သူများလာ

ကျောက်ပန်းတောင်းမြို့နယ်နှင့်ရေနံချောင်းမြို့နယ်များမှ ပင်းချောင်းမြေနုတွင် ဗမာကြက်သွန်ဖြူအား ယခင်နှစ်ကထက် တောင်သူများစိုက်သူများလာကြောင်း အဆိုပါမြို့နယ်မှတောင်သူများထံမှသိရသည်။ ကျောက်ပန်းတောင်းမြို့နယ်စည်ပင်ကျေးရွာ၊ ငရုန်တောင်ရွာ၊ ကျွဲကူးရွာ၊ ရေဆုံးရွာအပါအဝင်ရွာဆယ်ရွာခန့် စိုက်ပျိုးကြသလို ရေနံချောင်းမြို့နယ်ရှိကျေးရွာများ၌ မီးဖိုချောင်သုံးအဖြစ်စိုက်ကြကြောင်းသိရသည်။ ကြက်သွန်ဖြူကိုနှစ်စဉ်ဇန်နဝါရီလတွင်စိုက်ပျိုးကြပြီး မတ်လထဲတွင် နုတ်သိမ်းကြကြောင်းသိရသည်။

"ကျွန်တော်တို့ကြက်သွန်ဖြူကိုလွှန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကစစိုက်ကြတာ ယခုအထိပါပဲ။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ကြက်သွန်ဖြူတစ်ပိဿာကျပ် ၇၀၀ ဈေးရခဲ့တယ်။ ၂၀၁၈ ခုနှစ်ကတော့ကြက်သွန်ဖြူ တစ်ပိဿာကျပ် ၁၂၀၀ ပဲရတဲ့အတွက် ၂၀၁၈ခုနှစ်ကဈေးမြင့်တယ်ဈေးကောင်းရတယ်။ ဒါကြောင့်တောင်သူအချို့ပိုစိုက်လာတာ"ဟု ရေဆုံးကျေးရွာအုပ်စုမှတောင်သူတစ်ဦးက ပြောသည်။

**ရွှေဇင်(ရေနံချောင်း)**

## နှမ်း

# တရုတ်နိုင်ငံသို့ နှမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၃၈ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၂၅၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းနက် ၁၂၇ တန်ခွဲနဲ့ နှမ်းဖြူ ၁၈ တန်ခွဲ၊ ချင်းရွှေဟော်မှ နှမ်းဖြူ ၄၇၁ တန်၊ နှမ်းနက် ၁၅၈၉ တန်ကျော်နဲ့ နှမ်းညို (အခွံချွတ်) တန် ၅၀ ကျော်ဖြစ်ပါတယ်။

ယခင်တစ်ပတ်က အဆိုပါစခန်းနှစ်ခုပေါင်းမှ ၄၂၃၈ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ၁၉၈၂ တန် လျော့နည်းခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ၁၂ ရက်မှ ၁၈ ရက်အတွင်း နှမ်းဖြူတစ်တန်လျှင် ၂၀၈၅၃၇၁ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ၂၁၉၆၅၃၂ ကျပ်ဈေးရှိပါတယ်။

အဆိုပါ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ၉၇၆၉၄ တန်ဖိုးရှိ နှမ်းညို ၃၃ တန်နဲ့ နှမ်းနက် ၂၈ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## နနွင်း

# ဒီတစ်ပတ်နနွင်းတန်ချိန် ၁၉၀ကျော်တင်ပို့

ဇန်နဝါရီလ ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း နနွင်း ၁၉၀ ဒသမ ၉၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယသို့ တန် ၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ ၄၆ တန်၊ အီဂျစ်နိုင်ငံသို့ ၅၆ တန်၊ ရီမန်နိုင်ငံသို့ ၈ ဒသမ ၉၉၅ တန်၊ မလေးရှားနိုင်ငံသို့ ၁၅တန်နဲ့ စင်ကာပူနိုင်ငံသို့ ၁၅တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်းတန်ချိန် ၈၀ ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံနဲ့ အီဂျစ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၈၈၄၈ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း

# ဒီတစ်ပတ် မန်ကျည်း ၅တန်သာတင်ပို့

ဇန်နဝါရီလ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၅တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ ရီမန် နိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်း ၇၅ တန်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၇၀ တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ၈၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ချင်း

# ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ၂၀၀၀၀ကျော်ဝင်ငွေရ

ဇန်နဝါရီလ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၂၀၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အင်ဒိုနီးရှားနိုင်ငံသို့ ၂၅ ဒသမ ၅ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၁၇၇ ဒသမ ၅တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ချင်းတန်ချိန် ၁၀၆၈ ဒသမ ၅ တန်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၃၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ချင်းတစ်တန်ပျမ်းမျှအမေရိကန်ဒေါ်လာ၂၀၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၈၈၁၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ငှက်ပျော/ဝါဂွမ်း

# ကန်ပိုက်တီမှ တစ်သျှူးငှက်ပျောပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၅၂ သန်းတန်ဖိုးရှိတစ်သျှူးငှက်ပျော ၁၇၃၇၅ တန်ကိုလည်းကောင်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၇ သန်းတန်ဖိုးရှိတစ်သျှူးငှက်ပျော ၁၃၀၄ တန်ကို လည်းကောင်း တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကန်ပိုက်တီမှ တန်ချိန် ၁၃၃၅၀ သာတင်ပို့ခဲ့လို့ ယခုတစ်ပတ် ၄၀၂၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ပြီး လွယ်ဂျယ်မှယခင် တစ်ပတ်က တစ်သျှူးငှက်ပျောတင်ပို့မှုမရှိခဲ့တာတွေ့ရပါတယ်။ မြန်မာနိုင်ငံတွင် တစ်သျှူးငှက်ပျောပင်များကို မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးမောက်၊ မံစီ၊ ဗန်းမော်နဲ့ ရွှေကူမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရပါတယ်။

**မော်မော်အောင်**

# မူဆယ်မှ ဝါဂွမ်းပိုမိုတင်ပို့

ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၁၇ သန်းတန်ဖိုးရှိ ငွေချည်-၆-ဝါ ၁၁၈၉ တန် ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၈၀၀ နဲ့နှိုင်းယှဉ်ပါက ၃၈၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံတွင် ဝါသီးနှံကို မန္တလေး၊ စစ်ကိုင်းနဲ့ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတို့တွင် အဓိကစိုက်ပျိုးကြောင်း၊ တရုတ်နိုင်ငံရဲ့ ဝါဝယ်လိုအားမြင့်တက်လာလို့ ဝါစိုက်ပျိုးထုတ်လုပ်မှုလည်း မြင့်တက်လာပြီး တောင်သူများဈေးကောင်းရလာကြောင်း သိရပါတယ်။

**မော်မော်အောင်**

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနပိုင် အဆောက်အဦ/အခန်း/သိုလှောင်ရုံ/မြေကွက်များအား အိတ်ဖွင့်တင်ဒါ ခေါ်ယူ

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါ အဆောက်အဦ(၄)ခု၊ နှစ်ခန်းတွဲသိုလှောင်ရုံ(၂)လုံး၊ (၁)ခန်း သိုလှောင်ရုံ (၁)လုံး၊ တမူးကုန်ချကွင်းရှိ သိုလှောင်ရုံ (၄)လုံး၊ မြေကွက်(၁)ကွက် နှင့် အခန်း(၅)ခန်းတို့အား (၅)နှစ် သက်တမ်း၊ (၁)နှစ်တစ်ကြိမ် စာချုပ်စနစ်၊ ငှားရမ်းတန်ဖိုး၏ (၁)လစာအား စပေါ်ငွေထားရှိ၍ ငှားရမ်းခနှင့် ကုန်သွယ် လုပ်ငန်းခွန် ၅% တို့အား (၁၂) လစာ ကြိုတင်ပေးသွင်းခြင်း၊ နှစ်စဉ်ငှားရမ်းခကို ၅% တိုးမြှင့်ခြင်းစနစ်ဖြင့် ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ကြေငြာအပ်ပါသည် -

(က) Lot (1) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)၊ အမှတ်(၉၀)ရှိ အဆောက်အဦ(၁)ခု။

Lot(2) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ် (၂၄၀)ရှိ သိုလှောင်ရုံ(A+B)(၂)ခန်းတွဲသိုလှောင်ရုံ (၁)လုံး။

Lot(3) ရန်ကုန်တိုင်းဒေသကြီး၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၂၄၀)ရှိ မြေကွက်(၁၀၀'x၈၀') (၁)ကွက်။

Lot (4) ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် (၂၇၄/ ၂၇၆)ရှိ အခန်း(၁)ခန်း။

Lot (5) ရန်ကုန်တိုင်းဒေသကြီး၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၂၄၀)ရှိ သိုလှောင်ရုံ(C+D)(၂)ခန်းတွဲသိုလှောင်ရုံ (၁)လုံး။

Lot (6) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ် (၂၄၀)ရှိ သိုလှောင်ရုံ (A) (၁)လုံး။

Lot (7) ရန်ကုန်တိုင်းဒေသကြီး၊ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)၊အမှတ်(၃၈)၊အခန်း (၂/၃)ရှိ အခန်း (၁)ခန်း။

Lot(8) ရန်ကုန်တိုင်းဒေသကြီး ၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)၊ အမှတ်(၃၈) ၊ အခန်း (၁၁ /၁၂) ရှိ အခန်း(၁)ခန်း။

Lot(9) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပန်းလှိုင်ရပ်၊ (၂၁)လမ်းရှိ အဆောက်အဦ (၁) လုံး ။

Lot (10) ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၆)လမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ အဆောက်အဦ(၁)လုံး။

Lot (11) မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ်(၁၀၂) ရှိ မြေညီထပ်အခန်း (၁)ခန်း။

Lot (12) မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ်(၉၈) ရှိ အခန်း(၁)ခန်း။

Lot (13) စစ်ကိုင်းတိုင်းဒေသကြီး ၊ တမူးမြို့ ၊ စော်ဘွားကုန်းရပ် ၊ တမူးကုန်ချကွင်း အတွင်းရှိ သိုလှောင်ရုံ (၄)လုံး။

Lot (14) မကွေးတိုင်းဒေသကြီး ၊ ပခုက္ကူမြို့၊ လွတ်လပ်ရေးလမ်းနှင့် ဆုတောင်းပြည့်လမ်းထောင့်ရှိ အဆောက်အဦ(၁)လုံး။

| | | | |
|---|---|---|---|
| (ခ) | တင်ဒါပုံစံရောင်းချမည့်နေ့ရက် | - | (၂၅ -၁ -၂၀၁၉ မှ ၂၆ - ၂ - ၂၀၁၉ ထိ) ( ရုံးချိန်အတွင်း ) |
| (ဂ) | တင်ဒါပိတ်မည့် နေ့ရက်/အချိန် | - | ၂၆ - ၂ - ၂၀၁၉ ရက်နေ့ ၊ (၁၅:၀၀)နာရီ |
| (ဃ) | တင်ဒါပုံစံရောင်းချမည့်နေရာ | - | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော် |
| (င) | တင်ဒါစည်းကမ်းချက် ရှင်းလင်းမည့်နေ့ရက်/အချိန် | - | ၂၇ - ၂ - ၂၀၁၉ ရက်နေ့၊ (၁၂:၀၀)နာရီ |
| (စ) | တင်ဒါတင်သွင်းဖွင့်ဖောက်မည့် နေ့ရက်/အချိန်/နေရာ | - | ၂၇ - ၂ - ၂၀၁၉ ရက်နေ့၊ (၁၃:၀၀)နာရီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော် |

၂။ တင်ဒါဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် ဝန်ကြီးဌာန၊ တင်ဒါကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါ ကုန်သွယ်ရေးဦးစီးဌာနမှ ငှားရမ်းမည့် အဆောက်အဦ/အခန်း/သိုလှောင်ရုံ/ မြေကွက်များ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ် အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ ၊ ဖုန်းအမှတ် (၀၆၇ - ၄၀၈၄၁၀) သို့ ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အသုံးပြုနိုင်သည့် ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း (Used Machine) များကို ၂၀၁၉ခုနှစ်အတွက် ဆက်လက်၍ အထူးကိစ္စရပ်အနေဖြင့် တင်သွင်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
အမိန့်ကြော်ငြာစာအမှတ်၊ ၆ / ၂၀၁၉
၁၃၈၀ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ ( ခ ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အသေးစား/အလတ်စားစက်မှု လုပ်ငန်းများအပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ငန်းတည်ထောင်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်သက်သာစေရန်အတွက် ၂၀၁၅ ခုနှစ်မှစ၍ နှစ်အလိုက် တင်သွင်းခွင့်ပြုခဲ့သော အသုံးပြုနိုင်သည့် ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း (Used Machine) များကို ၂၀၁၉ ခုနှစ်အတွက် ဆက်လက်၍ အထူးကိစ္စရပ်အနေဖြင့် တင်သွင်းခွင့်ပြု လိုက်သည်။

၃။ အသုံးပြုပြီးစက်ပစ္စည်းများ တင်သွင်းခြင်းကို ပင်လယ်ရေကြောင်းမှသာ ခွင့်ပြုမည် ဖြစ်ပြီး ပြည်တွင်းတွင် အသုံးမတည့်သောစက်ပစ္စည်းများ စုပုံနေခြင်း ပတ်ဝန်းကျင်ထိခိုက်စေခြင်း များ မဖြစ်ပေါ်စေရန်နှင့် လုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုစွမ်းရည်တိုးတက်စေရန်တို့အတွက် ရည်ရွယ်၍ အသုံးပြုပြီးသည့် ခုနှစ်(၁၀) နှစ်ထက် မပိုသော တိုက်ရိုက်အသုံးပြုနိုင်မည့် စက်ပစ္စည်း များကို အောက်ဖော်ပြပါ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရမည်ဖြစ်သည် -

(က) တင်သွင်းမည့်စက်ပစ္စည်းအား တင်သွင်းခွင့်လျှောက်ထားရာတွင် စက်ပစ္စည်း၏ စံချိန်စံညွှန်းအပြည့်အစုံကို အောက်ဖော်ပြပါအတိုင်း ဖော်ပြလျှောက်ထားရမည် -

(၁) Brand Name
(၂) Capacity
(၃) ထုတ်လုပ်သည့်ခုနှစ် ( Model Year )
(၄) ထုတ်လုပ်သည့်နိုင်ငံ ( Country of Origin )
(၅) စက်၏ သုံးစွဲသည့် စွမ်းအင်/လောင်စာ (လျှပ်စစ်၊ ရေနွေးငွေ့၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့သုံး)

(ခ) အသုံးပြုနိုင်သည့် စက်အရည်အသွေးသည် နည်းပညာ (၈၀%) ထက် မနည်းသော အရည်အသွေးရှိရမည်။

(ဂ) အသုံးပြုပြီးစက်ပစ္စည်းတင်သွင်းရန်အတွက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေး ရေးဦးစီးဌာန၏ ထောက်ခံချက်ပါရှိရမည်။

(ဃ) အသုံးပြုပြီးစက်ပစ္စည်း၏ ပြည်ပနိုင်ငံတွင် Running Condition နှင့် ပတ်သက်၍ ဆိပ်ကမ်းဆိုက်ရောက်သည့် ရက်မတိုင်မီ (၆) လအတွင်း စစ်ဆေး ထားသော Pre-shipment Inspection Certificate တင်ပြရမည်။

(င) စက်မှုဖွံ့ဖြိုးပြီးသည့်နိုင်ငံမှ ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်သောစက်ပစ္စည်း ဖြစ်ရမည်။

(စ) အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက် တွဲစာချုပ်၊စတော့ဟုမ်းကွန်ဗင်းရှင်း၊ ဘာဆယ်ကွန်ဗင်းရှင်းများအရ သတ်မှတ် ချက်များနှင့် ကိုက်ညီခြင်းရှိစေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန၏ ထောက်ခံချက်ပါရှိရမည်။

(ဆ) အမှန်တကယ် အသုံးပြုမည့် လုပ်ငန်းဖော်ပြချက်များဖြင့် တင်ပြလျှောက်ထား ရမည်။

၄။ အသုံးပြုသည့် ခုနှစ် (၁၀) နှစ်ထက် ကျော်လွန်နေသည့်တိုင် အရည်အသွေးမြင့် အသုံးပြုပြီး စက်ပစ္စည်းများဖြစ်ပါက ပြည်တွင်း အသေးစား/ အလတ်စား လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေမည့် စက်ပစ္စည်းများအား စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် အထူးကိစ္စတစ်ရပ်အနေဖြင့် တင်သွင်းခွင့်ပြုမည် ဖြစ်သည်။

၅။ တင်သွင်းလာသော အသုံးပြုပြီး စက်ပစ္စည်းများအား တင်သွင်းလိုင်စင်ပါ လျှောက် ထားချက်များနှင့် ကိုက်ညီမှု ရှိ/ မရှိ ကို လိုအပ်ပါက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီး ဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

၆။ အပိုဒ် ( ၅ ) ပါ စစ်ဆေးချက်အရ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီခြင်း မရှိကြောင်း စိစစ်တွေ့ရှိပါက သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၇။ အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များ တင်သွင်းခွင့်ပြုသည့် မူဝါဒ၊ လုပ်ထုံး လုပ်နည်းနှင့် သတ်မှတ်ချက်များကို နှစ်စဉ် ပြန်လည်သုံးသပ်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ဓာတ်ဆီ၊ဒီဇယ်တန်ချိန် ၁၀၀၀၀၀ကျော်တင်သွင်း

ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၉၅၅၀၂၆၀ တန်ဖိုးရှိ ဒီဇယ် ၆၁၈၃၈ ဒသမ ၄၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၉၃၈၉၁၆၀ တန်ဖိုးရှိဓာတ်ဆီ ၄၇၇၄၅ ဒသမ ၅၆ တန်၊ စုစုပေါင်း ၁၀၉၅၈၄ဒသမ ဝ၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၉၃၃၈၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၃၁၅၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၄၇၆၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၅၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်လျော့ပြီး ဓာတ်ဆီအဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၀၇ တန်ဖိုးရှိ **Re-export** ဒီဇယ် ၂၁၁၂ ဒသမ ၅၅ တန်တင်ပို့ခဲ့ပြီး တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၅၈၂၄၂တန်ဖိုးရှိဒီဇယ်၁၀၇ ဒသမ ၂၃ တန်နဲ့ အမေရိကန်ဒေါ်လာ ၅၅၇၀၃ တန်ဖိုးရှိ ဓာတ်ဆီ ၁၂၂ ဒသမ ၃၇တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၇၄၆၀၉၅၃ တန်ဖိုးရှိ ဒီဇယ်၁၅၁၆၈ ဒသမ ၈၂တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော၊ တန်ဖိုးပါပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၀၁ သန်းတန်ဖိုးရှိရေထွက်ကုန် ၂၆၁၂တန်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၁၇၇ တန်နဲ့နှိုင်းယှဉ်ပါက ၄၃၅ တန်ပိုမို ခဲ့ပြီး တန်ဖိုးအားဖြင့်လည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈၂ သန်းပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ငါးရှဉ့်၊ ငါးခြောက်၊ ငါးလေးခြောက်၊ ငါးမျိုးစုံ၊ ကင်းမွန်ခြောက်၊ ခရုအသားခြောက်၊ ငါးလိပ်ကျောက်အရေခွံခြောက်နဲ့ ပုစွန်ဖွဲ့တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့် တန်ချိန်ရော၊ တန်ဖိုးပါ ပိုမိုရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံဈေးအနေဖြင့် ကဏန်းတစ်တန်လျှင် ၆၄၅၈၃ ယွမ်၊ ငါးရှဉ့်တစ်တန်လျှင် ယွမ် ၄၀၀၀၀ ဈေးဖြင့် ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှုမရှိကြောင်း မူဆယ်ရေထွက်ကုန်ဒိုင်မှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## တရုတ်နိုင်ငံသို့ ပဲရဆေးကုန်ကြမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၅၉ သန်းတန်ဖိုးရှိပရဆေးကုန်ကြမ်းအမယ် ၂၀ မျိုးကို တန်ချိန် ၁၈၀၀ ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၅၃ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၃၄၇ တန်ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ နနွင်းခေါင်း၊ နနွင်းတက်၊ တောချင်း၊ ချင်းခြောက်၊ ဆီးသီးခြောက်၊ ဆီးဆန်၊ ဆီးဖတ်၊ ဆီးခွဲခြမ်း၊ နေလဲစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့၊ ကြံသကာ၊ ဝဥခြောက်၊ နာနတ်လျှော်၊ ရေနံ့စားပြောင်း၊ တောဂျုံးမြစ်၊ ကွမ်းသီးခွံနဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ/မပါ) တို့ဖြစ်ပါတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၅၂ သန်းတန်ဖိုး ရှိ ကွမ်းသီးခွံ ၁၀၈ တန်၊ ဝဥအစိုတန် ၁၅၀၊ တောချင်း ကိုးတန်တို့ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ အလားတူ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၄၆၈ တန်ဖိုးရှိတောင်လုံးကျော် ၃၀၀ ကီလိုဂရမ်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## Energy NYMEX 25-1-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 53.81 | 0.68 | 1.28 |
| Brent Crude Futr (USD/bbl) | 61.81 | 0.72 | 1.18 |
| Gasoline Rbob Fut (Cent/gal) | 140.12 | 1.36 | 0.98 |
| Natural Gas Futr (USD/MMBtu) | 3.21 | 0.11 | 3.48 |
| Heating Oil Futr (Cent/gal) | 190.26 | 1.70 | 0.90 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 21-January | 15.28 | 2554.44 | 1825.79 | 5914.21 | 799.00 |
| 22-January | 15.18 | 2552.45 | 1824.91 | 5918.62 | 790.00 |
| 23-January | 15.34 | 2604.25 | 1879.57 | 5945.51 | 788.00 |
| 24-January | 15.29 | 2588.82 | 1881.33 | 5912.23 | 793.00 |
| 25-January | 15.34 | 2626.51 | 1865.25 | 5932.95 | 802.00 |

## ပြည်တွင်းငွေလဲနှုန်း ပြန်ကျလာခဲ့တဲ့ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းပြန်လည်ကျဆင်းလာခဲ့ကြောင်း ပြည်တွင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ဇန်နဝါရီဒုတိယပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၈ကျပ်သတ်မှတ်ခဲ့ရာမှ ဇန်နဝါရီ တတိယပတ်တွင် ၁၅၃၂ကျပ်သို့ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်တွင် ရွှေဈေးမြင့်မားနေခြင်းနှင့် ကျပ်ငွေအားပျော့နေခြင်းတို့ကြောင့် ငွေလဲနှုန်းကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း အမေရိကန်အစိုးရယန္တရားတစ်စိတ်တစ်ဒေသ ယာယီရပ်တန့်ရခြင်း၊ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတက်ခြင်းကို ရပ်တန့်မည့်သတင်းများ ထွက်ပေါ်လာသလို ရွှေကျောထောက်နောက်ခံပြုအကြီးဆုံးလုပ်ငန်း SPDR ၏ ရွှေသိုလှောင်မှုမှာ ယမန်နှစ်ဇွန်လနောက်ပိုင်း အမြင့်ဆုံးဖြစ်လာခြင်းတို့မှာ နိုင်ငံတကာဈေးကွက်အတွင်း အမေရိကန်ဒေါ်လာဈေးအားပျော့မှုဖြစ်ပေါ်စေခဲ့ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇန်နဝါရီ ၂၁ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၃၄ကျပ်၊ ဝယ် ဈေး ၁၅၂၈ကျပ်မှ ဇန်နဝါရီ၂၃ရက်တွင် ရောင်းဈေး ၁၅၂၈ကျပ်၊ဝယ်ဈေး ၁၅၂၂ ကျပ်သို့ကျဆင်းခဲ့ပြီး ဇန်နဝါရီ ၂၅ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၅၂၈ကျပ်၊ဝယ်ဈေး ၁၅၂၃ ကျပ်ဖြင့်ရောင်းဝယ်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## အမြင့်ဈေးဖြင့် အတက်အကျနည်းခဲ့သော ပြည်တွင်းရွှေ

ပြည်တွင်းရွှေဈေးနှုန်းသည် ဇန်နဝါရီတတိယပတ်အတွင်း ကျပ်ဆယ်သိန်းငါးသောင်းကျော်ဖြင့်သာ အရောင်းအဝယ်ရှိခဲ့ပြီး ဈေးငြိမ်နေခဲ့ကြောင်း သတင်းရရှိသည်။ ဇန်နဝါရီဒုတိယပတ်တွင် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၄၀၀၀ရှိခဲ့ရာမှ ဇန်နဝါရီတတိယပတ်တွင် ကျပ်၁၀၅၃၀၀၀ သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိ ရသည်။

“ပြည်တွင်းရွှေဈေးက ပွင့်လင်းရာသီလည်းဖြစ်လို့ အတက်ဈေးရောက်နေတာ။ ကမ္ဘာ့ရွှေဈေးကလည်းငြိမ်နေပေမယ့် ဒေါ်လာဈေးက ပြည်တွင်းရွှေဈေးကို ထောက်ပံ့ပေးနေလို့ ပြည်တွင်းရွှေက မာမာတင်းတင်းဆက်ရှိနေတယ်။ ပြင်ပ ဈေးကွက်မှာ တရုတ်ယွမ်အားပျော့ပြီး ယွမ်နဲ့ယှဉ်ရင်ကို ကျပ်ငွေက ဆက်အားပျော့တာမျိုးရှိနေလို့ ရွှေဈေးကအမြင့် မှာပဲရှိနေအုံးမယ်။ ကုန်သွယ်ရေးဆွေးနွေးပွဲ တန့်နေတာ တွေ၊ အာရှစတော့ ဈေးသိသိသာသာမကျသေးတာကတော့ ကမ္ဘာ့ရွှေအတက်ကို ထိန်းပေးတာမျိုးရှိတယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇန်နဝါရီ ၂၁ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၅၀၀၀ရှိခဲ့ရာမှ ဇန်နဝါရီ ၂၃ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၄၀၀၀သို့ ကျခဲ့သလို ဇန်နဝါရီ ၂၅ရက်တွင် ကျပ် ၁၀၅၃၀၀၀ ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဇန်နဝါရီ ၂၁ရက်က ရွှေတစ်အောင်စလျှင် ၁၂၇၈အမေရိကန်ဒေါ်လာရှိခဲ့ရာ မှ ဇန်နဝါရီ ၂၃ရက်တွင် တစ်အောင်စ လျှင် ၁၂၈၅အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး ဇန်နဝါရီ၂၅ရက် ဈေးကွက်ပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင်၁၂၈၅ အမေရိကန်ဒေါ်လာဖြင့်သာ ဈေးပိတ်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## YSXစာရင်းဝင်ကုမ္ပဏီများ၏ ဘဏ္ဍာရေး အချက်အလက်များ လေ့လာနိုင်

ရင်းနှီးမြှုပ်နှံသူများ၊ အစုရှယ်ယာဈေးကွက်လေ့လာနေသူများ၊ သုတေသနပြုသူများ၊ တက္ကသိုလ်ကျောင်းသား/ ကျောင်းသူများနှင့် အများပြည်သူတို့အနေဖြင့် YSX စာရင်းဝင်ကုမ္ပဏီတစ်ခုချင်းစီ၏ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို ပိုမိုသိရှိနားလည်နိုင်စေရေးအတွက် ၂၀၁၇-၂၀၁၈ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် ကော်ပိုရိတ်လုပ်ဆောင်မှုများနှင့် အဓိကကျသောဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို ရန်ကုန်စတော့အိပ်ချိန်း (YSX)က ထုတ်ပြန် ကြေညာခဲ့ကြောင်း သိရသည်။

စာရင်းဝင်ကုမ္ပဏီတစ်ခုချင်း၏ ဘဏ္ဍာရေးဆိုင်ရာကိန်းဂဏန်းများကို ပိုမိုသိရှိနိုင်ရန် https://ysx-mm.com/listing/financial information တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အများပြည်သူအတွက် အသုံးဝင်၍ အကျိုးကျေးဇူး တစ်စုံတစ်ရာရရှိမည်ဟုမျှော်လင့်ကြောင်း ရန်ကုန်စတော့အိပ်ချိန်းက ဆိုသည်။

ထို့ပြင် ယခုထုတ်ပြန်ထားသော ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များသည် ကုမ္ပဏီများ၏လုပ်ငန်းလုပ်ဆောင်မှုနယ်ပယ်၊ ကုမ္ပဏီအရွယ်အစား မတူညီမှု၊ လုပ်ငန်းသဘောသဘာဝမတူညီမှု တို့ကြောင့်ကွဲပြားခြားနားနိုင်သည်ကို သတိပြုစေလိုကြောင်း၊ ပိုမိုသိရှိလိုပါက ရန်ကုန်စတော့အိတ်ချိန်း၏ Listing Consulting Division၊ ဖုန်း (+၉၅)-၉-၄၀၄၀၆၀၄၃၂သို့ ဆက်သွယ်မေး မြန်းနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

January 25, 2019
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.40 |
| BDT Bangladesh Taka | 84.05 |
| CAD Canada Dollars | 1.33 |
| CNY China Yuan Renminbi | 6.76 |
| EUR Euro | 0.88 |
| H KDHong Kong Dollars | 7.84 |
| I NR India Rupees | 71.11 |
| I DR Indonesia Rupiahs | 14146.22 |
| JPY Japan Yen | 109.78 |
| MYR Malaysia | 4.13 |
| PKR Pakistan Rupees | 139.77 |
| PHP Philippines Pesos | 52.72 |
| RUB Russia Rubles | 65.74 |
| SGD Singapore Dollars | 1.36 |
| KRWSouth Korea Won | 1122.72 |
| LKR Sri Lanka Rupe | 181.66 |
| THB Thailand Baht | 31.69 |
| GBP United Kingdom Pounds | 0.76 |
| VND VietnamDon | 23212.85 |

*Source:xe.com*

## World Gold Price

January- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 21 | 1287 | 1285 | 1285 |
| 22 | 1280 | 1280 | 1280 |
| 23 | 1287 | 1286 | 1286 |
| 24 | 1284 | 1283 | 1282 |
| 25 | 1285 | 1283 | 1284 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 21-1- 2019 | 1051.50 | 1052.00 |
| 22-1- 2019 | 1055.00 | 1055.00 |
| 23-1- 2019 | 1054.50 | 1054.00 |
| 24-1- 2019 | 1053.00 | 1053.00 |
| 25-1- 2019 | 1052.50 | 1052.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 21 | 6.79 | 31.75 | 83.87 | 71.28 |
| 22 | 6.80 | 31.85 | 83.91 | 71.38 |
| 23 | 6.79 | 31.76 | 83.92 | 71.28 |
| 24 | 6.78 | 31.74 | 83.71 | 71.26 |
| 25 | 6.77 | 31.68 | 84.05 | 71.11 |

## ဘိလပ်မြေ

### ယခင်သီတင်းပတ်ထက် ဘိလပ်မြေတန်ချိန် ၂၆၀ကျော်အဝင်ပို

ဇန်နဝါရီလ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၄၀၃၃ တန်ဖိုးရှိ ဘိလပ်မြေ ၉၃၄ ဒသမ ၄၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၆၅၀ ဒသမ ၂၀ တန်၊ မလေးရှားနိုင်ငံမှ ၁၄ ဒသမ ၂၈ တန်နဲ့ အီရန်နိုင်ငံမှ တန်ချိန် ၂၇၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေ ၆၇၃ တန် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၆၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဇန်နဝါရီလ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ၉၂၅၀ တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၁၀၉၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၇၃၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ ဘိလပ်မြေ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။

### ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ယခင်သီတင်းပတ်က အရောင်းသွက်ပေမယ့် ဒီတစ်ပတ်မှာတော့ ပုံမှန်လောက်သာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ကြံ့နှစ်ကောင်ဘိလပ်မြေက အဝယ်ပိုလိုက်တယ်လို့ သိရပါတယ်။ဒီတစ်ပတ် ကြံ့နှစ်ကောင်(နီ)က ကျပ် ၂၀၀ ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင် ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၀၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်)ကျပ် ၄၇၅၀၊ ကြံ့နှစ်ကောင် (အနီ) ကျပ်၄၇၀၀၊ ကြံ့နှစ်ကောင်(အစိမ်း) ကျပ် ၄၄၀၀၊ စိန်(ထိုင်း) ကျပ်၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ရာသီဥတုသာယာသလိုအရောင်းအဝယ်လည်းကောင်းတယ်လို့သိရပါတယ်။ ဒီတစ်ပတ် အေသုံးလုံးဘိလပ်မြေက ကျပ်၁၀၀၊ အယ်လ်ဖာဘိလပ်မြေက ကျပ် ၂၀၀ ဈေးမြင့်ကာ ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၅၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၉၀၀၊ အယ်လ်ဖာ ကျပ် ၄၆၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်က အကောင်းကြီးမဟုတ်ပေမယ့် ပုံမှန်လေးတော့ရှိတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ ဒီတစ်ပတ်မှာတော့ ဘိလပ်မြေဈေးတွေငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ်၄၉၀၀၊ ကြံ့ကျပ် ၄၈၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ်၄၈၀၀၊ ဘလူးဒိုင်းမွန်းကျပ်၄၃၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ရာသီဥတု သာယာတာကြောင့် အရောင်း အဝယ်က သွက်တယ်။ ဒါပေမဲ့ ဈေးနှုန်းတွေတော့ငြိမ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှတာဝန်ရှိသူတစ်ဦးကပြောပါတယ်။ဒီတစ်ပတ် ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ်၄၀၀၀၊ကမ္ဘောဇ ကျပ် ၃၉၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ်၆၄၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ယခုတစ်ပတ် မြေဩဇာတန်ချိန် ၁၀၀၀၀ ကျော်တင်သွင်း

ဇန်နဝါရီလ ၁၃ ရက်မှ ၁၉ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၉၅၁၆၃၃ တန်ဖိုးရှိမြေဩဇာ ၁၀၀၂၇ ဒသမ ၈၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ၃၇၀၄ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၂၀၀၀၊ ကိုရီးယားနိုင်ငံမှ ၃၀၃၅ ဒသမ ၆၇ တန်၊ နော်ဝေနိုင်ငံမှ ၄၄၅ ဒသမ ၂၅ တန်၊ ပိုလန်နိုင်ငံမှ ၁၇၀ ဒသမ ၂၅ တန်နဲ့ ထိုင်းနိုင်ငံမှ ၆၇၂ ဒသမ ၇၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ အမိုနီးယားကလိုရိုဒ်၊ ယူရီးယား၊ ကွန်ပေါင်း(၁၅း၁၅း၁၅)တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မြေဩဇာ တန်ချိန် ၁၁၂၇၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၂၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအေး

ဇန်နဝါရီလ ၁၂ ရက်မှ ၁၈ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၂၁၇၃၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၂၄၆၆၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၂၉၂၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်မှာ အရောင်းပုံမှန်ရှိပြီး တောင်ကြီးနဲ့ မကွေးမှာအရောင်းပါးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုလဲ(ရွှေတောင်)က ကျပ် ၂၀၀၀၊ ကွန်ပေါင်း(ရွှေကောမတ်)က ကျပ် ၁၀၀၀၊ တီစူပါ ၄၆%(သံကွင်း)က ကျပ် ၁၀၀၀ ဈေးမြင့်ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၃၃၀၀၀၊ ပုလဲ-အကြီး(ထိုင်း) (မြင်းပျံ)ကျပ် ၃၂၀၀၀၊ပုလဲ-အကြီး(မြန်မာ-အမ်ပီအီး)ကျပ် ၂၈၅၀၀၊ ကွန်ပေါင်း (ရွှေကောမတ်) (မြန်မာ့ဩဘာ) ကျပ် ၄၀၀၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၅၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်)ကျပ် ၂၆၀၀၀၊ ပိုတက်(မြန်မာဩဘာ)ကျပ်၃၅၀၀၀၊ ပိုတက်(အာမို)ကျပ် ၃၁၅၀၀၊ တီစူပါ ၁၆% (မြွားကမ္ဘာ-တရုတ်)ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ယူရီးယားပုလဲမြေဩဇာတစ်မျိုးသာ အရောင်းလိုက်ပြီး ကျန်မြေဩဇာများက အရောင်းပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)က ကျပ် ၇၀၀ ဈေးမြင့်ပြီး ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)က ကျပ် ၅၀၀၊ တီစူပါ၁၀း၁၀း၅ က ကျပ် ၇၀၀ နဲ့ မြွားကမ္ဘာကကျပ် ၁၀၀ ဈေးကျခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၂၈၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၈၇၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၅၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၉၅၀၀၊ မြွားကမ္ဘာကျပ် ၁၈၆၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းပါးသလို ဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၇၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၈၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၈၈၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၈၈၀၀၊ ဇာမနီကျပ် ၁၉၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ကျပ်၁၉၃၀၀၊ မြွားကမ္ဘာ(၁၅း၇း၈) ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၈၈၀၀ ၊ တက်တိုး ကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်ပို

ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၉၃၅၀ တန်ဖိုးရှိ နို့ဆီ ၃၄၂ ဒသမ ၉၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈ တန်နဲ့ မလေးရှားနိုင်ငံမှ ၁၂၄ဒသမ ၀၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာ အိုကေနဲ့ Hawk တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန်၃၁၀ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၃၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

အမေရိကန်ဒေါ်လာ ၇၁၇၅၉၅ တန်ဖိုးရှိ နို့မှုန့် ၃၀၂ဒသမ ၉၈၅တန်လည်း တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှ ၁၇၇ ဒသမ ၉၇၅ တန်၊ အိန္ဒိယနိုင်ငံမှ ၁၂၅ တန်နဲ့ ဩစတြေးလျနိုင်ငံမှ သုည ဒသမ ၀၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က နို့မှုန့်တန်ချိန် ၁၂၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၈၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ် နို့ဆီရောနို့မှုန့်ပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁ မှ ၁၈/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၁ မှ ၁၁/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁.၂၅ | ၄၁.၀၀ | (-) | ၃၉.၇၅ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၆၂၀၀.၀၀ | ၉၁၀၀.၀၀ | (-) | ၂၉၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀.၀၀ | ၅၀.၀၀ | | - |
| ၈။ | မြိတ် | ၃၀၀၀.၀၀ | ၁၈၀၀.၀၀ | (+) | ၁၂၀၀.၀၀ |
| | စုစုပေါင်း | ၉၂၅၁.၂၅ | ၁၀၉၉၁.၀၀ | (-) | ၁၇၃၉.၇၅ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁ မှ ၁၈/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၁ မှ ၁၁/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၂၈၅.၈၅ | ၁၂၅၃၈.၁၃ | (-) | ၅၂၅၂.၂၈ |
| ၂။ | လွယ်ဂျယ် | ၁၅၄.၀၀ | ၁၆၃.၀၀ | (-) | ၉.၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၅၃၅.၅၀ | ၄၀၆၂.၅၀ | (-) | ၅၂၇.၀၀ |
| ၄။ | ကန်ပိုက်တီ | ၉၁၇.၀၀ | ၄၁၇. ၀၀ | (+) | ၅၀၀.၀၀ |
| ၅။ | မြဝတီ | ၄၆၂၀.၈၄ | ၂၉၀၉.၇၅ | (+) | ၁၇၁၁.၀၉ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၅၁၇၅.၀၀ | ၄၅၇၅.၀၀ | (+) | ၆၀၀.၀၀ |
| ၉။ | တမူး | ၅၀.၀၀ | - | (+) | ၅၀.၀၀ |
| | စုစုပေါင်း | ၂၁၇၃၈.၁၉ | ၂၄၆၆၅.၃၈ | (-) | ၂၉၂၇.၁၉ |

ခင်မိုးသူ

# ယူကရိန်းနိုင်ငံမှ ပေးအပ်သော ဓာတ်ခွဲခန်းများဆိုင်ရာ တိကျသေချာမှု အသိအမှတ်ပြုလက်မှတ်အား စီးပွား/ကူးသန်းရှိCTQMဓာတ်ခွဲခန်းမှရရှိ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ် စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာန (CTQM)ရှိ ပိုးသတ်ဆေးကြွင်းဓာတ်ခွဲခန်းသည် ယူကရိန်း နိုင်ငံရှိ(Ukraine Metrology Service)မှကြီးမှူးကျင်းပသော စားသောက်ကုန်နှင့် တိရစ္ဆာန်အစားအစာများမှာ ပါဝင်နေသည့် အော်ဂယ်နိုဖော့စဖောရပ်အုပ်စုဝင် ပိုးသတ်ဆေးကြွင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု (Proficiency Testing (PT) on Organo Phosphorus Pesticide in Feeding Stuffs and Food Products of Plant Origin) ကိုနိုင်ငံတကာဓာတ်ခွဲခန်းများနှင့်အတူ ၂၀၁၈ခုနှစ်နိုဝင်ဘာလက ဝင်ရောက်ယှဉ်ပြိုင် စမ်းသပ်ခဲ့ပါသည်။

အဆိုပါ PT တွင် ယူကရိန်းနိုင်ငံမှပေးပို့သော နမူနာပစ္စည်းကို နိုင်ငံအသီးသီးမှ ဓာတ်ခွဲခန်းများမှပိုးသတ်ဆေးကြွင်းပါဝင်မှုပမာဏစမ်းသပ်စစ်ဆေးပေးရခြင်းဖြစ်ပြီး တိကျမှန်ကန်သောအဖြေကို ပြန်လည်ပို့ပေးရခြင်းဖြစ်ပါသည်။ ယူကရိန်း Metrology Service မှ စစ်ဆေးချက် မှန်ကန်သောဓာတ်ခွဲခန်းများကို တိကျသေချာမှုအသိအမှတ်ပြုလက်မှတ်ထုတ်ပေးခဲ့ရာ CTQM ရှိ ပိုးသတ်ဆေးကြွင်းဓာတ်ခွဲခန်းမှ မြန်မာနိုင်ငံကိုယ်စားပြု ဓာတ်ခွဲခန်းတစ်ခုအနေဖြင့်ရရှိခဲ့ခြင်းဖြစ်ပါသည်။

CTQM ဓာတ်ခွဲခန်းများတွင်အဓိကအားဖြင့်ပင်လယ်ရေကြောင်းမှတင်ပို့သောပို့ကုန်သီးနှံများကိုအဓိကစမ်းသပ်စစ်ဆေးပေးလျက်ရှိပါသည်။ ပင်လယ်ရေကြောင်းမှတင်ပို့ရာတွင်ဝယ်ယူသည့်နိုင်ငံဘက်မှ ပိုးသတ်ဆေးကြွင်းပါဝင်မှုပမာဏ၊ အာဖလာတော့ဆင် ပါဝင်မှုပမာဏ စသည့်ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်ရလဒ်များကို တောင်းဆိုပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး (Trade Facilitation) ကိုရှေးရှုသည့်အတွက် CTQM မှ အဆိုပါလိုအပ်ချက် အပေါ် တာဝန်ယူစမ်းသပ်စစ်ဆေးပေးခြင်းဖြစ်ပါသည်။ စင်စစ်တွင် စမ်းသပ်စစ်ဆေးပေးသော ဓာတ်ခွဲခန်းများအနေဖြင့် ISO 17025 နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိရန် လိုအပ်ပါသည်။ ယခုအခါတွင် CTQM ရှိပိုးသတ်ဆေး ကြွင်းဓာတ်ခွဲခန်းကို ISO 17025 ရရှိရန် ဆောင်ရွက်လျက်ရှိပြီး ၇၅ရာခိုင်နှုန်းခန့်ပြီးစီးလျက်ရှိပါသည်။ ISO လက်မှတ်မရရှိသေးသော်လည်း PT Certificate ရရှိထားပါက အချို့သောနိုင်ငံများမှအတိုင်းအတာတစ်ခုထိ လက်ခံမှုရှိပါသည်။ ဓာတ်ခွဲခန်းများအနေဖြင့် ISO/IEC 17025 အသိအမှတ်ပြုလက်မှတ် ရရှိရန်အတွက် (PT Test)အနည်းဆုံး ငါးကြိမ်ခန့် အောင်မြင်ရန်လိုအပ်ပြီး (PT Test) များသည် သက်ဆိုင်ရာ ကြီးကြပ်စစ်ဆေးပေးသော နိုင်ငံနှင့် စမ်းသပ်မှုအမျိုးအစားကိုလိုက်၍ ငွေကြေးကုန်ကျမှုရှိပါသည်။

ထူးခြားချက်အနေဖြင့် ယခုအကြိမ် (PT Test)သည် ဒုတိယအဆင့်ဖြစ်ပြီး ပထမအကြိမ် ဝင်ရောက်ဖြေဆိုစမ်းသပ်သော ဓာတ်ခွဲခန်းများအနက်မှ ဒုတိယအဆင့်ထပ်မံဝင်ရောက်ရန် ရွေးချယ်ခံရခြင်းဖြစ်ကြောင်းသိရှိရပါသည်။ ယခုအခါ CTQM တွင် PT Test အောင်မြင်ဖူးသော ဓာတ်ခွဲခန်းစုစုပေါင်း ၃ခုအထိ ရှိသွားပြီဖြစ်ပြီး အရေအတွက်အားဖြင့် ၄ကြိမ်အောင်မြင်ထားပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဓာတ်ခွဲခန်း တစ်ခုအနေဖြင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်မှုအပေါ် ဂုဏ်ယူစရာဖြစ်ပြီး ပို့ကုန်များ အဆင်ပြေလွယ်ကူချောမွေ့စွာ တင်ပို့နိုင်ရေးအတွက်လည်း အထောက်အပံ့ကောင်းတစ်ခုဖြစ်ပါသည်။

**မောင်မောင် (CTQM)**

# မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ အင်းစိန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲများနှင့် ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှဝန်ထမ်းများသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်တွင် အင်းစိန်မြို့နယ်အတွင်းရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းများသို့ ထုတ်ကုန်လုံခြုံစိတ်ချရမှု ဆိုင်ရာ အသိပညာပေးဟောပြောပွဲများနှင့် ကျောင်းမုန့်ဈေးတန်းရောင်းချမှုများအား ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ရှေးဦးစွာ အင်းစိန်မြို့နယ်အတွင်းရှိ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ကိုယ်စားဆရာဦးခင်ကျော်က အဖွင့်အမှာစကားပြောကြားပြီးနောက် မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံး မှ ဒုတိယဦးစီးမှူး၊ ဒေါ်နီလာသန်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါပြဋ္ဌာန်းချက်၊ စားသုံးသူ၏အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏လုပ်ငန်းတာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးရှိ (CICC)သို့ တိုင်ကြားလာသည့် ကုန်စည်/ဝန်ဆောင်မှုများအပေါ် မကျေနပ်မှုများကို ဖြေရှင်းဆောင်ရွက်ခဲ့မှုများ၊ ကျန်းမာသန့်ရှင်းသော ဘေးအန္တရာယ်ကင်းသည့် ထုတ်ကုန်များကို ရွေးချယ်ဝယ်ယူသုံးစွဲရန်၊ အမှတ်တံဆိပ်နှင့် ကိုက်ညီမှုမရှိသည့် ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲခြင်းမပြုရန်၊ ကုန်စည်/ဝန်ဆောင်မှုများကို ရွေးချယ်ဝယ်ယူသုံးစွဲနိုင်သည့် အလေ့အကျင့်ကောင်းများရှိစေရန်နှင့် မကျေနပ်မှုများရှိပါက တာဝန်ရှိသူများကို အသိပေးပြောကြားနိုင်သည့်အလေ့အကျင့်ကောင်းများရှိရန် လိုအပ်ပါကြောင်း၊ အများပြည်သူသိရှိရန်အတွက် စားသုံးရန်/သုံးစွဲရန်မသင့်သော ကုန်ပစ္စည်းများကို ဝန်ကြီးဌာနများက နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာပေးနေကြောင်းတို့ကို အကျယ်တဝင့် ဟောပြောခဲ့ပါသည်။

အင်းစိန်မြို့နယ်၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင်လည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ပိက အဖွင့်အမှာစကားပြောကြားပြီး မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ အကြီးတန်း စာရေး၊ ဒေါ်နီလာဦးက ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ပါသည်။ အသိပညာပေး ဟောပြောပွဲများအပြီးတွင် စားသုံးရန်မသင့်သော အသိပညာပေး Vinyl ကို ကျောင်းအုပ်ဆရာကြီး/ဆရာမကြီးများထံ လှူဒါန်းကာ တာဝန်ခံ ဆရာ/ဆရာမများနှင့်အတူ ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဟောပြောပွဲသို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာဆရာမ၊ ကျောင်းသား/ ကျောင်းသူနှင့် ကျောင်းမုန့်ဈေးရောင်းချသူ စုစုပေါင်း ၂၁၁ ဦး၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ/ဆရာမ၊ ကျောင်းသား/သူနှင့် ကျောင်းမုန့်ဈေးရောင်းချသူ စုစုပေါင်း ၄၄၃ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများကို “စားသုံးသူပြည်သူများ အန္တရာယ်ကင်းစေဖို့ ပူးပေါင်း ဆောင်ရွက်ကြပါစို့” စာတမ်းပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။

**ခိုင်ရွှေ (ရန်ကုန်)**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၅-၁-၂၀၁၉)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၆၅၀၀ | ၆၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၃၀၀ | ၆၃၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၉၀၀ | ၂၀၀၀ | △ |
| မုံရွာ | ၅၅၀၀ | ၅၅၀၀ | □ | ၅၅၀၀ | ၆၀၀၀ | △ | ၁၈၀၀ | ၁၈၅၀ | △ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၅-၁-၂၀၁၉ **US$/Ton**

| အမျိုးအစား | ဇန်နဝါရီဒုတိယပတ် | ဇန်နဝါရီတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၅၂၄.၅၀ | ၅၁၉.၅၀ | ▽ |
| **RBD P.Olein** | ၅၂၅.၀၀ | ၅၃၀.၀၀ | △ |
| **RBD P.Stearin** | ၅၂၅.၅၀ | ၅၃၃.၅၀ | △ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၅-၁-၂၀၁၉ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8°CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၇၆.၉၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၃၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၉၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၄.၈၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၃.၇၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၂၇.၈၄ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၅-၁-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 °C Max 590 ဒေါ်လာနှင့် USD ဈေး ၁၅၃၂ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၅-၁-၂၀၁၉နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၃၂ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# တရုတ်နိုင်ငံက ကုန်ပစ္စည်းအမျိုးအစား(၇၀၀)အပေါ် သွင်းကုန်ခွန်ကောက်ခံမှု လျှော့ချပေးခဲ့

[သန်းသန်းနိုင်]

တရုတ်နိုင်ငံအနေဖြင့် ၎င်းတို့၏ စီးပွားရေးကဏ္ဍအား ပိုမိုချဲ့ထွင်ရန်နှင့် ပြည်သူများမှ ကုန်ပစ္စည်းများအားသက်သာစွာ ဝယ်ယူနိုင်ရန်အတွက် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ တရုတ် နိုင်ငံသို့ တင်သွင်းသည့် ကုန်ပစ္စည်းအမျိုးအစားပေါင်း ၇၀၀ အပေါ်တွင် သွင်းကုန်ခွန်လျှော့ချ ကောက်ခံသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ ပြည်တွင်းသို့ တင်သွင်းလာသည့် ကုန်စည်တချို့အား သွင်းကုန်ခွန် သုည ရာခိုင်နှုန်းအထိ ယာယီလျှော့ချသတ်မှတ်မည်ဖြစ်ပြီး အချို့ပြည်တွင်း ကုန်စည်များအပေါ်တွင်လည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

ဒါ့အပြင်ယခုကဲ့သို့ သွင်းကုန်ခွန်ယာယီ လျှော့ချမှုနှုန်းထားများမှာ ပြောင်းလဲနိုင်ချေရှိသကဲ့သို့ လက်ရှိ Most Favored Nation (MFN) နှုန်းထက်ပင် လျှော့နည်းနိုင်ကြောင်း၊ ထိုသို့ သွင်းကုန်ခွန်လျှော့ချသတ်မှတ်မှုနှုန်းထားများမှာ အခြားကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအတွက် အကျိုးရှိသကဲ့သို့ အမေရိကန်နိုင်ငံ၏ ပို့ကုန်ကဏ္ဍအတွက်လည်း အကျိုးကျေးဇူးများ ဖြစ်ထွန်းနိုင်ကြောင်း၊ သို့ရာတွင် အမေရိကန်-တရုတ်ကုန်သွယ်ရေးတင်းမာမှုကြောင့် ကုန်ပစ္စည်းတချို့အပေါ် သွင်းကုန်ခွန်တန်ပြန်တိုးမြှင့်ကောက်ခံခြင်းမှာ ဆက်လက်ရှိနေမှာဖြစ်ပြီး နှစ်နိုင်ငံအနေဖြင့် သဘောတူညီမှုတစ်ရပ်ချမှတ်နိုင်မှသာလျှင် ပြေလည်နိုင်မည်ဖြစ်ကြောင်း သိရပါတယ်။

တရုတ်နိုင်ငံမှ သွင်းကုန်ခွန် လျှော့ချကောက်ခံသွားမည့် ကုန်စည် ၇၀၀ အပေါ် လေ့လာတွေ့ရှိမှုအရ စားသောက်ကုန်လုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ၊ သဘာဝတွင်းထွက်ကျောက်များ (သလင်းကျောက်၊ မြေစေးဖြူ၊ ရွှံ့စေး၊ ဂရင်းနိုက်စသည့်) စက်သုံးဆီများ၊ ဓာတုပစ္စည်းများ ၊ ဓာတ်မြေသြဇာများ၊ ကျောက်မျက်ရတနာအချို့၊ သံနှင့်သံမဏိပစ္စည်းများ၊ ကြေးနီ(သန့်စင်ပြီးအပါ) တို့အား လက်ရှိကောက်ခံနေသည့် MFN နှုန်းမှ (၁-၀)ရာခိုင်နှုန်းထိ လျှော့ချကောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

ဒါ့အပြင် ရေခဲငါးများ၊ ငါးအသားလွှာများ ၊ ပုစွန်/ကဏန်းအရှင်နှင့် အေးခဲအသားများ၊ စားသောက်ကုန်ပစ္စည်းများ၊ အဖျော်ယမကာများ၊ တိရစ္ဆာန်အဆီများနှင့် ဟင်းသီးဟင်းရွက်အဆီများ၊ ဓာတုပစ္စည်းများ၊ အိမ်သုံး/လူသုံးကုန်ပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ၊ ရော်ဘာနှင့် ရော်ဘာပစ္စည်းများ၊ ချည်နှင့်ချည်မျှင်များ၊ အဝတ်အထည်များ၊ လျှပ်စစ်ပစ္စည်းများ၊ pump များ ၊ ယာဉ်နှင့် ယာဉ်အပိုပစ္စည်းများစသည်တို့တွင် လက်ရှိကောက်ခံရသည့် MFN နှုန်းများထက် (၅၀-၃၀) ရာခိုင်နှုန်းခန့်ထိ လျှော့ချကောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

တရုတ်နိုင်ငံအနေဖြင့် သတင်းအချက်အလက်နဲ့ နည်းပညာဆိုင်ရာ အထောက်အကူပြုပစ္စည်းအချို့အပေါ်မှာလည်း ပထမ(၆)လပတ် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ကောက်ခံမည့် သွင်းကုန်ခွန်နှုန်းထားများကို သတ်မှတ်ထားပြီး ဒုတိယခြောက်လပတ် ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိတွင် အဆိုပါနှုန်းထားများထက် ထပ်မံလျှော့ချ ကောက်ခံမည့်နှုန်းထားများကိုလည်း သတ်မှတ်ထားကြောင်း သိရှိရပါတယ်။

တရုတ်နိုင်ငံအနေဖြင့် ဩစတြေးလျ၊ ကိုစတာရီကာ၊ ဂျော်ဂျီယာ၊ အိုက်စ်လန်၊ နယူးဇီလန်၊ ပီရူး၊ တောင်ကိုရီးယားနှင့် ဆွစ်ဇာလန်စသည့်နိုင်ငံများနှင့် ၂၀၁၉ ခုနှစ်မှစ၍ သွင်းကုန်ခွန် လျှော့ချရန်နှစ်နိုင်ငံ သဘောတူညီထားပြီး အဆိုပါ သွင်းကုန်ခွန်လျှော့ချမှုကို ဟောင်ကောင်နှင့် မကာအိုတို့မှလည်း အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရှိရပါတယ်။

သဘာဝဓာတ်ငွေ့တင်သွင်းမှုအပိုင်း၌မူ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံမှ သဘာဝဓာတ်ငွေ့များကို ဈေးကွက်အကျိုး ရလဒ်အရ လက်ခံလျက်ရှိသော်လည်း နှစ်နိုင်ငံအကြား ဖြစ်ပွားနေသည့် ကုန်သွယ်ရေး တင်းမာမှုများကြောင့် တရုတ်ကုမ္ပဏီများအနေဖြင့် ရေရှည်သဘောတူ ဆောင်ရွက်နိုင်ခြင်းနှင့်စပ်လျဉ်း၍ တိကျသည့် ဆန္ဒမရှိသေးကြောင်း၊ လက်ရှိအနေအထားတွင် တရုတ်နိုင်ငံ အနေဖြင့် အမေရိကန်ထံမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ ဘီလီယံနှင့် ညီမျှသည့် သဘာဝဓာတ်ငွေ့တန်ချိန်ပမာဏကို လက်ခံတင်သွင်းလျက်ရှိကြောင်း သိရှိရပါတယ်။

တရုတ်နိုင်ငံ၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ သွင်းကုန်ခွန်လျှော့ချပေးခဲ့သည့် ကုန်ပစ္စည်းအမျိုးအစား ၇၀၀ နှင့် လျှော့ချခဲ့သည့် သွင်းကုန်နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

**Tentative tariff schedule for imported goods**

| No | HS. Code | name | MFN tax rate (%) | Tentative tax rate for 2019 (%) |
|---|---|---|---|---|
| 1 | 01061211 | Improved whales, dolphins and porpoises; Manatees and dugongs | 10 | 0 |
| 2 | 03031300 | Frozen Atlantic salmon and Hucho hucho | 7 | 5 |
| 3 | 03033110 | Frozen Greenlandic plaice | 7 | 5 |
| 4 | 03034100 | Frozen albacore tuna | 7 | 6 |
| 5 | 03034200 | Frozen yellow fin tuna | 7 | 6 |
| 6 | 03034400 | Frozen big eye tuna | 7 | 6 |
| 7 | 03034510 | Frozen Atlantic blue fin tuna | 7 | 6 |
| 8 | 03034520 | Frozen Pacific blue fin tuna | 7 | 6 |
| 9 | 03034600 | Frozen southern blue fin tuna | 7 | 6 |
| 10 | 03034600 | Frozen herring | 7 | 6 |
| 11 | 03035900 | Frozen pile fish, except giblets | 7 | 5 |
| 12 | 03036300 | Frozen cod | 7 | 2 |
| 13 | 03036700 | Frozen Alaska Pollock fish | 7 | 5 |
| 14 | 03038910 | Frozen hair tail | 7 | 5 |
| 15 | 03061490 | Other frozen crab | 7 | 5 |
| 16 | 03061612 | Frozen northern long forehead shrimp | 5 | 2 |
| 17 | 03061719 | Freeze other shrimp | 5 | 2 |
| 18 | 03063190 | Live, fresh, and cold rock reef shrimp and other lobsters | 7 | 5 |
| 19 | 03078190 | Live, fresh, cold abalone | 10 | 7 |
| 20 | 04041000 | Whey and modified whey | 6 | 2 |
| 21 | 04062000 | A grated or powdered cheese | 12 | 8 |
| 22 | 04063000 | Other processed cheeses | 12 | 8 |
| 23 | 04064000 | Blue cheese, grainy cheese | 15 | 8 |
| 24 | 04069000 | Other cheese | 12 | 8 |
| 25 | 05051000 | Fill it with feathers and down | 10 | 2 |
| 26 | 05119111 | Fertilized eggs | 12 | 0 |
| 27 | 08011100 | Desiccated coconuts | 12 | 7 |
| 28 | 08012100 | Brazil nuts fresh or dried unshelled | 10 | 7 |
| 29 | 08012200 | Brazil nuts, fresh or dried, shelled | 10 | 7 |
| 30 | 08013100 | Fresh or dried unshelled cashews | 20 | 7 |
| 31 | 08013200 | Shelled cashew nuts, fresh or dried | 10 | 7 |
| 32 | 08021100 | Fresh or dried amygdale | 24 | 10 |
| 33 | 08024190 | Other chestnuts fresh or dried, unshelled | 25 | 20 |
| 34 | 08024290 | Other chestnuts, fresh or dried, shelled | 25 | 20 |
| 35 | 08025100 | Fresh or dry unshelled pistachio nuts | 10 | 5 |
| 36 | 08025200 | Fresh or dry shelled pistachio nuts | 10 | 5 |
| 37 | 08026190 | Other macadamia nuts fresh or dried unshelled | 24 | 12 |
| 38 | 08026200 | Fresh or dried shelled macadamia nuts | 24 | 12 |
| 39 | 08029020 | Fresh or dried ginkgo | 25 | 20 |
| 40 | 08029020 | Pecans | 24 | 7 |
| 41 | 08044000 | Fresh or dried avocado | 25 | 7 |
| 42 | 08104000 | Cranberries are fresh | 30 | 15 |
| 43 | 08134090 | Cranberry dry | 25 | 15 |
| 44 | 12119036 | liquorices | 6 | 0 |
| 45 | 12119039 | Fresh or dried red bean fir bark and leaves | 6 | 0 |
| 46 | 12122190 | Other seaweeds and algae | 15 | 2 |
| 47 | 12122910 | gulfweed | 15 | 2 |
| 48 | 12122990 | Other seaweed and algae not suitable for human consumption | 15 | 2 |
| 49 | 12149000 | Other alfalfa (except coarse meal and pellets) | 9 | 7 |
| 50 | 12149000 | A variety of mixed natural forages, mainly gramineous and leguminous, with the exception of alfalfa | 9 | 4 |
| 51 | 13021200 | Liquorices extract and extract | 6 | 0 |
| 52 | 14049090 | Coconut bran (strip/piece) | 15 | 4 |
| 53 | 15021000 | Beef and sheep fat | 8 | 2 |
| 54 | 15021000 | Other fat from cattle and sheep | 8 | 4 |
| 55 | 15042000 | Fish Oil Soft Capsule | 12 | 6 |
| 56 | 15119020 | Solid palm stearin (50 melting point 56) | 8 | 2 |
| 57 | 15200000 | Crude glycerin, glycerin water and glycerine lye | 20 | 6 |
| 58 | 18010000 | Whole or broken cocoa beans, raw or roasted | 8 | 2 |
| 59 | 19011010 | Retail packaged formula for infants | 15 | 5 |
| 60 | 19011090 | Other retail packaged foods for infants and young children | 15 | 2 |
| 61 | 19019000 | Other foods not listed | 10 | 5 |
| 62 | 19021900 | Other unstuffed or uncooked pasta | 10 | 8 |
| 63 | 21069090 | Milk protein partially hydrolyzed formula, milk protein deeply hydrolyzed formula, amino acid formula, lactose free formula special infant milk powder | 12 | 0 |
| 64 | 22051000 | Small packages of vermouth and similar wines | 65 | 14 |
| 65 | 22082000 | A liquor made from distilled wine | 10 | 5 |
| 66 | 22083000 | whisky | 10 | 5 |
| 67 | 23050000 | Residue cake and other solid residues from peanut oil refining | 5 | 0 |
| 68 | 23061000 | Linseed cake and other solid residues | 5 | 0 |
| 69 | 23062000 | Linseed cake and other solid residues | 5 | 0 |
| 70 | 23063000 | Sunflower seed cake and other solid residues | 5 | 0 |
| 71 | 23064100 | Oil residue cake and other solid residues of low - erucic acid rapeseed | 5 | 0 |
| 72 | 23064900 | Oil residue cake and other solid residues of other rapeseed seeds | 5 | 0 |
| 73 | 23065000 | Oily cake and other solid residues of coconut or copra | 5 | 0 |
| 74 | 23066000 | Residue cake and other solid residues of palm fruit or kernels | 5 | 0 |
| 75 | 23069000 | Other residues derived from the extraction of vegetable oils other than those under tax heading 2304 or 2305 | 5 | 0 |
| 76 | 23080000 | Other plant products for animal feed | 5 | 0 |
| 77 | 23091010 | Canned dog or cat food in retail packaging | 15 | 4 |
| 78 | 23091090 | Other dog or cat food in retail packaging | 15 | 4 |
| 79 | 23099090 | Other animal feeds prepared | 6. 5 | 4 |
| 80 | 24039100 | Reconstruction of tobacco | 57 | 40 |
| 81 | 25020000 | Unroasted pyrite | 3 | 2 |
| 82 | 25030000 | Except sulfur, sublimation, precipitation and colloidal sulfur | 3 | 1 |
| 83 | 25041010 | Flake natural graphite | 3 | 1 |
| 84 | 25051000 | Silica sand and quartz sand, whether or not colored | 3 | 1 |
| 85 | 25059000 | Other natural sand, whether or not colored | 3 | 1 |
| 86 | 25061000 | quartz | 3 | 1 |
| 87 | 25062000 | quartzite | 3 | 1 |
| 88 | 25070010 | kaolin | 3 | 1 |
| 89 | 25070090 | Kaolin is similar to earth | 3 | 1 |
| 90 | 25083000 | Refractory clay | 3 | 1 |
| 91 | 25101010 | Unground apatite | 3 | 0 |
| 92 | 25102010 | Ground apatite | 3 | 0 |
| 93 | 25151100 | Marble and travertine | 4 | 0 |

| No | HS. Code | name | MFN tax rate (%) | Tentative tax rate for 2019 (%) |
|---|---|---|---|---|
| 94 | 25151200 | Rectangular marble and travertine | 4 | 0 |
| 95 | 25152000 | Other limestone steles or building stones;Wax stone | 3 | 0 |
| 96 | 25161100 | granite | 4 | 0 |
| 97 | 25161200 | Rectangular granite | 4 | 0 |
| 98 | 25162000 | sandstone | 3 | 0 |
| 99 | 25169000 | Other stele or building stone | 3 | 0 |
| 100 | 25181000 | Uncalcined or sintered dolomite | 3 | 0 |
| 101 | 25182000 | Calcined or sintered dolomite | 3 | 0 |
| 102 | 25183000 | Rammed dolomite | 3 | 0 |
| 103 | 25191000 | Natural magnesium carbonate (magnesite) | 3 | 1 |
| 104 | 25199010 | Fused magnesia | 3 | 1 |
| 105 | 25199020 | Sintered magnesia | 3 | 1 |
| 106 | 25199030 | Caustic magnesia (light magnesia) | 3 | 1 |
| 107 | 25199099 | Other minerals containing more than 70% magnesium oxide | 3 | 1 |
| 108 | 25251000 | Undisturbed mica and split mica sheets | 5 | 1 |
| 109 | 25261020 | Unbroken and unpowdered talc | 3 | 1 |
| 110 | 25262020 | Crushed or milled natural talc | 3 | 1 |
| 111 | 25280010 | Natural borax and its concentrate, whether calcined or not | 3 | 0 |
| 112 | 25280090 | Borate;Natural crude boric acid | 5 | 0 |
| 113 | 25291000 | feldspar | 3 | 1 |
| 114 | 25309099 | Lapis lazuli | 3 | 1 |
| 115 | 25309099 | Lithium fai quarries | 3 | 0 |
| 116 | 25309099 | Uncalcined brucite | 3 | 1 |
| 117 | 27040010 | Coke and half coke | 5 | 0 |
| 118 | 27040090 | Retort carbon | 5 | 0 |
| 119 | 27050000 | Gas, water gas, furnace gas and similar gases | 5 | 1 |
| 120 | 27060000 | Coal tar and other mineral tar | 6 | 1 |
| 121 | 27073000 | Coarse xylene | 6 | 2 |
| 122 | 27082000 | Needle tar coke | 6 | 3 |
| 123 | 27101210 | Motor gasoline and aviation gasoline | 5 | 1 |
| 124 | 27101220 | naphtha | 6 | 0 |
| 125 | 27101291 | Nonene (more than 90% carbon nine mixed isomer) | 9 | 4 |
| 126 | 27101299 | A mixture of isomers of isoprene | 9 | 5 |
| 127 | 27101911 | Aviation kerosene | 9 | 0 |
| 128 | 27101919 | N-alkanes (C9 ~ C13) | 6 | 2 |
| 129 | 27101922 | Fuel oil no. 5-7 | 6 | 1 |
| 130 | 27101923 | diesel | 6 | 1 |
| 131 | 27101929 | Wax oil with a volume percentage less than 20% of the distillate at 350 c and greater than 80% of the distillate at550 c | 6 | 0 |
| 132 | 27111200 | Liquefied propane | 5 | 1 |
| 133 | 27111390 | Other liquid butane | 5 | 1 |
| 134 | 27149010 | Natural asphalt | 8 | 4 |
| 135 | 28013020 | bromine | 5 | 1 |
| 136 | 28020000 | Sublimation sulfur, precipitation sulfur;Colloidal sulfur | 5 | 1 |
| 137 | 28045000 | tellurium | 5 | 0 |
| 138 | 28049090 | Other se | 5 | 0 |
| 139 | 28051200 | calcium | 5 | 1 |
| 140 | 28051910 | lithium | 5 | 1 |
| 141 | 28051990 | Other alkali metals and alkaline earth metals | 5 | 1 |
| 142 | 28053011 | nd | 5 | 0 |
| 143 | 28053012 | dysprosium | 5 | 0 |
| 144 | 28053013 | Terbium | 5 | 0 |
| 145 | 28053014 | lanthanum | 5 | 0 |
| 146 | 28053015 | cerium | 5 | 0 |
| 147 | 28053016 | praseodymium | 5 | 0 |
| 148 | 28053017 | yttrium | 5 | 0 |
| 149 | 28053019 | Other rare earth metals, scandium and yttrium | 5 | 0 |
| 150 | 28053021 | Rare earth metals, scandium and yttrium mixed or fused with each other, battery grade | 5 | 0 |
| 151 | 28053029 | Other rare earth metals, scandium and yttrium that have been mixed or fused with each other | 5 | 0 |
| 152 | 28070000 | Sulfuric acid, fuming sulfuric acid | 5 | 1 |
| 153 | 28141000 | ammonia | 5 | 0 |
| 154 | 28142000 | ammonia | 5 | 0 |
| 155 | 28164000 | Oxides, hydroxides and peroxides of strontium or barium | 5 | 2 |
| 156 | 28182000 | alumina | 5 | 0 |
| 157 | 28220010 | Cobalt oxide | 5 | 2 |
| 158 | 28220090 | Other cobalt oxides and hydroxides;Commercial cobalt oxide | 5 | 2 |
| 159 | 28254000 | Nickel oxide and hydroxide | 5 | 2 |
| 160 | 28332400 | Nickel sulfate | 5 | 2 |
| 161 | 28332990 | Cobalt sulfate | 5 | 2 |
| 162 | 28342110 | Potassium nitrate for fertilizer | 4 | 1 |
| 163 | 28342990 | Barium nitrate | 5 | 2 |
| 164 | 28366000 | Barium carbonate | 5 | 1 |
| 165 | 28369100 | Carbonate of lithium | 5 | 2 |
| 166 | 28369200 | Strontium carbonate | 5 | 2 |
| 167 | 28369930 | Cobalt carbonate | 5 | 2 |
| 168 | 28399000 | Silicates of zirconium | 5 | 2 |
| 169 | 28401100 | Anhydrous | 5 | 2 |
| 170 | 28401900 | Other | 5 | 2 |
| 171 | 28419000 | Cobalt | 5. 5 | 2 |
| 172 | 28419000 | Rhenates | 5. 5 | 0 |
| 173 | 28439000 | Anticancer | 5. 5 | 0 |
| 174 | 28441000 | Natural | 5 | 0 |
| 175 | 28442000 | Low | 5 | 0 |
| 176 | 28461010 | Cerium | 5 | 0 |
| 177 | 28461020 | Cerium | 5 | 0 |
| 178 | 28461030 | Cerium | 5 | 0 |
| 179 | 28461090 | Other | 5 | 0 |
| 180 | 28469011 | Yttrium | 5 | 0 |
| 181 | 28469012 | Lanthanum | 5 | 0 |
| 182 | 28469013 | Neodymium | 5 | 0 |
| 183 | 28469014 | Europium | 5 | 0 |
| 184 | 28469015 | Dysprosium | 5 | 0 |
| 185 | 28469016 | Terbium | 5 | 0 |
| 186 | 28469017 | Praseodymium | 5 | 0 |
| 187 | 28469019 | Other | 5 | 0 |
| 188 | 28469021 | Terbium | 5 | 0 |
| 189 | 28469022 | Dysprosium | 5 | 0 |
| 190 | 28469023 | Lanthanum | 5 | 0 |
| 191 | 28469024 | Neodymium | 5 | 0 |
| 192 | 28469025 | Praseodymium | 5 | 0 |
| 193 | 28469026 | Yttrium | 5 | 0 |
| 194 | 28469028 | Mixed rare earth chloride | 5 | 0 |
| 195 | 28469029 | Unmixed rare earth chloride | 5 | 0 |
| 196 | 28469031 | Fluoride terbium | 5 | 0 |
| 197 | 28469032 | Dysprosium fluoride | 5 | 0 |
| 198 | 28469033 | Lanthanum fluoride | 5 | 0 |
| 199 | 28469034 | Neodymium fluoride | 5 | 0 |
| 200 | 28469035 | Praseodymium fluoride | 5 | 0 |
| 201 | 28469036 | Yttrium fluoride | 5 | 0 |
| 202 | 28469039 | Other rare earth fluoride | 5 | 0 |
| 203 | 28469041 | Lanthanum carbonate | 5 | 0 |
| 204 | 28469042 | Carbonate terbium | 5 | 0 |
| 205 | 28469043 | Dysprosium carbonate | 5 | 0 |
| 206 | 28469044 | Neodymium carbonate | 5 | 0 |
| 207 | 28469045 | Praseodymium carbonate | 5 | 0 |
| 208 | 28469046 | Yttrium carbonate | 5 | 0 |
| 209 | 28469048 | Mixed rare earth carbonate | 5 | 0 |
| 210 | 28469049 | Unmixed rare earth carbonate | 5 | 0 |
| 211 | 28469091 | Other compounds of lanthanum | 5 | 0 |
| 212 | 28469092 | Other compounds of neodymium | 5 | 0 |
| 213 | 28469093 | Other compounds in terbium | 5 | 0 |
| 214 | 28469094 | Other compounds for dysprosium | 5 | 0 |
| 215 | 28469095 | Other compounds for praseodymium | 5 | 0 |
| 216 | 28469096 | Other compounds of yttrium | 5 | 0 |
| 217 | 28469099 | Other compounds of rare-earth metals yttrium and scandium | 5 | 0 |
| 218 | 29012100 | ethylene | 2 | 1 |
| 219 | 29012200 | propylene | 2 | 1 |
| 220 | 29031500 | 1, 2-dichloroethane (ISO) | 5. 5 | 1 |
| 221 | 29032100 | Vinyl chloride | 5. 5 | 1 |
| 222 | 29051210 | Propyl alcohol | 5. 5 | 3 |
| 223 | 29053200 | 1, 2 - propylene glycol | 5. 5 | 3 |
| 224 | 29053990 | Raw materials of anticancer drugs (baixiao 'an) | 5. 5 | 0 |
| 225 | 29053990 | 1, 3-propanediol | 5. 5 | 3 |
| 226 | 29054500 | glycerin | 8 | 3 |
| 227 | 29061310 | sterol | 5. 5 | 3 |
| 228 | 29071211 | m-cresol | 5. 5 | 3 |
| 229 | 29071212 | o-cresol | 5. 5 | 3 |
| 230 | 29071910 | O-sec-butyl phenol, o-isopropyl phenol | 4 | 2 |
| 231 | 29094100 | 2,2' -oxydiethanol (diethylene glycol) | 5. 5 | 3 |
| 232 | 29121900 | glyoxal | 5. 5 | 3 |
| 233 | 29155010 | Propionic acid | 5. 5 | 3 |
| 234 | 29209000 | Diphenyl carbonate | 6. 5 | 2 |
| 235 | 29211920 | Isopropyl amine | 6. 5 | 2 |
| 236 | 29224190 | Lysine esters and lysine salts | 6 | 5 |
| 237 | 29225090 | Raw materials for cancer drugs (mitoxantrone hydrochloride) | 6. 5 | 0 |
| 238 | 29225090 | threonine | 6. 5 | 5 |
| 239 | 29242990 | Raw materials for cancer drugs (flutamide) | 6. 5 | 0 |
| 240 | 29261000 | acrylonitrile | 6. 5 | 3 |
| 241 | 29269090 | adiponitrile | 6. 5 | 1 |
| 242 | 29304000 | Methionine (methionine) | 6. 5 | 5 |
| 243 | 29309090 | Anticancer drug ingredients (bicalutamide) | 6. 5 | 0 |
| 244 | 29309090 | Drug ingredients for rare diseases (penicillamine) | 6. 5 | 0 |
| 245 | 29329990 | Raw materials for cancer drugs (docetaxel, paclitaxel) | 6. 5 | 0 |
| 246 | 29329990 | Acarbose glycohydrate | 6. 5 | 0 |
| 247 | 29333990 | Raw materials for anticancer drugs (gemel, apatinib mesylate, cidarbenamine) | 6. 5 | 0 |
| 248 | 29335990 | Raw materials for cancer drugs (imatinib mesylate, azathioprine, pemetrexate, levofolic acid calcium) | 6. 5 | 0 |
| 249 | 29335990 | entecavir | 6. 5 | 0 |
| 250 | 29336990 | Raw materials for anticancer drugs (otiracic potassium) | 6. 5 | 0 |
| 251 | 29337900 | Anticancer drug ingredients (lenalidomide) | 9 | 0 |
| 252 | 29337900 | Drug ingredients for rare diseases (pirfenidone) | 9 | 0 |
| 253 | 29339900 | Raw materials for anticancer drugs (anatrozole, letrozole, bortezomib, temozolomide) | 6. 5 | 0 |
| 254 | 29339900 | Atorvastatin calcium | 6. 5 | 0 |
| 255 | 29341090 | Anticancer drug ingredients (dasatinib) | 6. 5 | 0 |
| 256 | 29342000 | Drug ingredients for rare diseases (riluzole) | 6. 5 | 0 |
| 257 | 29349990 | Raw materials for anticancer drugs (desitabine, fluorourea glycoside, cyclophosphamide, gefitinib, capecitabine, retetroxer, fludarabine phosphate, tegafluorine, atactin hydrochloride, ecotinib hydrochloride, gemcitabine hydrochloride, ifosfamide) | 6. 5 | 0 |
| 258 | 29359000 | Drug ingredients for rare diseases (posentan) | 6. 5 | 0 |
| 259 | 29371210 | Recombinant human insulin and its salts | 4 | 0 |
| 260 | 29371290 | Other insulin and its salts | 4 | 0 |
| 261 | 29371900 | Raw materials for cancer drugs (tripraline acetate) | 4 | 0 |
| 262 | 29372319 | Anticancer drug ingredients (formetam) | 4 | 0 |
| 263 | 29372900 | Anticancer drug ingredients (esimetam) | 4 | 0 |
| 264 | 29397990 | Raw materials for anticancer drugs (vinorelbine tartrate, vincristine sulfate, topotecan hydrochloride, irinotecan hydrochloride) | 4 | 0 |
| 265 | 29419090 | Raw materials of anticancer drugs (pirorubicin, mitomycin, epirubicin hydrochloride, doxorubicin hydrochloride, pingyangmycin hydrochloride, roxithromycin hydrochloride, idabicin hydrochloride) | 6 | 0 |
| 266 | 29419090 | maltephenolate | 6 | 0 |
| 267 | 29419090 | Ajubicin hydrochloride | 6 | 0 |
| 268 | 30021100 | Diagnostic kit for malaria | 3 | 0 |

စာမျက်နှာ ၂၀ သို့

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ဇန်နဝါရီ ၂၁ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၈ နိုင်ငံရှိပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ထိုင်ဝမ်နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၅ ဒသမ ၃၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း လာအို၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ အမေရိကန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ နယူးဇီလန်၊ ကူဝိတ်၊ အီဂျစ်နှင့် ကနေဒါ စသည့်နိုင်ငံများအပါအဝင် ၅၆ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် အင်ဒိုနီးရှား၊ စင်ကာပူ၊ ဂျပန်၊ ဂျာမနီ၊ တောင်ကိုရီးယား၊ နော်ဝေ၊ ဆွစ်ဇာလန်၊ ဘရာဇီး၊ အီတလီနှင့် ကင်ညာ စသည့်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်း မှ ၁၂ ဒသမ ၅၀ ရာခိုင်နှုန်းထိကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မလေးရှားနိုင်ငံတွင် ၃ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၃ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ရာခိုင်နှုန်း အသီးသီး ဈေးနှုန်းများ မြင့်တက်ခဲ့ကာ အင်ဒိုနီးရှားနိုင်ငံတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းတို့ အသီးသီးဈေးနှုန်းများ ကျဆင်းလျက်ရှိပြီး ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၄ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ထိုင်ဝမ်နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၆ ဒသမ ၇၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် အင်ဒိုနီးရှား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ ဘရာဇီး၊ အီဂျစ်၊ ကူဝိတ်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ တောင်အာဖရိကနှင့် သီရိလင်္ကာစသည့်နိုင်ငံများ အပါအဝင် ၅၈ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် စင်ကာပူ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဆွစ်ဇာလန်၊ ယူကရိန်း၊ အီတလီ၊ ပိုလန်နှင့် ကင်ညာ စသည့်နိုင်ငံတို့အပါအဝင် ၃၃ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၇ ဒသမ ၅၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၆ ဒသမ ၅၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၅ ဒသမ ၉၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၃၀ ရာခိုင်နှုန်းတို့ အသီးသီးဈေးနှုန်းများမြင့်တက်ခဲ့ကာ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိပြီး ကျန်ရှိသော အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာ တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာ ဈေးနှုန်းများ အား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓါတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာ

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၃ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၇ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၉၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၅ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ် တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၁ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၆ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ မှတ် ဘီဂရိတ်ဆန်၊ ပေါင်းဆန်၊ ဧည့်မထ ၅ မှတ်ဆန်နှင့် ၂၅ မှတ်ဆန် အမျိုးအစားများမှာ ဈေးနှုန်းအနည်းငယ် မြင့်တက်သွားပြီး အိန္ဒိယနိုင်ငံတွင်လည်း ဧည့်မထ ၂၅ မှတ်နှင့် ပေါင်းဆန်ဈေးနှုန်းများ ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဧည့်မထ ၅ မှတ်နှင့် ၂၅ မှတ် ဆန်ဈေးနှုန်းများဈေးအနည်းငယ်ကျဆင်းသွားခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ဥရောပသမဂ္ဂ (အီးယူ) သည် ၂၀၁၃ ခုနှစ်မှစပြီး မြန်မာနိုင်ငံ ဆန်တင်သွင်းမှုများကို အခွန်သက်သာခွင့် GSP ပေးထားခြင်းဖြစ်ပြီး လက်ရှိတွင်မူ အီးယူအဖွဲ့ဝင် စပိန်နှင့်အီတလီနိုင်ငံတို့က ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုများနှင့် GSP ဖြင့် တင်သွင်းသော ဆန်များနှင့် ယှဉ်ပြိုင်ရာတွင် ထိခိုက်မှုရှိနေသည့်အတွက် အီးယူအဖွဲ့ဝင်နိုင်ငံများက ကန့်ကွက်မှုများရှိလာသောကြောင့် အီးယူက ၎င်းတို့အဖွဲ့ဝင်နိုင်ငံများဘက်မှ ရပ်တည်၍ GSP အခွင့်အရေးများကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်မှ စတင်ကာ လာမည့်သုံးနှစ်အတွင်း မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တင်သွင်းသည့် အင်ဒီကာဆန်အပေါ် အကောက်ခွန် ကောက်ခံမှုအနေဖြင့် ပထမနှစ်အတွင်း တင်သွင်းသည့် ဆန်တစ်တန်လျှင် ၁၇၅ ယူရို၊ ဒုတိယနှစ်တွင် ဆန်တစ်တန်လျှင် ၁၅၀ ယူရိုနှင့် တတိယနှစ်တွင် ဆန်တစ်တန်လျှင် ၁၂၅ ယူရိုနှုန်းဖြင့် အခွန်ကောက်ခံမည်ဖြစ်ပြီး ထိုကဲ့သို့သုံးနှစ်တာ အခွန်ကောက်ခံမှုအပြီးတွင် အခွန်ဆက်လက်ကောက်ခံခြင်းပြု၊ မပြုကို အီးယူဘက်က ပြန်လည် သုံးသပ်သွားဖွယ်ရှိကြောင်း သိရှိရပါသည်။

USDA စာရင်းများအရ ဥရောပသမဂ္ဂ (အီးယူ) သည် ၂၀၁၈ ခုနှစ်အတွက် ပြည်ပမှ ဆန်တန်ချိန် ၂ သန်းခန့်တင်သွင်းရန် လျာထားခဲ့ပြီး၊ ၂၀၁၈ ခုနှစ်အတွင်း အများဆုံး တင်သွင်းခဲ့သည့် နိုင်ငံများမှာ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့စုစုပေါင်း ဆန်နှင့် ဆန်ကွဲတင်ပို့မှု တန်ချိန် ၃ ဒသမ ၆ သန်းခန့်ရှိပြီး ဆန် တန်ချိန် ၃ သန်းခန့်နှင့် ဆန်ကွဲတန်ချိန် သုည ဒသမ ၆၃ သန်း ခန့်ဖြစ်ပါသည်။ စုစုပေါင်း တင်ပို့မှုအနက် မြန်မာနိုင်ငံမှ EU သို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှု တန်ချိန် လေးသိန်းခန့်ရှိပြီး ဆန်တန်ချိန် ကိုးသောင်းခန့်နှင့် ဆန်ကွဲ တန်ချိန် ၃ သိန်းကျော် တင်ပို့ခဲ့သည့်အတွက် စုစုပေါင်း ဆန်တင်ပို့မှု၏ သုံးရာခိုင်နှုန်းနှင့် ဆန်ကွဲတင်ပို့မှု၏ ၅၀ ရာခိုင်နှုန်း အထိရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် အီးယူသို့ ဆန်ကွဲများတင်ပို့မှုကို ယခင်ကအတိုင်း ဆက်လက်တင်ပို့နိုင်မည်ဖြစ်သော်လည်း ဆန်လုံးရှည်မှာအခွန်ကြောင့် တင်ပို့ရန်ခက်ခဲသွားကြောင်း၊ အခြားဈေးကွက်သစ်များ ရှာဖွေထားရန်လိုအပ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ကော်မတီဝင်များမှ ပြောကြားခဲ့သည်ကို သိရှိရပါသည်။ အခွန်ကင်းလွတ်ခွင့်ကို မြန်မာနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံထံမှ ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်ပြီး ဆန်လုံးရှည်တင်ပို့မှုမှာ မြန်မာထက်စာလျှင် ကမ္ဘောဒီးယားနိုင်ငံမှ တင်ပို့မှုပိုများကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ပြီးခဲ့သည့်နှစ်တွင် စုစုပေါင်း ဆန်တန်ချိန် ၆၂၆၂၂၅ တန် တင်ပို့ခဲ့ပြီး ၎င်းတို့အနက် ၄၃ ရာခိုင်နှုန်းကို ဥရောပသမဂ္ဂက ဝယ်ယူခဲ့သည်ကို သိရှိရပါသည်။ ယခင်နှစ်က တင်ပို့ခဲ့သည့် ဆန်ပမာဏနှင့် အီးယူက စည်းကြပ်မည့် အခွန်နှုန်းအတိုင်း တွက်ချက်ပါက ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ပထမနှစ်တွင် ယူရို ၄၇ သန်း ၊ ဒုတိယနှစ်တွင် ယူရို ၄၀ ဒသမ ၃ သန်း နှင့် တတိယနှစ်တွင် ယူရို ၃၃ ဒသမ ၆ သန်း အခွန်ကျသင့်မည်ဖြစ်ကြောင်း သိရှိရပါသည်။ အီးယူမှ အခွန်စည်းကြပ်မှုအပေါ် စိုးရိမ်ကြောင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ် လျှော့ချခြင်းနှင့် ဈေးကွက်သစ်ရှာဖွေခြင်းဖြင့်သာ အီးယူ၏အရေးယူမှုကို ဖြေရှင်းနိုင်လိမ့်မည်ဟု ပို့ကုန်လုပ်ငန်းရှင်များနှင့် စီးပွားရေးပညာရှင်များက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဥရောပသမဂ္ဂ (အီးယူ)က သတ်မှတ်သည့်အခွန်သည် ကမ္ဘောဒီးယား ဂျပ်စမင်ဆန်တင်ပို့မှုအပေါ် ဆိုးရွားစွာ သက်ရောက်စေမည် မဟုတ်သော်လည်း ဆန်ဖြူတင်ပို့မှုကို ထိခိုက်စေ မည်ဟု မူဝါဒရေးရာ သုတေသနစင်တာမှ ညွှန်ကြားရေးမှူး Chan Sophal ကပြောကြားခဲ့သည်ကို သိရှိရပါသည်။ လက်ရှိ အခြေ အနေအရ ကမ္ဘောဒီးယားတောင်သူများသည် ဂျပ်စမင်ဆန်နှင့် အခြားသီးနှံများပြောင်းလဲ စိုက်ပျိုးလာနိုင်ကြောင်း၊ သို့ရာတွင် ဥရောပစားသုံးသူများ၏ သဘောထားအပေါ် မူတည်၍လည်း သက်ရောက်မှုကွာခြားနိုင်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

အစိုးရအနေဖြင့် လျှပ်စစ်စရိတ်နှင့် ဆိပ်ကမ်းခများ လျှော့ချနိုင်ရန် လိုအပ်ပြီး အထည်အလိပ်လုပ်ငန်းကိုပါ အခွန်စည်းကြပ်လာမည်ဆိုရင်လည်း ဥရောပစားသုံးသူများ၏ တုံ့ပြန်မှုကို စောင့်ကြည့်ပြီးမှသာ ထိခိုက်မှုမည်မျှရှိသည်ကို သိနိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ဥရောပသမဂ္ဂ(အီးယူ)၏ စည်းကြပ်သည့် အခွန်ကြောင့် ကမ္ဘောဒီးယားဆန်လုပ်ငန်းအပေါ် အနည်းနှင့် အများ ထိခိုက်စေလိမ့်မည်ဟု ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ Hun Lak က ပြောကြားခဲ့သည်ကို လေ့လာသိရှိရပါသည်။

ပြည်တွင်းဆန်ဈေးကွက် အခြေအနေဖြင့် မြန်မာ့ဆန်လုံးရှည်ကို ဥရောပသမဂ္ဂ (EU)က အခွန် ပြန်လည်ကောက်ယူခြင်းနှင့် မူဆယ်-တရုတ်နယ်စပ်မှ ဆန်အဝယ် နည်းနေခြင်းတို့ကြောင့် လတ်တလော ရိုက်ခတ်လာသည့် စိန်ခေါ်မှုအခြေအနေများကြောင့် ဆန်ဈေးကွက်ပျောက်နေ၍ ဆန်ကြမ်း (ရှယ်စ)များ ဈေးလျှော့ရောင်းနေရကြောင်း၊ လက်ရှိတွင် ၂၅ မှတ်တန် ဆန်များမှာ အဝယ်သွက်နေပြီး တရုတ်နိုင်ငံဘက်တွင် အရောင်းအဝယ်ဖြစ်နေကြောင်း ပြည်တွင်းဆန်ကုန်သည် များထံမှ သိရှိရပါသည်။

ဆန်ကွဲပါဝင်ခြင်းမရှိ၍ အရည်အသွေးကောင်းသော ဆန်ကြမ်းများကို တရုတ်နှင့် EU ဈေးကွက်မှဝယ်ယူမှုရှိပြီး ယခုရက်ပိုင်းအတွင်း

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၄၉ | ၀.၅၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၂ | ၀.၈၂ |
| ၃ | ထိုင်း | လီတာ | ၁.၀၄ | ၀.၇၉ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၆ | ၀.၆၄ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၁ | ၁.၁၉ |
| ၆ | မလေးရှား | လီတာ | ၀.၄၇ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၁ | ၀.၇၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၀ | ၀.၈၀ |
| ၉ | လာအို | လီတာ | ၁.၁၉ | ၀.၉၆ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

သုည ဒသမ ၄၉ ဒေါ်လာနှုန်းဖြင့် ၁၃ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၅ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်တွင် ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်း သက်သာသောနိုင်ငံများတွင် ပါဝင်ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | Zimbabwe | လီတာ | ၃.၃၁ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၂.၀၆ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၈ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Wallis and Futuna | လီတာ | ၁.၉၀ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၅ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Zimbabwe | လီတာ | ၃.၁၁ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၉၀ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၈၂ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Wallis and Futuna | လီတာ | ၁.၈၀ |
| ၅ | Ecuador | လီတာ | ၀.၂၇ | အိုက်စလန် | လီတာ | ၁.၇၆ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၀ | ၀.၈၉ |
| ၂ | ဂျပန် | လီတာ | ၁.၂၂ | ၁.၀၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၃ | ၀.၉၃ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


## ကြယ်စင်(တန့်ဆည်မြေ)

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၁.၁.၂၀၁၉ | စည် | ၅၂.၅၉ |
| ၂ | ၁၄.၁.၂၀၁၉ | စည် | ၅၀.၅၁ |
| ၃ | ၁၅.၁.၂၀၁၉ | စည် | ၅၂.၁၁ |
| ၄ | ၁၆.၁.၂၀၁၉ | စည် | ၅၂.၃၁ |
| ၅ | ၁၇.၁.၂၀၁၉ | စည် | ၅၂.၀၇ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ဇန်နဝါရီလဆန်းပိုင်းတွင် ကမ္ဘာ့ရွှေဈေးသည် အမြင့်ဆုံးဈေးဖြစ်သည့် ရွှေတစ်အောင်စလျှင် ၁၂၉၅ ဒေါ်လာထိ မြင့်တက်ခဲ့သော်လည်း ဇန်နဝါရီလ တတိယပတ်တွင် ပြန်လည်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ ဇန်နဝါရီလ ၁၈ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၂၈၅ ဒေါ်လာဖြစ်ခဲ့ပြီး ဇန်နဝါရီလ ၂၄ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၂၈၀ ဒေါ်လာသို့ကျဆင်းလာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးမှာ ပြန်လည်ကျဆင်းလာခဲ့သော်လည်း ပြည်တွင်းဈေးကွက်တွင် ရွှေဈေးနှုန်းမှာ ဆက်လက်မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဇန်နဝါရီလ ၁၈ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၄၀၀၀၊ ဇန်နဝါရီ ၂၁ ရက်တွင် ၁၀၅၅၀၀၀ ကျပ်နှင့် ဇန်နဝါရီ ၂၄ ရက်တွင် ကျပ် ၁၀၅၃၀၀၀ အသီးသီးဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းရွှေဈေးကွက်တွင် အချိန်နှင့်အမျှ ဈေးနှုန်းပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိပြီး သိသာစွာ ဈေးနှုန်းကျဆင်းလာခြင်းမရှိကြောင်း လေ့လာသိရှိရပါသည်။

မြန်မာ့ရွှေဈေးသည် တစ်နှစ်ပြီးတစ်နှစ် စံချိန်တင်မြင့်တက်လာခဲ့ပြီး ၂၀၁၈ ခုနှစ်သည် ရွှေဈေးသမိုင်းတစ်လျှောက် စံချိန်သစ်တင်နိုင်သည့် နောက်ထပ်နှစ်တစ်နှစ်ဖြစ်ခဲ့ပြီး မြန်မာ့ရွှေဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ်ဆယ်သိန်းအထက်သို့ရောက်ရှိလာခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာ့ရွှေ၏ ထူးခြားချက်မှာ ဈေးတက်ပြီး ပြန်ကျနိုင်ခြင်းမရှိဘဲ တောက်လျှောက် ဆက်တက်သွားခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ်စံချိန်သစ် တင်နေခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ ရွှေဈေးသည် ပြည်တွင်းဒေါ်လာငွေလဲနှုန်း၊ ကမ္ဘာ့ရွှေဈေး၊ နိုင်ငံတကာ ဒေါ်လာငွေကြေးဈေးကွက်များအပေါ် တည်မှီနေသည့်အတွက် မြန်မာ့ရွှေဈေးမှာ အတက်ဘက်သို့ဆက်သွားနေဦးမည်သာ ဖြစ်ပါသည်။


စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ် ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၂-၁-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၀ ဒသမ ၈၅ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၂၃-၁-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၅၅ ဒသမ ၂၅ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 23-Jan-19 | 13.09 cts/lb | 12.87 cts/lb | 355.25 $/T | 16.11 cts/lb |
| 22-Jan-19 | 13.06 cts/lb | 12.80 cts/lb | 352.90 $/T | 16.01 cts/lb |
| 21-Jan-19 | 13.11 cts/lb | 12.74 cts/lb | 358.90 $/T | 16.28 cts/lb |
| 18-Jan-19 | 13.16 cts/lb | 12.69 cts/lb | 357.25 $/T | 16.20 cts/lb |
| 17-Jan-19 | 13.00 cts/lb | 12.64 cts/lb | 352.65 $/T | 16.00 cts/lb |
| 16-Jan-19 | 13.30 cts/lb | 12.60 cts/lb | 358.40 $/T | 16.26 cts/lb |
| 15-Jan-19 | 13.25 cts/lb | 12.55 cts/lb | 359.00 $/T | 16.28 cts/lb |
| 14-Jan-19 | 12.88 cts/lb | 12.49 cts/lb | 348.80 $/T | 15.82 cts/lb |
| 11-Jan-19 | 12.89 cts/lb | 12.47 cts/lb | 349.65 $/T | 15.86 cts/lb |
| 10-Jan-19 | 12.80 cts/lb | 12.45 cts/lb | 348.65 $/T | 15.81 cts/lb |
| 9-Jan-19 | 13.01 cts/lb | 12.42 cts/lb | 351.65 $/T | 15.95 cts/lb |
| 8-Jan-19 | 12.90 cts/lb | 12.40 cts/lb | 349.00 $/T | 15.83 cts/lb |
| 7-Jan-19 | 12.74 cts/lb | 12.39 cts/lb | 347.15 $/T | 15.75 cts/lb |
| 4-Jan-19 | 12.04 cts/lb | 12.39 cts/lb | 333.15 $/T | 15.11 cts/lb |
| 3-Jan-19 | 11.83 cts/lb | 12.44 cts/lb | 329.60 $/T | 14.81 cts/lb |
| 2-Jan-19 | 12.04 cts/lb | 12.52 cts/lb | 330.85 $/T | 15.01 cts/lb |

Source: www.isosugar.org




Source: www.isosugar.org

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ တတိယပတ်အတွင်း တရုတ်နိုင်ငံတွင်ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၇၆ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၆၁၊ ပါကစ္စတန်နိုင်ငံတွင်တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၅၀-၃၉၃၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၃၉-၅၆၃ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပါကစ္စတန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ သကြားဈေးနှုန်းများမှာ အနည်းငယ် ကျဆင်း၍ တရုတ်နိုင်ငံတွင် ဈေးနှုန်းအနည်းငယ် မြင့်တက်လာပြီး အမေရိကန်နိုင်ငံတွင် ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၃၀ ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၃၀ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၇၆ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၄၆ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။

စာမျက်နှာ ၁၆ သို့

Vol: 19, No.4 Monday January 28 2019

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၉၄ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၈ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ပြည်တွင်းကြံဈေးကွက်အခြေအနေဖြင့် သကြားစက်များတွင် စက်များပြုပြင်နေသည့် အတွက် ကြံများကိုလျှော့ဝယ်ယူခြင်းကြောင့် တောင်သူများအတွက် ပစ္စည်းဝယ်ရသည့် ပြဿနာများ ဖြစ်လာကြောင်း ကြံစိုက်ပျိုးသူများထံမှ လေ့လာသိရှိရပါသည်။ သကြားစက်ရုံသို့ပို့သည့်အခါတွင် ရက်တိုအတွင်းမဝယ်ယူဘဲ ရက်ရှည်ဖြစ်သွားသည့်အတွက် ပယ်ပစ်ရသည့်ကြံတန်ချိန်များ များပြားလာသည့်အပြင် ကြံဝယ်ယူမှုမှာလည်း တန်ချိန် ၁၀၀ မှ ၅၀၀ အတွင်း လျော့ကျသွားကြောင်း ကြံစိုက်ပျိုးသူများထံမှသိရှိရပါသည်။ သကြားဈေးကျဆင်းသော်လည်း သကြားစက်များအနေဖြင့် ကြံဝယ်ယူမှုကို မရပ်တန့်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြေညာထားသည့်အတွက် ကြံကိုဆက်လက်ဝယ်ယူနေခြင်းဖြစ် ကြောင်း ကြံစိုက်ပျိုးသူများထံမှ သိရှိရပါသည်။

ကြံဝယ်ယူနှုန်း ရက်ကြန့်ကြာမှုများ ဖြစ်ပေါ်သည့်အတွက် ကြံ၏အရည်အသွေးနိမ့်ခြင်းများ ဖြစ်ပေါ်ခြင်းကြောင့် ကြံအချို့မှာ ပစ်ပယ်မှုများရှိနေပြီး မူဆယ်နှင့် မန္တလေးဈေးကွက်ထဲတွင် သကြားဈေးမှာ ဆက်တိုက်ကျဆင်းနေသည့်အတွက် ကြံတစ်တန်ဈေးမှာ ယခင်နှစ်အောက် ကျပ်ရှစ်ထောင်ခန့်လျော့ကျကြောင်း၊ ယခင်နှစ်က ကြံတစ်တန်ကို ကျပ်ငါးသောင်းရရှိခဲ့ပြီး လက်ရှိတွင် ကြံတစ်တန်လျှင် ကျပ် ၄၁၅၀၀ဖြင့် ဝယ်ယူနေကြောင်း၊ ကြံ၊ သကြား ထုတ်လုပ်ရောင်းချသူများထံမှ သိရှိရပါသည်။ လက်ရှိတွင် ပြည်ပသို့ တင်ပို့သည့် သကြားဖြူဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ရှိပြီး ပေါင်းသကြားမှာ တစ်ပိဿာလျှင် ကျပ် ၁၃၀၀ ရှိကြောင်း၊ အောက်တိုဘာလမှစတင်၍ သကြားအလုံးအရင်းတင်ပို့မှုကို ရပ်ဆိုင်းထားသဖြင့် ပြည်ပ တင်ပို့သည့်ဈေးမှာ ဆက်တိုက်ကျဆင်းလာကြောင်း သကြားကုန်သည်များထံမှ သိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင်ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ ဘားအံမြို့တွင် သကြား

| စဉ် | မြို့အမည် | သကြား (ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | ဇန်နဝါရီ ၁၈ | ဇန်နဝါရီ ၂၁ | ဇန်နဝါရီ ၂၂ | ဇန်နဝါရီ ၂၃ | ဇန်နဝါရီ ၂၄ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၁ | နေပြည်တော် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source:DACA-Domestic

တစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိ ရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို အထက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Trading Economic Website ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ကမ္ဘာ့သကြား ဈေးနှုန်းသည် ယခင်တစ်ပတ်ထက် ၁ ဒသမ ၀၁ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်သွားခဲ့သည်ကို လေ့လာ တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလနောက်ဆုံးပတ်အတွင်း ဈေးကွက်အတွင်း သကြားဈေးနှုန်းမှာ သိသိသာသာပြောင်းလဲမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၂၄ ရက် အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-


| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၁.၂၀၁၉ | ၁၀၄၃၅၀၀ | ၁၂၈၃ |
| ၂ | ၂.၁.၂၀၁၉ | ၁၀၄၅၅၀၀ | ၁၂၈၇ |
| ၃ | ၃.၁.၂၀၁၉ | ၁၀၄၈၅၀၀ | ၁၂၈၈ |
| ၄ | ၄.၁.၂၀၁၉ | ၁၀၅၀၀၀၀ | ၁၂၉၅ |
| ၅ | ၆.၁.၂၀၁၉ | ၁၀၄၇၀၀၀ | ၁၂၈၅ |
| ၆ | ၇.၁.၂၀၁၉ | ၁၀၄၉၅၀၀ | ၁၂၉၁ |
| ၇ | ၈.၁.၂၀၁၉ | ၁၀၄၆၀၀၀ | ၁၂၈၃ |
| ၈ | ၉.၁.၂၀၁၉ | ၁၀၄၄၅၀၀ | ၁၂၈၂ |
| ၉ | ၁၀.၁.၂၀၁၉ | ၁၀၄၈၀၀၀ | ၁၂၉၂ |
| ၁၀ | ၁၁.၁.၂၀၁၉ | ၁၀၄၅၀၀၀ | ၁၂၉၃ |
| ၁၁ | ၁၂.၁.၂၀၁၉ | ၁၀၄၅၀၀၀ | ၁၂၈၇ |
| ၁၂ | ၁၄.၁.၂၀၁၉ | ၁၀၄၇၅၀၀ | ၁၂၉၄ |
| ၁၃ | ၁၅.၁.၂၀၁၉ | ၁၀၄၆၀၀၀ | ၁၂၈၉ |
| ၁၄ | ၁၆.၁.၂၀၁၉ | ၁၀၅၀၀၀၀ | ၁၂၉၀ |
| ၁၅ | ၁၇.၁.၂၀၁၉ | ၁၀၅၅၀၀၀ | ၁၂၉၄ |
| ၁၆ | ၁၈.၁.၂၀၁၉ | ၁၀၅၄၀၀၀ | ၁၂၈၅ |
| ၁၇ | ၁၉.၁.၂၀၁၉ | ၁၀၅၂၅၀၀ | ၁၂၈၂ |
| ၁၈ | ၂၁.၁.၂၀၁၉ | ၁၀၅၅၀၀၀ | ၁၂၇၈ |
| ၂၀ | ၂၂.၁.၂၀၁၉ | ၁၀၅၃၅၀၀ | ၁၂၈၄ |
| ၂၁ | ၂၃.၁.၂၀၁၉ | ၁၀၅၄၀၀၀ | ၁၂၈၅ |
| ၂၂ | ၂၄.၁.၂၀၁၉ | ၁၀၅၃၀၀၀ | ၁၂၈၀ |

Source: estimate of world's exchange rate and gold price page

ယခုတစ်ပတ်အတွင်း ဗဟိုဘဏ် ရည်ညွှန်းငွေလဲနှုန်းသည် ယခင်တစ်ပတ်ထက် အနည်းငယ်မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၈ ကျပ်ရှိခဲ့ပြီး ဇန်နဝါရီ ၂၁ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၄၄ ကျပ်အထိ ပြန်လည်မြင့်တက်လာခဲ့ကာ ဇန်နဝါရီ ၂၂ ရက်တွင် ၁၅၃၈ ကျပ်၊ ဇန်နဝါရီ ၂၃ ရက်တွင် ကျပ် ၁၅၄၀၊ ဇန်နဝါရီ ၂၄ ရက်တွင် ၁၅၃၇ ကျပ်ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းပြင်ပငွေကြေးဈေးကွက်တွင် ဇန်နဝါရီ ၁၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၅၄၀၊ ဇန်နဝါရီ ၂၁ ရက်တွင် ၁၅၃၁ ကျပ်၊ ဇန်နဝါရီ ၂၂ ရက် တွင် ၁၅၃၆ ကျပ်၊ ဇန်နဝါရီ ၂၃ နှင့် ၂၄ ရက်တို့တွင် အမေရိကန်တစ် ဒေါ်လာလျှင် ၁၅၂၈ ကျပ်ပေါက်ဈေးရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

အမေရိကန်ဒေါ်လာဈေးကွက်သည် ယခုရက်ပိုင်းအတွင်း ဈေးနှုန်းအတက်အကျ မငြိမ်ဘဲ လတ်တလော ဒေါ်လာအရောင်း အဝယ်မှာ အရောင်းနှင့်အဝယ် မျှတသည့် အနေအထားတွင်ရှိပြီး အရောင်းအဝယ်ကောင်းမွန်ကြောင်း ရန်ကုန်မြို့တွင်းရှိ ငွေလဲကောင်တာအချို့ထံမှ သိရှိရပါသည်။ လက်ရှိငွေကြေးဈေးကွက် အတွင်း အမေရိကန်ဒေါ်လာဈေးအပေါ် မူတည်၍ အခြားနိုင်ငံခြားငွေကြေး ဈေးနှုန်းများလိုက်ပါပြောင်းလဲနေသည်ကို ငွေကြေးဈေးကွက်အတွင်းမှ လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.8 % ၊ Annual Rate of Inflation 6.66 % ၊ Year on Year Inflation က 8.33 % ရှိသည် ကိုလည်းလေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်အထိ နေ့အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား အောက်ပါ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source:Central Bank of Myanmar

ယုံကြည်မှုအားနည်းနေဆဲဖြစ်သည့် ကျပ်ငွေတန်ဖိုးမှာ ယခုနှစ်တွင်လည်း ဆက်လက်ကျဆင်းနေမည်ဖြစ်ပြီး ယမန်နှစ်ကဲ့သို့ ရုတ်ချည်း အတက်အကျကြမ်းသည့် ဖြစ်ရပ်မျိုး မပေါ်ပေါက်ရန် အတွက် ဗဟိုဘဏ်က စွမ်းဆောင်နိုင်ခြေ ရှိ/မရှိအခြေအနေမှာ ကြီးမားသည့် စိန်ခေါ်မှုတစ်ခု ဖြစ်ပါသည်။ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်တွင် အလှုပ် အခတ်နည်းပါးခဲ့သော ဒေါ်လာဈေးမှာ ၂၀၁၈ ခုနှစ်တွင် မထင်မှတ်လောက်အောင် အတက်အကျကြမ်းခဲ့သည့်အတွက် ၂၀၁၈ ခုနှစ်အတွင်း ပြည်တွင်းဒေါ်လာငွေလဲနှုန်းမှာ ၂၀ မှ ၂၅ ရာခိုင်နှုန်း ကျော် ထိုးတက်သွားရာ တစ်နည်းအားဖြင့် မြန်မာကျပ်ငွေတန်ဖိုးမှာ ၂၀ မှ ၂၅ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

တရားဝင်ငွေကြေးဈေးကွက်နှင့် ပြင်ပငွေကြေးဈေးကွက်မှာ လက်ရှိအချိန်ထိ အားပြိုင်နေဆဲဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ဒေါ်လာဈေး အလှုပ်အခတ်များအရ ပြင်ပဈေးကွက်ကပင် ပိုမိုအားကြီးနေဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထိုအခြေအနေသည် ငွေကြေးဈေးကွက်တစ်ခုလုံး တည်ငြိမ်ရန် လုပ်ဆောင်ရမည့် ဗဟိုဘဏ်၏ စွမ်းဆောင်ရည်ကို အကန့်အသတ်ဖြစ်စေပြီး ဈေးကွက်အတွင်း ရုတ်ခြည်းအတက်အကျဖြစ်မှုကို ထိရောက်စွာ ကိုင်တွယ်နိုင်ရန်ခက်ခဲစေသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် ကမ္ဘာ့စီးပွားရေးအခြေအနေနှင့် နိုင်ငံတကာဈေးကွက်များ၏ ရိုက်ခတ်မှုကို ခုခံနိုင်စွမ်းနည်းပါးသည့် မြန်မာ့ငွေကြေးဈေးကွက်မှာ ထိန်းသိမ်းရခက်သည့် အနေအထားတွင်သာရှိနေပြီး ဖွံ့ဖြိုးစ၊ ပြုပြင်ပြောင်းလဲရေးလုပ်စ မြန်မာနိုင်ငံအတွက် ကုန်သွယ်ရေးလိုငွေ၊ ဘတ်ဂျက်လိုငွေများမှာ ဆက်လက်ရှိနေမည်ဖြစ်ရာ ဒေါ်လာလိုအပ်ချက်လည်း မြင့်တက်နေဦးမည်ဖြစ်ပါသည်။ ဒေါ်လာငွေလဲလှယ်နှုန်းကို ၂၀၁၂ ခုနှစ် ဧပြီလတွင် ထိန်းချုပ်နှုန်းရှင်အဖြစ် စတင်ခဲ့ပြီး ခြောက်နှစ်အတွင်း ၁၀၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တစ်နည်းအားဖြင့် ကျပ်ငွေတန်ဖိုး ၁၀၀ ရာခိုင်နှုန်းကျဆင်းခဲ့ခြင်း ဖြစ်ပါသည်။

လက်ရှိပြည်တွင်းအခြေအနေတွင် ပြည်ပမှ နိုင်ငံခြားငွေလွှဲငွေပို့များ၊ ပြင်ပနိုင်ငံခြားငွေကြေးဈေးကွက်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု အခြေအနေနှင့် ပြည်တွင်းပို့ကုန် တိုးမြှင့်ရေးစသည့် မျက်နှာစာတိုင်းတွင် အားနည်းနေဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံခြားဘဏ်များကို ပြည်တွင်းလုပ်ငန်းများသို့ကျပ်၊ ဒေါ်လာနှစ်မျိုးလုံးဖြင့် ချေးငွေခွင့်ပြုလိုက်ခြင်းကြောင့် ဒေါ်လာလိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်ဆည်းနိုင်မည်ဖြစ်ပြီး နိုင်ငံခြားဘဏ်များ၏ ကျပ်ငွေလိုအပ်ချက်ကြောင့် ကျပ်နှင့်ဒေါ်လာလဲလှယ်နှုန်းကို အတက်အကျ မကြမ်းစေရန် အသင့်အတင့်ကုစားနိုင်မည် ဖြစ်ပေသည်။ ပြည်တွင်းငွေကြေးဈေးကွက် တည်ငြိမ်ရေးမှာ နိုင်ငံခြားဘဏ်များ ပြည်တွင်းဈေးကွက်သို့ ကျယ်ပြန့်စွာဝင်ရောက်လာရေး၊ ပို့ကုန်ပမာဏနှင့် အမျိုးအစားတိုးတက်လာရေး၊ ဗဟိုဘဏ်၏ မြန်ဆန်ထိရောက်သော ငွေကြေးမူဝါဒရေးရာ စီမံဆောင်ရွက်မှုများပေါ် မူတည်နေကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ဇန်နဝါရီ ၂၄ ရက်အထိ ရက်အလိုက်ဖြစ်ပေါ် ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၈-၁-၁၈ | ၂၁-၁-၁၉ | ၂၂-၁-၁၉ | ၂၃-၁-၁၉ | ၂၄-၁-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၃၈ | ၁၅၄၄ | ၁၅၃၈ | ၁၅၄၀ | ၁၅၃၇ | -၀.၀၆၅ | ↓ |
| ၂ | Thai Baht | THB | ၃၁.၇၀၀ | ၃၁.၇၂၀ | ၃၁.၇၈၀ | ၃၁.၇၃၀ | ၃၁.၆၉၀ | -၀.၀၃၂ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၅၅ | ၁.၃၅၈ | ၁.၃၅၉ | ၁.၃၅၉ | ၁.၃၅၈ | ၀.၂၂၁ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၁၁၀ | ၄.၁၁၃ | ၄.၁၂၅ | ၄.၁၃၄ | ၄.၁၃၇ | ၀.၆၅၇ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၈၃ | ၁၄၂၀၉ | ၁၄၂၁၇ | ၁၄၁၈၄ | ၁၄၁၅၃ | -၀.၂၁၂ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၇၇၇ | ၆.၇၈၄ | ၆.၇၉၉ | ၆.၇၉၉ | ၆.၇၈၈ | ၀.၁၆၂ | ↑ |
| ၇ | Indian Rupee | INR | ၇၁.၀၁၉ | ၇၁.၂၄၄ | ၇၁.၁၈၀ | ၇၁.၁၉၀ | ၇၁.၁၆၁ | ၀.၁၇၂ | ↑ |
| ၈ | Japanese Yen | JPY | ၁၀၉.၃၁၈ | ၁၀၉.၆၆၇ | ၁၀၉.၆၃၈ | ၁၀၉.၆၄၈ | ၁၀၉.၄၇၃ | ၀.၁၄၂ | ↑ |
| ၉ | Austrilia Dollar | AUD | ၁.၃၉၀ | ၁.၃၉၅ | ၁.၃၉၈ | ၁.၄၀၂ | ၁.၄၀၁ | ၀.၇၉၁ | ↑ |
| ၁၀ | Euro | EUR | ၀.၈၇၈ | ၀.၈၇၉ | ၀.၈၈၀ | ၀.၈၈၀ | ၀.၈၇၈ | ၀.၀၀၀ | |
| ၁၁ | Pound Sterling | GBP | ၀.၇၇၁ | ၀.၇၇၈ | ၀.၇၇၆ | ၀.၇၇၂ | ၀.၇၆၅ | -၀.၇၇၈ | ↓ |

Source:Central Bank of Myanmar

မြန်မာနိုင်ငံတွင် ယခုတစ်ပတ်အတွင်း ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်လာဈေးမတည်ငြိမ်မှုသည် တိုင်းပြည်စီးပွားရေးကို ထိခိုက်စေနိုင်ခြင်းကြောင့် ဒေါ်လာဈေးနှုန်း တည်ငြိမ်နေရန် လိုအပ်ပါကြောင်း၊ အစိုးရအနေဖြင့် ပြည်တွင်းကျပ်ငွေတန်ဖိုး တည်ငြိမ်ရေးဆောင်ရွက်ရာတွင် ရေရှည်တည်တံ့၍ စဉ်ဆက်မပြတ် အကျိုးသက်ရောက်မှုရှိစေမည့် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ပြည်တွင်းဒေါ်လာနှင့် ရွှေဈေးကွက် အပေါ်ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအား စဉ်ဆက်မပြတ်စောင့်ကြည့်၍ လိုအပ်သည့် ထိန်းကျောင်းမှုများ ဆောင်ရွက်သွားသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် ရန်ကုန်အထိုင် ဈေးကွက် တွင် အောက်တိုဘာလကုန်မှစ၍ ဈေးဆက်တိုက်ကျဆင်းခဲ့ရာမှ ဇန်နဝါရီ ၈ ရက်တွင် တစ်လီတာလျှင် ၁၅ ကျပ်နှုန်းဖြင့် ဈေးပြန်လည်မြင့်တက်ခဲ့ပြီးနောက် ယခုအချိန်အထိ စက်သုံးဆီဈေးနှုန်း များ အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း တွေ့ရှိရပါသည်။ ဇန်နဝါရီ ၈ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၆၉၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင်ကျပ် ၇၉၀၊ ဒီဇယ် တစ်လီတာလျှင် ၈၈၅ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာလျှင် ၈၉၅ ကျပ် ရောင်းဈေးရှိခဲ့ပြီး အဆိုပါဈေးနှုန်းများသည် ဇန်နဝါရီ ၂၄ ရက်အထိ ဈေးနှုန်းအတိုင်းဖြစ်ပြီး ဈေးဆက်လက်တည်ငြိမ်နိုင်သေးကြောင်း ဈေးကွက်ကျွမ်းကျင်သူအချို့၏ ပြောကြားချက်အရ လေ့လာသိရှိရပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းများမှာ ဥရောပနိုင်ငံများတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်း၊ အာရှနိုင်ငံများတွင် သုည ဒသမ ၃၀ရာခိုင်နှုန်း အသီးသီးဈေးနှုန်းမြင့်တက်ခဲ့ပြီး တောင်အမေရိက နိုင်ငံတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်းနှင့် တောင်အာဖရိက နိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်း အသီးသီး ဈေးနှုန်းကျဆင်းခဲ့ပြီး၊ ကနေဒါ၊ အမေရိကန်နှင့် ဩစတြေးလျ နိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာသိရှိရပါသည်။

အာရှဒေသနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ ပါကစ္စတန်နှင့် နီပေါ နိုင်ငံများ၏ ဈေးနှုန်းများမှာ တည်ငြိမ်နေပြီး၊ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်း များမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | ဇန်နဝါရီ ၁၈ | ဇန်နဝါရီ ၂၁ | ဇန်နဝါရီ ၂၂ | ဇန်နဝါရီ ၂၃ | ဇန်နဝါရီ ၂၄ | ဇန်နဝါရီ ၁၈ | ဇန်နဝါရီ ၂၁ | ဇန်နဝါရီ ၂၂ | ဇန်နဝါရီ ၂၃ | ဇန်နဝါရီ ၂၄ |
| ၁ | မြစ်ကြီးနား | ၃၇၀၈ | ၃၇၀၈ | ၃၇၀၈ | ၃၇၀၈ | ၃၇၀၈ | ၄၂၅၂ | ၄၂၅၂ | ၄၂၅၂ | ၄၂၅၂ | ၄၂၅၂ |
| ၂ | လားရှိုး | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၄၂၀၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ |
| ၅ | လွိုင်ကော် | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၆ | ဘားအံ | ၃၂၆၂ | ၃၂၆၂ | ၃၂၆၂ | ၃၃၀၈ | ၃၃၀၈ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၆၃ | ၄၁၆၃ |
| ၇ | မော်လမြိုင် | ၃၆၅၀ | ၃၆၅၀ | ၃၇၁၂ | ၃၇၁၂ | ၃၇၁၂ | ၄၁၄၀ | ၄၁၄၀ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ |
| ၈ | ထားဝယ် | ၃၆၀၀ | ၃၆၀၀ | ၃၈၇၀ | ၃၈၇၀ | ၃၈၇၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၉ | မြိတ် | ၃၅၅၅ | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၄၀၉၅ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ |
| ၁၁ | ပုသိမ် | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၀၀ | ၄၁၀၀ |
| ၁၂ | စစ်တွေ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ |
| ၁၃ | ဟားခါး | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ |
| ၁၄ | မုံရွာ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ |
| ၁၅ | မန္တလေး | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ |
| ၁၇ | မကွေး | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၁၈ | ပြည် | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၄၁၅၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | ၃၂၀၀ | ၃၂၅၀ | ၃၂၅၀ | ၃၂၅၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၅၅ | ၄၀၅၅ | ၄၀၅၅ |
| ၂၀ | ပျဉ်းမနား | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၄၂၇၅ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၂၁ | နေပြည်တော် | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၄၂၇၅ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၂၂ | ကလေး | ၃၉၅၅ | ၃၉၅၅ | ၃၉၅၅ | ၃၉၅၅ | ၃၉၅၅ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ |

Source : DOCA-Domestic

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

တရုတ်နှစ်သစ်ကူး နီးလာသောကြောင့်လည်း နယ်စပ်မှ တရုတ်သို့ ဆန်တင်ပို့မှုမှာ အနည်းငယ် လျော့ကျလာခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်တွင်းဆန်ဈေးကွက်၌ ဆန်ကြမ်း (ရှယ်စ) တစ်အိတ်လျှင် ယခင် ကျပ်၂၃၀၀၀ မှ ယခုကျပ် ၂၂၀၀၀ အထိ လျော့ဝယ်လာခြင်းများရှိနေပြီး လက်ရှိတွင် တရုတ်သို့တစ်ရက်လျှင် ပျမ်းမျှဆန်အိတ်ရေ သုံးသောင်းခန့်သာသွားကြောင်း ကုန်သည်များထံမှ သိရှိရပါသည်။

တရုတ်နယ်စပ်တွင် အရောင်းအဝယ်အေးနေသည့် အနေအထားရှိသည့်အတွက် အခြားနိုင်ငံများသို့ ထိုးဖောက်တင်ပို့ရောင်းချနိုင်ရန် လိုအပ်ပါကြောင်း၊ မြန်မာ့ဆန်ကို အများဆုံးဝယ်ယူကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နိုင်ငံများနှင့်လည်း G to G စနစ်ဖြင့် ညှိနှိုင်းရောင်းချမည့် အနေအထားရှိပါကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံနှင့် အာဖရိကနိုင်ငံများနှင့်လည်း ဆက်လက် ဆွေးနွေးရန် လိုအပ်နေပါကြောင်း၊ ယင်းအပြင် ယခုနှစ် ဆန်တင်ပို့ရာတွင် Action Plan တစ်ခုထွက်လာရန်ညှိနှိုင်းပြီး ဆွေးနွေးဆောင်ရွက်ရန်ရှိကြောင်းလည်း သိရှိရပါသည်။ အဆိုပါ Action Plan တွင် ဆန်စပါးထုတ်လုပ်မှု အရည်အသွေး သတ်မှတ်ချက်များနှင့် ဈေးကွက်သစ်ချိတ်ဆက်ရန် အတွက် သတင်းအချက်အလက် သုတေသနလုပ်ဆောင်မှုများ ပါဝင်မည်ဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၇ ကျပ် နှုန်းရှိပြီး၊ ဧည့်မထဆန်တစ်အိတ်လျှင် ၂၅၂၀၀ ကျပ်ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင် ၂၂၅ ကျပ်နှုန်းရှိပြီး၊ ဧည့်မထဆန် ၂၅မှတ် တစ်အိတ်လျှင် ၂၂၉၅၀ ကျပ် မှ ၂၃၁၇၅ ကျပ်ထိပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်နေကြောင်းလေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန် အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀သန်း၊ EU ၂ ဒသမ ၀၅၀ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၈၀၀ သန်း၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၇၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်း အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဇန်နဝါရီ ၁၈ မှ ၂၄ ရက်အတွင်းဖြစ်ပေါ်နေသောဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၁၈.၁.၂၀၁၉ | ၂၁.၁.၂၀၁၉ | ၂၂.၁.၂၀၁၉ | ၂၃.၁.၂၀၁၉ | ၂၄.၁.၂၀၁၉ |
| ၁ | ဧယာ | ၅ | ၂၀၆၀၀ | ၂၁၀၀၀ | ၂၁၀၀၀ | ၂၁၂၀၀ | ၂၁၂၀၀ |
| ၂ | ဧယာ | ၁၀ | ၂၀၂၀၀ | ၂၀၆၀၀ | ၂၀၆၀၀ | ၂၀၇၀၀ | ၂၀၇၀၀ |
| ၃ | ဧယာ | ၂၅ | ၁၈၇၀၀ | ၁၉၁၀၀ | ၁၉၂၀၀ | ၁၉၃၀၀ | ၁၉၄၀၀ |
| ၄ | ဧယာ | ၃၅ | ၁၈၄၀၀ | ၁၈၇၀၀ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၉၀၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၀၆၀၀ | ၂၀၈၀၀ | ၂၀၉၀၀ | ၂၀၇၀၀ | ၂၀၈၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၀၂၀၀ | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၂၀၀ | ၂၀၄၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၈၇၀၀ | ၁၉၁၀၀ | ၁၉၂၀၀ | ၁၉၃၀၀ | ၁၉၄၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၈၄၀၀ | ၁၈၇၀၀ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၉၀၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များ ရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ်၂၄၃၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့နှင့် ပြည်မြို့တို့တွင် ဧည့်မထဆန်သစ် တစ်ပြည်လျှင်ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပါသည်။

မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့် ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့်ဈေးကွက်သစ်များ ရှာဖွေနိုင်ရန် လိုအပ်နေပြီဖြစ်ပါသည်။ နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အထွက်နှုန်း၊ နည်းပညာ၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရန် ပိုမိုတွန်းအားပေး လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၄၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ကို သိရှိရပါသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ တတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများရှိသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၁၈.၁.၂၀၁၉ | ၂၁.၁.၂၀၁၉ | ၂၂.၁.၂၀၁၉ | ၂၃.၁.၂၀၁၉ | ၂၄.၁.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂ | လားရှိုး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၄ | တောင်ကြီး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၅ | လွိုင်ကော် | ၁၇၀၀(သစ်) | ၁၇၀၀(သစ်) | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၆ | ဘားအံ | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀ | ၉၅၀ | ၉၅၀ |
| ၇ | မော်လမြိုင် | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၈ | ထားဝယ် | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၉ | မြိတ် | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၀ | ရန်ကုန် | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၁ | ပုသိမ် | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၁၂ | စစ်တွေ | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၁၃ | ဟားခါး | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ |
| ၁၄ | မုံရွာ | ၁၈၀၀(သစ်) | ၁၈၀၀(သစ်) | ၁၇၅၀ | ၁၇၅၀ | ၁၇၅၀ |
| ၁၅ | မန္တလေး | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၆ | ပခုက္ကူ | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၇ | မကွေး | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၈ | ပြည် | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀ | ၉၅၀ | ၉၅၀ |
| ၁၉ | ပဲခူး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၂၀ | ပျဉ်းမနား | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၂၁ | နေပြည်တော် | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ |
| ၂၂ | ကလေး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |

Source-DOCA-Domestic

# စားသုံးသူများကို ကာကွယ်ဖို့ ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြကြပါစို့

[နိုင်ဦး - **DOCA**]

ယနေ့မြန်မာနိုင်ငံသည် တိုးတက်ဖွံ့ဖြိုးမှု အရှိန်ယူစပြုနေသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ကြိုးစားလျက်ရှိသည်။ နိုင်ငံတကာနှင့် ကူးလူးဆက်ဆံကာကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတကာထွက်ကုန် အမျိုးမျိုးကို ပုံစံအမျိုးမျိုးဖြင့် တင်သွင်းလျက်ရှိ၍ မြန်မာနိုင်ငံရှိ စားသုံးသူပြည်သူများသည် နိုင်ငံတကာမှထုတ်လုပ်ဖြန့်ချိသည့်လူသုံး၊ အိမ်သုံးပစ္စည်းများကိုတိုးတက်လာသော ခေတ်ကာလနှင့်အညီ ကျယ်ပြန့်တွင်ကျယ်စွာ ဝယ်ယူသုံးစွဲလျက်ရှိနေပါသည်။ ယနေ့ခေတ်သည် သတင်းခေတ်ဖြစ်၍ဖြစ်ပျက်မှုသတင်းအစုံစုံကို အချိန်တိုအတွင်း သိရှိနေရသည်။ တချို့လည်း ဝမ်းသာကျေနပ်စရာသတင်း၊ တချို့လည်း ဝမ်းနည်းကြေကွဲဖွယ်သတင်း၊ တချို့လည်း ငိုအားထက်၊ ရယ်အားသန်ဖြစ်ရသော သတင်းများဖြစ်သည်။ မျက်စိနာနေသောကလေးတစ်ဦးကို မျက်စဉ်းခတ်ရာ မျက်စဉ်းဆေးရည်ဘူးနှင့် စူပါဂလူးဆေးရည်ဘူး မှားခပ်၍ဆေးရုံသို့သွား၍ ကုသခဲ့ရတာတွေ၊ ဆပ်ပြာရည်ကို ပိုးသတ်ဆေးအမှတ်ဖြင့် စိုက်ခင်းထဲသုံးတာတွေ၊ ဝက်ပုံ၊ ကြက်ပုံပါသော အတောင့်ခဲများကို ဝက်၊ ကြက်အားဖြည့်စာဟူ၍ မသိဘဲ သရေစာအမှတ်ဖြင့်စားရာမှ မူးဝေအော့အန် ဖြစ်ရတာတွေ၊ နှလုံးငြိမ်ဆေးကိုသောက်ရမည့်အစားပုံစံတူ၊ အရွယ်တူဆေးကို အလွယ်ဝယ်ယူသောက်မိ၍ အသက် သေဆုံးတာတွေ၊ ယားနာလိမ်းဆေးကို မျက်နှာလိမ်းမိ၍ အလှပျက်ရတာတွေ၊ အရက်ပြန်နှင့် အရက်ပုလင်းမှားသောက်မိ၍ သေဆုံးကြရတာတွေ၊ ကင်ဆာပျောက်သည်၊ အေအိုင်ဒီအက်(စ်)ရောဂါပျောက်သည် ဆိုသည့် ဘာတွေရေးသားထားမှန်းမသိ၊ ဘာတွေပါဝင်မှန်းမသိဘဲ ပျောက်ချင်ဇောဖြင့် ဝယ်သောက်မိ၍ အချိန်မတိုင်ဘဲ အသက်ပျောက်ခဲ့တာတွေ စသည်ဖြင့် စုံလင်စွာဖတ်ရှုရသည်မှာ စိတ်မချမ်းမြေ့ဖွယ်ပင်ဖြစ်သည်။




အထက်ပါ ဖြစ်စဉ်သတင်းများသည် စားသုံးသူပြည်သူ ၅၁ သန်းကျော်ထဲတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်သတင်းများဖြစ်သည်။ ဤသို့ဖြစ်ရခြင်းအများစုမှာ မြန်မာနိုင်ငံအတွင်း ပြည်တွင်းမှထုတ်လုပ်သော၊ ပြည်ပမှ မှာယူတင်သွင်းသော လူသုံး၊ အိမ်သုံးပစ္စည်းများတွင် မြန်မာနိုင်ငံသားအများစု နားလည်သော မြန်မာဘာသာဖြင့် ဖော်ပြထားမှုမရှိ၍ ဖြစ်ပွားရခြင်းဖြစ်သည်။ ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ်များဖြစ်နေခြင်းဖြစ်သည်။ ဤသည်ကို အချိန်မီတားဆီးခြင်း မပြုလုပ်ပါက စားသုံးသူများအတွက် အန္တရာယ်ကြီးထွားလာနိုင်ပါသည်။ မရှုနိုင်မကယ်နိုင်ဖြစ်မှာ စိုးရိမ်ရပါသည်။ ဖြစ်မှကုစားခြင်းထက်မဖြစ်ခင် ကြိုတင်ကာကွယ်ရန်လိုအပ်နေပါသည်။

လူသုံးအိမ်သုံးပစ္စည်းများရယူသုံးစွဲရာတွင် မြန်မာဘာသာဖြင့် ထင်ရှားစွာ ရေးသားဖော်ပြထားခြင်းမရှိသောကြောင့် စားသုံးသူပြည်သူများ နစ်နာဆုံးရှုံးမှုများကြုံတွေ့လာ၍လည်းကောင်း၊ စားသုံးသူပြည်သူများ၊ လုပ်ငန်းရှင်များမှလည်း မိမိထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသော ပစ္စည်းများတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြနိုင်ရေး။ တောင်းဆိုလာကြ၍ လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည်စားသုံးသူများ၊ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သော လုပ်ငန်းရှင်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၆ ရက်တွင် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)ဖြင့် ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုလုပ်ရာတွင် စားသုံးသူများ ဘေးကင်းလုံခြုံစေရေးအတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန်ထုတ်ပြန်ခဲ့ပါသည်။

**စာမျက်နှာ ၂၅ သို့**





Head Office : အမှတ်(၂၆)၊နွယ်နီလမ်း၊အလုံမြို့နယ်၊ရန်ကုန်မြို့
01-2315858,09-250498321, Fax : 01 212372
HotLine- 09 260643388
မန္တလေး Showroom: မနော်ဟာရီလမ်း၊၅၉လမ်းထောင့်၊ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့
09 259278688,09 420260724,09 444185151
easyridermotorbikecoltd@gmail.com
http;//www.easyridermotorbike.com
www.facebook.com/bajajmyanmareasyrider

T.S. LINES 德翔海運

# T.S. LINES LIMITED.

CARRIER KING




As Agent : Carrier King Logistics Services Limited.
No. 62, Room No. 603, 6th Floor, Maharbandoola Housing Complex(C),
Tawataintha Street, Pazundaung Township, Yangon, Myanmar.

Tel/Fax : (+951) 8610424, (+951) 9000198, (+951) 9000670
Mobile : (+959) 732 33844, (+959) 732 33845, (+959) 5175520
Email : ckgm@ckshipping.com.mm

WP

Branch of Singapore
HTG
YOUR LOGISTICS PARTERTNER

# WING POWER COMPANY LIMITED

## (Freight Forwarding & General Services)



**Address : Building 40,No#2,Yanshin Road,Yankin Township, Yangon,Myanmar.**
**H.P : +95 973053154, 09 420000204**

| No | HS. Code | name | MFN tax rate (%) | Tentative tax rate for 2019 (%) |
|---|---|---|---|---|
| 269 | 30021200 | Antiserum and other blood components | 3 | 0 |
| 270 | 30021300 | Non-mixed immune products | 3 | 0 |
| 271 | 30021400 | Mixed immune products | 3 | 0 |
| 272 | 30021500 | Immunization products that have been dosed or made into retail packaging | 3 | 0 |
| 273 | 30021900 | Antiserum, other blood and immune products | 3 | 0 |
| 274 | 30022000 | People with a vaccine | 3 | 0 |
| 275 | 30029040 | Genetic material and genes modify organisms | 3 | 0 |
| 276 | 30029090 | Other blood;Animal blood products for the treatment of diseases;Other toxins, cultured microorganisms and similar products | 3 | 0 |
| 277 | 30044900 | Drugs containing alkaloids and their derivatives that have anticancer properties (mixed or unmixed, prescribed for treatment or prevention or retail package) | 5 | 0 |
| 278 | 31031110 | Heavy superphosphate | 4 | 1 |
| 279 | 31031190 | Other calcium superphosphate containing more than 35% phosphorus pentoxide | 4 | 1 |
| 280 | 31031900 | Other superphosphate | 4 | 1 |
| 281 | 31039000 | Other mineral or chemical phosphate fertilizers | 4 | 1 |
| 282 | 31042090 | Other potassium chloride | 3 | 1 |
| 283 | 31043000 | Potassium sulfate | 3 | 1 |
| 284 | 31049010 | Carnallite, potassium salt and other natural coarse potassium salt | 3 | 1 |
| 285 | 31049090 | Other mineral potash and chemical potash | 3 | 1 |
| 286 | 31051000 | Fertilizer made in sheets and similar shapes or of a gross weight not exceeding 10 kg | 4 | 1 |
| 287 | 31054000 | Ammonium dihydrogen phosphate and a mixture of ammonium dihydrogen phosphate and ammonium dihydrogen phosphate | 4 | 1 |
| 288 | 31055100 | Fertilizer containing nitrate and phosphate | 4 | 1 |
| 289 | 31055900 | Other fertilizers containing nitrogen and phosphorus | 4 | 1 |
| 290 | 31056000 | A fertilizer containing two elements, phosphorus and potassium | 4 | 1 |
| 291 | 31059010 | Organic and inorganic compound fertilizer | 4 | 1 |
| 292 | 31059090 | Other fertilizer | 4 | 1 |
| 293 | 32029000 | Without the chrome tanning agent | 6. 5 | 3 |
| 294 | 32082010 | Coatings for optical fibre dispersing or dissolving in non-aqueous media (main components are polyamines acrylates) | 10 | 6 |
| 295 | 32089010 | Coatings for optical fiber (mainly composed of polyurethane acrylates) | 10 | 6 |
| 296 | 32100000 | Coatings for optical fibers | 10 | 6 |
| 297 | 33012500 | Other peppermint oils | 15 | 5 |
| 298 | 33012999 | Sassafras oil | 15 | 7 |
| 299 | 33013010 | Iris coagulate fat | 20 | 10 |
| 300 | 33051000 | shampoo | 3 | 2 |
| 301 | 34031100 | Textile materials, leather and other materials treating agent | 10 | 8 |
| 302 | 34031900 | Mineral oil < 70% lubricant | 10 | 8 |
| 303 | 34039100 | Textile materials, leather and other materials without mineral oil | 10 | 8 |
| 304 | 35030010 | gelatin | 12 | 5 |
| 305 | 35051000 | Dextrin and other modified starch | 12 | 6 |
| 306 | 35079090 | Raw materials for cancer drugs (asparaginase) | 6 | 0 |
| 307 | 37011000 | An unexposed X-ray | 20 | 10 |
| 308 | 37019920 | An unexposed hard plate of quartz glass substrate | 6. 3-5 | 5% (ဝ-နှစ်ဝက်) |
| 309 | 37024292 | Red or infrared laser film, width >80cm, length greater than 1000m | 2. 4 | 1. 05 |
| 310 | 37071000 | Photographic emulsion (non-silver) | 8 | 4 |
| 311 | 38011000 | Artificial graphite | 6. 5 | 3 |
| 312 | 38151200 | A carrier catalyst with precious metals and their compounds as active substances | 6. 5 | 4 |
| 313 | 38231200 | Oleic acid | 16 | 8 |
| 314 | 38231900 | Vegetable sour oil | 16 | 5 |
| 315 | 38237000 | Industrial fatty alcohols | 13 | 9 |
| 316 | 38249999 | High titanium slag (titanium dioxide mass percentage content > 70%) | 6. 5 | 0 |
| 317 | 38249999 | Mixtures containing 50% or more zinc oxide by weight | 6. 5 | 3 |
| 318 | 39011000 | Polyethylene with specific gravity less than 0.94 (CIF import price above $3,800 / ton) | 6. 5 | 3 |
| 319 | 39012000 | Polyethylene with a specific gravity of 0.94 or above (CIF import price above $3,800 / ton) | 6. 5 | 3 |
| 320 | 39021000 | Polypropylene resin for electrical grade primary shape (ash content no more than 30ppm) | 6. 5 | 3 |
| 321 | 39072010 | Polytetramethylene ether glycol | 6. 5 | 3 |
| 322 | 39073000 | Bromine with a mass percentage of 18% or above or imported epoxy resin with CIF price above $3,800 / ton (if dissolved in solvents, convert the percentage of bromine into pure epoxy resin) | 6. 5 | 4 |
| 323 | 39074000 | Polycarbonate of primary shape | 6. 5 | 3 |
| 324 | 39077000 | Polylactic acid | 6. 5 | 3 |
| 325 | 39119000 | Trimellitic anhydride and isocyanic acid precondensates | 6. 5 | 3 |
| 326 | 39119000 | Aryl acid and aryl amine precondensates | 6. 5 | 3 |
| 327 | 39119000 | Modified trihydroxyethyl ureate precondensates | 6. 5 | 3 |
| 328 | 39201010 | Battery diaphragm made of vinyl polymer | 6. 5 | 3 |
| 329 | 39209100 | Polyvinyl butyral film (thickness not exceeding 3mm) | 6. 5 | 3 |
| 330 | 39209990 | Polyimide film (thickness not exceeding 0.03 mm) | 6. 5 | 3 |
| 331 | 39219090 | Ion exchange membrane | 6. 5 | 5 |
| 332 | 39269090 | Polyurethane condoms | 10 | 0 |
| 333 | 40011000 | Natural latex | 20 | 10% |
| 334 | 40012100 | Natural rubber smoked film | 20 | 20% |
| 335 | 40012200 | Technical classification natural rubber (TSNR) | 20 | 20% |
| 336 | 40112000 | Tires with a section width of 30 inches or more | 10 | 8 |
| 337 | 40117010 | Tires with a section width of 24 inches or more | 17 | 8 |
| 338 | 40118012 | Tires with a section width of 24 inches or more | 17 | 8 |
| 339 | 40118092 | Tires with a section width of 24 inches or more | 25 | 8 |
| 340 | 40119010 | Tires with a section width of 30 inches or more | 17 | 8 |
| 341 | 40119090 | Tires with a section width of 30 inches or more | 25 | 8 |
| 342 | 40121300 | Retread tires for aircraft | 20 | 4 |
| 343 | 40169500 | Capsule for hydraulic isolated accumulator | 18 | 9 |
| 344 | 40169910 | Milk line | 8 | 4 |
| 345 | 40169990 | Capsules for emu, external air baffles | 10 | 5 |
| 346 | 41012020 | Raw donkey skin | 5 | 2 |
| 347 | 41041111 | Whole grain unsplit or grain split blue wet cowhide | 6 | 3 |
| 348 | 41041911 | Other blue wet cowhide | 6 | 3 |
| 349 | 41044100 | Full grain unsplit or grain split dry leather | 5 | 3 |
| 350 | 41051010 | Wet blue sheep or lamb skins | 14 | 10 |
| 351 | 41062100 | Wet blue goatskin | 14 | 10 |
| 352 | 41063110 | Wet blue pigskin | 14 | 10 |
| 353 | 43011000 | Whole raw mink skin | 15 | 10 |
| 354 | 43016000 | Whole raw fox skin | 20 | 10 |
| 355 | 43018090 | Whole other sheet of raw fur | 20 | 15 |
| 356 | 44089012 | Veneer for temperate non-coniferous wood finishes, whether planed, sanded, spliced or jointed, not exceeding 6 mm thick | 3 | 1 |
| 357 | 44089019 | Veneer for furniture | 3 | 1 |
| 358 | 44089029 | Veneer for plywood | 3 | 1 |
| 359 | 45011000 | Raw or simply processed natural cork | 6 | 1 |
| 360 | 45031000 | Natural cork | 8 | 4 |
| 361 | 45041000 | Pressed cork | 8 | 4 |
| 362 | 48022010 | Photographic paper | 6 | 5 |
| 363 | 48064000 | High gloss transparent or translucent paper | 6 | 5 |
| 364 | 48070000 | Composite paper and board in rolls or sheets | 6 | 5 |
| 365 | 48115110 | A roll or sheet of bleached color paper with a weight of more than 150 grams per square meter, coated on both sides with plastic paper | 6 | 1 |
| 366 | 49070090 | License certificate (including software upgrade license, software user license, etc.Except game software upgrade license and game software user license) | 6 | 0 |
| 367 | 52101100 | Blended with chemical fiber into unbleached light muslin | 8 | 6 |
| 368 | 52101990 | Blended with chemical fibres for other light unbleached cotton goods | 8 | 6 |
| 369 | 52111100 | Blended with chemical fiber into unbleached heavy muslin | 8 | 6 |
| 370 | 52111200 | Chemical fiber blend unbleached heavy three - or four-wire denim | 8 | 6 |
| 371 | 52122100 | Other heavy cotton blends, unbleached | 8 | 6 |
| 372 | 53012100 | Broken or beaten flax | 6 | 1 |
| 373 | 53013000 | Tow and waste flax | 6 | 1 |
| 374 | 56013000 | Fibers (core-skin structure or side-by-side structure or island structure) of two or more organic polymers, not exceeding 5 mm in length | 8 | 5 |
| 375 | 56039110 | Battery diaphragm base cloth of vinyl polymer | 8 | 5 |
| 376 | 56039210 | Battery diaphragm base cloth of vinyl polymer | 8 | 5 |
| 377 | 56039310 | Battery diaphragm base cloth of vinyl polymer | 8 | 5 |
| 378 | 61101200 | Cashmere wool knitted or crocheted pullover | 6 | 5 |
| 379 | 62011100 | Men's woollen overcoat and cloak | 6 | 5 |
| 380 | 62011290 | Men's coat and cloak of cotton | 6 | 5 |
| 381 | 62021100 | A woman's coat or cloak of wool | 6 | 5 |
| 382 | 62021290 | A woman's coat and cloak of cotton | 6 | 5 |
| 383 | 62031100 | Men's woollen suit | 8 | 5 |
| 384 | 62033100 | Men's coat of wool | 6 | 5 |
| 385 | 62041100 | Women's woollen suit | 8 | 5 |
| 386 | 62043100 | Women's woollen blouse | 6 | 5 |
| 387 | 62141000 | A silk scarf or scarf | 6 | 5 |
| 388 | 62142010 | Shawl and scarf of wool | 6 | 5 |
| 389 | 62142020 | Shawl and shawl of cashmere | 6 | 5 |
| 390 | 63012000 | Woolen blankets and travel blankets | 6 | 5 |
| 391 | 68061090 | Mineral fiber, slag ball content less than 5% | 10 | 5 |
| 392 | 69060000 | Ceramic bushing, conduit, conduit and pipe fittings | 15 | 10 |
| 393 | 70023110 | Waveguide grade quartz glass tubes for optical fibers | 5 | 1 |
| 394 | 70023900 | Glass capillaries and positioner tubes for LLL assemblies for optical communication (outside diameter less than 3mm) | 12 | 3 |
| 395 | 70031900 | Raw glass for liquid crystal or organic light-emitting diode (OLED) displays, including alkali-containing glass for protective screens | 15 | 3 |
| 396 | 70049000 | Optical plate glass, less than 0.7mm thick | 15 | 9 |
| 397 | 70052900 | Raw glass for liquid crystal or organic light-emitting diode (OLED) displays, including alkali-containing glass for protective screens | 10 | 3 |
| 398 | 70060000 | LCD glass substrate,6 generations (1850mm*1500mm) or above, excluding 6 generation | 10 | 4 |
| 399 | 70060000 | Liquid crystal glass substrate,6 generations (1850mm*1500mm) and below | 10 | 6 |
| 400 | 70071110 | Windscreens of aircraft with a dead weight of 25 tons or more | 2 | 1 |
| 401 | 70099100 | Trough solar parabolic reflector | 14 | 10 |
| 402 | 70112090 | Display the tube glass shell and its parts | 10 | 6 |
| 403 | 70140090 | Filter glass with anti-infrared and anti-reflection film | 15 | 9 |
| 404 | 70182000 | Fused spherical silica powder, diameter less than or equal to 100um | 15 | 5. 5 |
| 405 | 70189000 | Glass eye prosthesis;Glass statues and glass ornaments made by lamp maker | 15 | 10 |
| 406 | 70200011 | Conductive glass | 10 | 7 |
| 407 | 70200099 | Quartz glass, flatness less than or equal to 1 micron | 10 | 4 |
| 408 | 71011011 | Ungraded natural black pearl | 21 | 0 |
| 409 | 71011091 | Other natural black pearls | 21 | 0 |
| 410 | 71012110 | Cultured black pearl | 21 | 0 |
| 411 | 71012190 | Cultured black pearl | 21 | 0 |
| 412 | 71012210 | Cultured black pearl | 21 | 0 |
| 413 | 71012290 | Cultured black pearl | 21 | 0 |
| 414 | 71049012 | Sapphire substrate (manufactured from synthetic corundum, less than 0.5mm thick) | 4 | 1 |
| 415 | 71129220 | Scrap materials containing other platinum or platinum compounds with a platinum content of more than 3% | 6 | 0 |
| 416 | 71159010 | Industrial or laboratory use of expensive or wrapped precious metal products | 3 | 0 |
| 417 | 72024100 | Ferrochrome, carbon content > 4% | 2 | 0 |

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၁၉ ခုနှစ် အကုန်တွင် အဂတိလိုက်စားမှုများ အတိုင်းအတာတစ်ခုအထိ လျော့ကျသွားလိမ့်မည်

[ မောင်လွင်ပြင် ]

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ပဲခူးမြို့၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့၏။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ နည်းပညာအကူအညီလည်း ရယူခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲခေါင်းစဉ်က "တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ" ဟူ၍ဖြစ်သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌဦးအောင်ကြည်၏စကားအများစုသည် မှတ်သားဖွယ်ရာများဖြစ်သည်။ အဂတိလိုက်စားမှုဘေးဒဏ်သင့်မည့်အရေးရှောင်တိမ်းနေရသည့် ပြည်သူများအတွက်လည်း သိသင့်သိထိုက်သည့် အချက်များပါဝင်သည်။ ထို့ကြောင့် ကောက်နုတ်တင်ပြချင်ပါသည်။ ကော်မရှင်ဥက္ကဋ္ဌက "ဆယ်စုနှစ်များစွာ လွှမ်းမိုးကြီးထွားခဲ့သော အဂတိလိုက်စားမှု စနစ်ဆိုးသည် နိုင်ငံ၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် လူမှုယဉ်ကျေးမှုဘဝကြီးတစ်ခုလုံးကို အကြီးအကျယ် ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခဲ့သည်ကို လူတိုင်း သိရှိနားလည်ထားပြီးဖြစ်ကြောင်း ပြောသည်။ အဂတိလိုက်စားခြင်းသည် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းဖြစ်သည့်အတွက် ဆယ်စုနှစ်များစွာ ကိုယ်ကျင့်တရားပျက်ယွင်းနေခဲ့သော လူမှုယဉ်ကျေးမှုပတ်ဝန်းကျင်အတွင်း ရှင်သန်ခဲ့ရသည့် နိုင်ငံသူနိုင်ငံသားများ၏ ဂုဏ်သိက္ခာသည်လည်း များစွာ ထိခိုက်ကျဆင်းခဲ့ရသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဖြစ်စေ၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ပေါ်ထွန်းရေးအနေဖြင့်ဖြစ်စေ၊ နိုင်ငံတော်အစိုးရ၏ ပြင်းပြသည့် နိုင်ငံရေးဆန္ဒနှင့် အညီ ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်သည့်အနေဖြင့်ဖြစ်စေ ကော်မရှင်က ဦးဆောင်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်နေခြင်းသည် မည်သူ့အတွက်မျှ ခြိမ်းခြောက်မှုမဖြစ်လိုကြောင်း ဆိုခဲ့သည်။ ထို့ကြောင့် အစိုးရဌာန အဖွဲ့အစည်းများ အပါအဝင် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပြည်သူတစ်ရပ်လုံး ဂုဏ်သိက္ခာပြန်လည်မြင့်မားလာရေးအတွက် အဂတိလိုက်စားမှုဝိုင်းဝန်းတိုက်ဖျက်ရေးသည် လက်လွတ်မခံသင့်သည့် အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု ဦးအောင်ကြည်က နှိုးဆော်တိုက်တွန်းပြောဆိုခဲ့သည်။ ဆိုလိုသည်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် အားလုံးပါဝင်ဆောင်ရွက်ရေးသည် နိုင်ငံဂုဏ်သိက္ခာ ပြန်လည်မြင့်တက်ရေး၊ ပြည်သူများဂုဏ်သိက္ခာ ပြန်လည်မြင့်မားရေး သိက္ခာဆယ်ပွဲကြီးဖြစ်သည်ကို ဆိုလိုခြင်းဖြစ်သည်။

ထို့နောက် ကော်မရှင်၏ အဂတိလိုက်စားရခြင်းများ တိုက်ဖျက်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်း ပွင့်လင်းမြင်သာရှင်းလင်းပြသည်။ လာဘ်ပေးလာဘ်ယူခြင်း၊ ခြောက်လှန့်တောင်းခံခြင်း၊ ရုံးဌာနများတွင် ပုံစံအမျိုးမျိုးဖြင့် ငွေကြေးပေးရခြင်း၊ တံစိုးလက်ဆောင်ပေးရခြင်း၊ ယူခြင်း၊ တရားမဝင်ဂိတ်ကြေးပေးရခြင်း၊ ဘက်လိုက်ခြင်း၊ မျက်နှာသာပေးခြင်း၊ ဆရာမွေးတပည့်မွေးခြင်း၊ ပြည်သူ့ဘဏ္ဍာရန်ပုံငွေနှင့် မြေယာအဆောက်အအုံအပါအဝင် အများပြည်သူပိုင်ဆိုင်မှုများကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ထိခိုက်နစ်နာဆုံးရှုံးစေခြင်း၊ အများပြည်သူဆိုင်ရာ ရုံးဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်ပြီး အများပြည်သူအကျိုးစီးပွားကို လျစ်လျူရှုပြီး ပုဂ္ဂလိကအကျိုးစီးပွားများသာ ပြုလုပ်ခြင်း၊ အဖြစ်မှန်ကိုဖုံးကွယ်ပြီး မှားယွင်းသော အုပ်ချုပ်ရေးစနစ်ကို အကာအကွယ်ပြုပေးခြင်း၊ ပြည်သူကပေးအပ်ထားသော အခွင့်အာဏာကို အလွဲသုံးစားပြုခြင်းစသည့် အဂတိလိုက်စားမှုများကို ကော်မရှင်အနေဖြင့် တိုက်ဖျက်ရခြင်းသည် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်နှင့်အညီ ကောင်းမွန်သောကိုယ်ကျင့်တရားများ ဖွံ့ဖြိုးအားကောင်းလာစေရန် ဆောင်ရွက်နေခြင်းသာဖြစ်ပြီး တစ်ဦးတစ်ယောက်တစ်ဖွဲ့ကို ထိခိုက်နစ်နာစေရန် ဆန္ဒဂါမိ ဆန္ဒကတိနောက်သို့ လိုက်ပါခြင်းမရှိကြောင်းများကို အတိအလင်း ကြေညာသည့်သဖွယ် ဥက္ကဋ္ဌဦးအောင်ကြည်ကရှင်းပြထားသည်။ ယင်းသို့ အတိအလင်းရှင်းပြခြင်းသည် ကောင်းမွန်၏။ အစိုးရ၊ အရာထမ်း၊ အမှုထမ်းများအကြား ပေါ်ပေါက်နေသော သို့လော သို့လော ကောလာဟလများကိုလည်း အမြင်ရှင်းသွားစေမည်။

ထို့ပြင် ကမ္ဘာ့ဘဏ်အုပ်စု၏ အဂတိလိုက်စားမှု (corruption) အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း ရှင်းပြထားသေးသည်။ "အဂတိလိုက်စားမှုဆိုသည်မှာ ပုဂ္ဂလိက အကျိုးစီးပွားအလို့ငှာ အများပြည်သူဆိုင်ရာ ရုံးဌာနတစ်ခုကို အလွဲသုံးစားပြုခြင်း" ဖြစ်သည်။ ယင်းသည် ကမ္ဘာ့ဘဏ်အုပ်စု၏ အဓိပ္ပာယ် ဖွင့်ဆိုချက်ဖြစ်သည်။ ယင်းအနက် အဓိပ္ပာယ်အရ ဥက္ကဋ္ဌဦးအောင်ကြည်က ယခုလို အစိုးရရုံးဌာနဝန်ထမ်းများအား အသိပညာပေးသည်။ အများပြည်သူ၏ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ထားသော အများပြည်သူက ပိုင်ဆိုင်သော ရုံးဌာနတစ်ခုတွင် အများပြည်သူကပေးအပ်ထားသော လစာနှင့်ခံစားခွင့်များကို ရယူခံစားလျက် အများပြည်သူက တာဝန်အပ်နှင်းထားသဖြင့် လုပ်ပိုင်ခွင့်အာဏာရှိနေသော ပုဂ္ဂိုလ်တစ်ယောက်သည် အများပြည်သူလူထု၏ အကျိုးစီးပွားအတွက်သာလျှင် အပြည့်အဝဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ ရာထူးဌာနကို အသုံးပြု၍ ပုဂ္ဂလိကထံမှ ငွေကြေးကောက်ခံခြင်း သို့မဟုတ် အခြားနည်းဖြင့် ပုဂ္ဂလိကအကျိုးစီးပွားကို မိမိအတွက်နှင့်မိမိအထက်အရာရှိအတွက် ရံဖန်ရံခါရှာဖွေပေးရသည် ဆိုလျှင်ပင် ထိုသူသာမက သူ၏အထက်အရာရှိကိုပါ အဂတိလိုက်စားမှုပြစ်မှုကို ကျူးလွန်ရာရောက်သည်။ အထက်အရာရှိများသည် မိမိကိုယ်တိုင်ကင်းရှင်းရမည့်အပြင် မိမိလက်အောက်မှပုဂ္ဂိုလ်များ အဂတိလိုက်စားမှုမဖြစ်အောင် လုံလောက်သည့် ထိန်းကျောင်းမှုများ ပြုလုပ်ပေးရန်တာဝန်ရှိသည်။ ယင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အုပ်ချုပ်ရေးတွင် တာဝန်ယူမှုရှိခြင်း (Accountability in Administration) ပင်ဖြစ်သည်ဟူ၍ ပြောကြားခဲ့၏။ အမှန်တော့ ပြည်သူ့အရာထမ်း၊ အမှုထမ်းများအား အဂတိတရားကင်းရှင်းရေး အသိပညာ ထပ်မံဖြန့်ဝေပေးခြင်းဟု မှတ်ယူနိုင်သည်။ ကော်မရှင်က အသိပညာပေးခြင်းအလုပ်ကို ထိရောက်စွာလုပ်ဆောင်နေကြောင်းကိုလည်း ပေါ်လွင်စေသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ (TI) ၏ အဂတိလိုက်စားမှု အဓိပ္ပာယ်ဖွင့်သည်။

"အဂတိလိုက်စားမှုဆိုသည်မှာ ပုဂ္ဂလိက အကျိုးအမြတ်အလို့ငှာ ယုံကြည်အပ်နှံထားသော ပါဝါကို အလွဲသုံးစားပြုခြင်း" ဟု ဖွင့်ဆိုထား၏။ ကမ္ဘာ့ဘဏ်အုပ်စု အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်မနီးယိုးစွဲဖြစ်သည်။ ယင်း TI အဖွဲ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထောက်ရှုပြီး ကော်မရှင်ဥက္ကဋ္ဌဦးအောင်ကြည်က စီးပွားရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်း၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်း၊ အရပ်ဘက်အဖွဲ့အစည်း၊ အမွေဆက်ခံမှု၊ ထိမ်းမြားလက်ထပ်ခြင်း၊ ပညာသင်ကြားခွင့်၊ ရာထူးခန့်အပ်ခြင်း၊ ရွေးကောက်ပွဲအပါအဝင် ကျယ်ပြန့်စွာလွှမ်းခြုံမှုရှိသော နယ်ပယ်အသီးသီးတွင် အဂတိလိုက်စားမှုများ ပေါ်ပေါက်နိုင်သည်ဟု အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာအဖွဲ့၏ အဂတိလိုက်စားမှု အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှင်းလင်းပြသည်။ ထို့ကြောင့် အဂတိလိုက်စားမှုသည် အစိုးရအဖွဲ့အစည်းများ အပါအဝင်ဖြစ်သော အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများသာမက ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်လည်း သက်ဆိုင်နေသည်။ သို့ဖြစ်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်ငြိစွန်းလာလျှင်အရေးယူခြင်းခံရမည်။ အရေးယူမခံရစေရန် အကောင်းဆုံးလုပ်ဆောင်နိုင်သည့် နည်းလမ်းမှာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် မိမိတို့အဖွဲ့အစည်းအလိုက် ကျင့်ဝတ်များ ရေးဆွဲထားကြပြီး လိုက်နာကျင့်သုံးရမည်ဖြစ်သည်ဟု ဆိုထားသည်။ ကော်မရှင်ကတော့ ဥပဒေနှင့်ငြိစွန်းလာလျှင် အရေးယူမည်ကို တိတိလင်းလင်း ကြေညာခြင်းဖြစ်သည်ဟုမြင်သည်။ ကော်မရှင်သည်ဥပဒေအပြင် မည်သူ့မျှမရှိကိုလည်း ကြေညာလိုက်ခြင်းဖြစ်၏။

ထို့ပြင်ကော်မရှင်သည် မျှော်လင့်ချက်တစ်ခုကိုလည်း တင်ပြသွားပါသေးသည်။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အုပ်ချုပ်ရေးအပိုင်းကသော် လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများကသော် လည်းကောင်း၊ တာဝန်ယူမှုမြင့်တင်နိုင်ကြမည်ဆိုလျှင် နိုင်ငံ၏အဂတိလိုက်စားမှုအခြေအနေသည် အတိုင်းအတာတစ်ခုအထိ လျော့ကျလာသည်ကို ၂၀၁၉ ခုနှစ် အကုန်ပိုင်းတွင် စတင်တွေ့မြင်လာရနိုင်ဖွယ်ရှိသည်ဟုဆိုသည်။ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်(၂၀၁၈-၂၀၂၁) နှင့်အညီ ၂၀၁၉ ခုနှစ်အတွက် လုပ်ငန်းစီမံချက် (Action Plan) ရေးဆွဲပြီး နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့ရာ ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် ခလုတ်ကန်သင်း တစ်ခုသဖွယ်ဖြစ်နေသော အဂတိလိုက်စားမှုများကို ပိုမိုတိုက်ဖျက်သွားနိုင်မည်ဟု ယုံကြည်ကြောင်းကိုလည်း ထည့်သွင်းပြောကြားသွားပါသည်။

**(စာရေးသူ၏အာဘော်သာဖြစ်ပါသည်)**



# ဒန့်သလွန်အသီး၊ အရွက် (moringa) နှင့် မြင်းခွာရွက် (pennywort) တို့အား အခြောက်ခံ၍ ဂျာမနီနိုင်ငံသို့ တင်ပို့နိုင်ရေးလုပ်ဆောင်

မြန်မာနိုင်ငံမှ ဆေးဘက်ဝင် ဟင်းသီးဟင်းရွက်များဖြစ်သော ဒန့်သလွန်အသီး၊ အရွက် (moringa) နှင့် မြင်းခွာရွက် (pennywort) တို့အား အခြောက်ခံ၍ ဂျာမနီနိုင်ငံသို့ တင်ပို့နိုင်ရေး ဆောင်ရွက်နေကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ဒန့်သလွန်ရွက်၊ မြင်းခွာရွက်တို့အား အခြောက်ပြုလုပ်ရာ၌ မှိုမတက်ရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရေးအတွက် ဂျာမန်ဘက်မှ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် ဈေးကွက်ရရှိစေရန် မြန်မာသံရုံး၊ ဘာလင်မြို့အနေဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။ ယခုအခါတွင် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပဒေသတို့တွင် ဒန့်သလွန်ရွက်ခြောက် (moringa) ကို ဆေးစွမ်းအာနိသင်ရှိသော စားသောက်ဖွယ်အဖြစ် ဈေးနှုန်းမြင့်မားစွာ ရောင်းချသုံးစွဲလျက်ရှိကြောင်း သိရသည်။ အဆိုပါ ဆေးဘက်ဝင် ဟင်းသီးဟင်းရွက်တို့အား အခြောက်ခံ၍ ဂျာမနီနိုင်ငံသို့ တင်ပို့နိုင်ရေး ရည်ရွယ်၍ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးသည် Honourable Mr.Kutlitz နှင့် International Economic Council(IWR) မှ CEO ဖြစ်သူ Mr.Tino Barth တို့အား ဇန်နဝါရီလ ၂၂ ရက်နေ့တွင် သံအမတ်ကြီးနေအိမ်သို့ ဖိတ်ကြား၍ ဒန့်သလွန်ရွက်၊ ဒန့်သလွန်သီးနှင့် မြင်းခွာရွက်တို့ကို မြန်မာနိုင်ငံတွင် စားသောက်ပုံနှင့် ရိုးရာ ဓလေ့ထုံးတမ်းအရ ရရှိနိုင်သော အကျိုးအာနိသင်များကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ ဂျာမနီနိုင်ငံတွင် နိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး တိုးမြှင့်ရန် အဓိကရည်ရွယ်သည်။ ဒန့်သလွန်သီးတွင် အာဟာရအမျိုးပေါင်း ၉၀ ပါဝင်ပြီး ကင်ဆာရောဂါကို ကာကွယ်နိုင်တဲ့ antioxidants ၄၆ မျိုး ပါဝင်ပါသည်။ ဒန့်သလွန်သီးနှင့် ဒန့်သလွန်ရွက်ကို စားသုံးခြင်းဖြင့် သွေးတွင်း သကြားဓာတ်ကို ထိန်းချုပ်ပေးခြင်း၊ သွေးကို သန့်စင်စေခြင်း၊ အရိုးကို သန်မာစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိပါသည်။ ဒန့်သလွန်အရွက်ကို အစိမ်းလိုက် အကြမ်းစားပေးတာက ပိုပြီး ကျန်းမာရေးနှင့် ညီညွတ်ပါသည်။ ဒန့်သလွန်ရွက်ကို အခြောက်စားသုံးနိုင်သလို ရေနွေးကြမ်းလုပ်ပြီးလည်း သောက်သုံးနိုင်ပါသည်။ ဒန့်သလွန်ရွက်ကို တောင်အာရှမှာ နှစ်ပေါင်းများစွာကတည်းက ဆေးဘက်ဝင် အပင်အဖြစ် အသုံးပြုခဲ့ပါသည်။

မြင်းခွာရွက်တွင် အရွက်ထက်အရိုး၊ အရိုးထက်အမြစ်က ပို၍ အစွမ်းထက်သလို ရိုးတံအဖြူထက်၊ ရိုးတံအနီက ပို၍ဆေးဘက်ဝင်ပါသည်။ စားသုံးသည့်အခါ အရွက်၊ အရိုး၊ အမြစ်စသည်ဖြင့် ပဥ္စင်းပါးလုံး မကျန်အောင် အကုန်အစင် စားသုံးသင့်ပါသည်။ မြင်းခွာရွက်စားသုံးခြင်းဖြင့် အမောခံနိုင်ခြင်း၊ သက်လုံကောင်းခြင်း၊ ဓာတ်လေးပါးမှန်ခြင်း၊ အသိဉာဏ်တိုးပွားခြင်း၊ အပူငြိမ်းခြင်း၊ သွေးတိုးရောဂါ၊ အဆုတ်ရောဂါ၊ ပန်းနာရင်ကျပ်၊ ဆီးရောဂါများ၊ သွေးဝမ်းသွားခြင်းများအတွက် လွန်စွာ ဆေးဘက်ဝင်ပါသည်။ အိန္ဒိယနိုင်ငံ၌ မြင်းခွာရွက်ကို မှတ်ဉာဏ်တိုးပွားဆေး၊ အာရုံကြောနှင့် ဦးနှောက်အားဆေး၊ သန်ချဆေး၊ ဝမ်းနုတ်ဆေး၊ အသက်ရှူလမ်းကြောင်း ချွဲထုတ်ဆေးအဖြစ် ဖော်စပ်အသုံးပြုကြပါသည်။

**ခင်မြနွယ် (MYANTRADE (TIR))**

## ရော်ဘာဈေးတက်ပြီး ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီလ ၁၂ ရက်မှ ၁၈ ရက်နေ့ထိ ကာလအတွင်းအမေရိကန်ဒေါ်လာ ၃ ဒသမ ၃၂၃ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၂၇၀၃တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မြန်မာ-တရုတ်ကုန်သွယ်ရေးစခန်းမှ တင်ပို့မှုမှာ မူဆယ် (၁၀၅)မိုင် ကုန်သွယ် ရေးဇုန်မှ RSS-3 အမျိုးအစား တန်ချိန် ၁၀၄၀၊ MSR-20 အမျိုးအစား ၂၇၃ တန်၊ RSS-1 အမျိုးအစား ၃၄ တန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၁၁၈၆ တန်တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ Rubber Latex ၆၀ ရာခိုင်နှုန်း DRC တန်ချိန် ၁၇၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၂၀၇၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၂၈ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS-3 အမျိုးအစားတစ်တန်လျှင် ကျပ် ၁၇ ဒသမ ၂၉၆ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်လျှင် ၁၉၇၆၈ ကျပ်ဈေး တက်ကြောင်းသိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၈၁ သန်းတန်ဖိုးရှိရော်ဘာအဆင့်စုံ ၄၀၁၈ တန်ကျော်တင်ပို့ခဲ့ကြောင်း သိရပါတယ်။

နိုင်ငံအလိုက်တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၂၁၅၅ တန်နဲ့ MSR-20 အမျိုးအစား ၃၉၅ တန်၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား ၁၃၄၈ တန်နဲ့ RSS-1 တန်ချိန် ၁၂၀ တင်ပို့ခဲ့တာဖြစ်ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၉၁၄ တန်ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ယခင်တစ်ပတ်ကတည်းကဈေးတက်လာတဲ့ RSS-3 အမျိုးအစားမှာ ယခုတစ်ပတ်မှာလည်း တစ်တန်ကို ဒေါ်လာ ၅၀ ထပ်မံ ဈေးတက်လာကြောင်း သိရပါတယ်။ နိုင်ငံတကာရော်ဘာဈေးတက်လာနဲ့အတူ ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း ထပ်မံဈေးတက်လာကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရသိရပါတယ်။ ယခုတစ်ပတ်ရဲ့ရော်ဘာဈေးများကို ဖော်ပြပေးလိုက်ပါတယ်။

| | | | |
|---|---|---|---|
| RSS-1 | အမျိုးအစား | တစ်တန်လျှင်ဒေါ်လာ | ၁၄၀၀-၁၄၅၀ |
| RSS-2 | အမျိုးအစား | တစ်တန်လျှင်ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS-3 | အမျိုးအစား | တစ်တန်လျှင်ဒေါ်လာ | ၁၃၀၀-၁၄၀ |
| RSS-4 | အမျိုးအစား | တစ်တန်လျှင်ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| RSS-5 | အမျိုးအစား | တစ်တန်လျှင်ဒေါ်လာ | ၁၂၅၀-၁၃၅၀ |

**ယဉ်ယဉ်အေး**

## စီးပွားရေးလုပ်ငန်းများနိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး Digital Economy ပြောင်းလဲနိုင်ရေး ဆွေးနွေး

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များအသင်း၊ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ NAGANI Community တို့ ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းများ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး Digital Economy ပြောင်းလဲနိုင်ရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက်ကချမ်းအေး သာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာစတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားသို့ အသင်းဒုတိယဥက္ကဋ္ဌဒေါ်ခင်လေးမြင့်၊ အတွင်းရေးမှူး ဦးဥက္ကာကျော်နှင့် အမှုဆောင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် စီးပွားရေးလုပ်ငန်းများ နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး DigitalEconomy ပြောင်းလဲရေး Digital Currency, Block Chain Ecosystem & Marketplace အခွင့်အလမ်းများ ဆွေးနွေးခဲ့ကြသည်။ **မောင်ပြည်သူ(မန္တလေး)**

## ရန်ကုန်ကားဈေးကွက် ကားလေးများသာ အဝယ်ရှိ

ရန်ကုန်မြို့ကားဈေးကွက်တွင် နှစ်ဆန်းပိုင်းအစ ဇန်နဝါရီလနှောင်းပိုင်းအခြေအနေများမှာ နေရာစုံတွင် ကားအရောင်းအဝယ်လေးများ ဖြစ်ထွန်းခဲ့သော်လည်း နံပါတ်ထွက်ပြီး ဂျပန်ကားလေးများသာ အကန့်အသတ်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ယခုလကုန်နောက်ဆုံးရက်များမတိုင်မီ ရက်သတ္တပတ်များတွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး ရန်ကုန်အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်ပြပွဲ(၂၀၁၉) တွင် ရန်ကုန်ကွန်ဗင်းရှင်းစင်တာတွင် ပြုလုပ်မည်ဖြစ်ပြီး ဂျပန်၊ တရုတ်နှင့် ဥရောပ၊ အမေရိကားထုတ် ကားအမျိုးအစားများ (၂၀၁၉) ခုနှစ် ထုတ် နာမည်ရှိ နာမည်ကြီးဘရန်းများ စသည်ဖြင့် စုံလင်အောင်ပြသထားပြီး ပြပွဲကာလအတွင်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးခြင်း အစီအစဉ်လည်းပါဝင်ကြောင်း သိရသည်။

လတ်တလော ဈေးကွက်အတွင်းတွင် ယခုလကုန်ပိုင်းအခြေအနေမှာ စလစ်ကပ်ကားများနှင့် ကားအရောင်းစင်တာလက်ကျန်ကွန်ဆိုင်းမန့် ကားများမှာ အရောင်းအဝယ်အေးနေပြီး ပြည်တွင်းထုတ်ကားများဖြစ်သော ဆူဇူကီး၊ နီဆန်းစသော ကုမ္ပဏီကြီးများမှ လူကြိုက်များကားများမှာလည်း စက်ရုံထုတ်ဈေး ဒေါ်လာအနိမ့်အမြင့်ကို လိုက်၍ ဈေးမြင့်တက်မှုကြောင့် အဝယ်နည်းသွားပြီး လူအများစိတ်ဝင်စားမှုလည်း လျော့ကျသွားကြောင်း၊ အဓိကအကြောင်းအရင်းမှာ စလစ်ဈေး မြင့်တက်နေပြီး ရန်ကုန်ကိုတာခွဲတမ်း YVQC မှာလည်း ယခုလကုန်ခါနီးပြီဖြစ်၍ နောက်လမှသာ ဖြစ်နိုင်ခြေပြန်ရှိပြီး စိတ်ဝင်စားမှုအားနည်းလာခြင်းဖြစ်ကြောင်း လက်ရှိအရောင်းအဝယ် လုပ်နေသည်မှာ ကားဝယ်ရောင်းအုပ်စုအချင်းချင်းနှင့် လတ်တလောလိုအပ်သဖြင့် ဝယ်ယူစီးနင်းလိုသူများသာဖြစ်ပြီး အဝယ်လိုက်နေသည့်ကားလေးများမှာ အကွာရာတန်းအနိမ့် ဂျပန်ညာမောင်းကားများသာဖြစ်ကြောင်း ဝါရင့်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။

ရန်ကုန်ကားဈေးကွက်အတွင်း ယခင်ကားဈေးကွက်ကောင်းမွန်သည့်ကာလကဖြစ်စေ၊ ယခုဖြစ်စေလူသုံးများကားလေးများထဲတွင် ထိပ်ဆုံးမှ ရှိနေသည်မှာ ဟွန်ဒါဖစ်၊ ပရိုဘောက်၊ ဘယ်လ်တာ၊ ဆူဇူကီးတို့ဖြစ်ပြီး အင်ဂျင်ပါဝါ အလယ်အလတ်ရှိသည့် တိုယိုတာဝှစ်၊ ကလူဂျာ၊ ရက်ဖိုး၊ စီအာဗီတို့မှာဈေးကွက်ရောင်းလျှင် ကောင်းသလိုနယ်ဝယ်လက် ဆင်းမဆင်းမူတည်၍ ဈေးကွက်ရှိကြောင်း၊ ယခုကာလတွင် အကွာရာနိမ့်ဂျပန်ညာမောင်းကားလေးများသာရောင်းပန်းလှ၍ စီးပွားရေးသုံးကားများဖြစ်သည့် လိုက်ထရပ်၊ ခွေးဘီလူးနှင့်တက္ကစီအငှားယာဉ်အချို့သာ အဝယ်ရှိကြောင်း ၎င်းက ပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မာဇဒါဒီမီယို (၂၀၁၄) | ယာယီ | ၂၄၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဟွန်ဒါအင်ဆိုဒ် (၂၀၁၂) | ယာယီ | ၂၇၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | နီဆန်းအေဒီဗင် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | နွတ်(ချ်) (၂၀၀၈) | M | ၃၃၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | နီဆန်းဂျူကီ (၂၀၁၁) | L | ၃၄၅ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဆွစ် (၂၀၁၀) | M | ၁၇၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | အက်ဇီယို (၂၀၁၃) | ယာယီ | ၂၉၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | အာလ်ဖတ် (၂၀၀၃) | G | ၃၃၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၁၂၃ သိန်း | |

# တာဝန်သိသော စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုဖြစ်ပေါ်လာစေရေးအတွက် အားပေးထောက်ကူပြုသော ပတ်ဝန်းကျင်တည်ဆောက်ခြင်း

ကမ္ဘာကြီးတွင် နှစ်စဉ်တိုးတက်နေသည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံမှု လိုအပ်ချက်၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့က မြေယာ၊ သားငါးနှင့် သစ်တောဆိုင်ရာကဏ္ဍတို့တွင် ထုတ်လုပ်မှု စွမ်းဆောင်ရည် လျော့ကျခြင်းကဲ့သို့သော စိန်ခေါ်မှုများနဲ့ကြုံတွေ့နေရပါတယ်။ တာဝန်သိသော စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများနှင့် စီမံခန့်ခွဲမှုတို့ အခြေခံသော ရေရှည်တည်တံ့သော လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုတိုးမြှင့်နိုင်စေရန် နည်းလမ်းကောင်းများကို ရှာဖွေလာကြပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေး အဖွဲ့(FAO) နဲ့ ၎င်းရဲ့မိတ်ဖက်ပူးပေါင်းအဖွဲ့ဝင်များကနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှု အခြေအနေအရ တာဝန်သိသော မြေယာ၊ သားငါးလုပ်ငန်းနှင့် သစ်တောများ လုပ်ကိုင်ခွင့်ဆိုင်ရာ အုပ်ချုပ်ရေးလုပ်ငန်းစဉ်အတွက် ဆန္ဒအလျောက် လိုက်နာကျင့်သုံး ကိုးကားနိုင်သော လမ်းညွှန်ချက်များ (Voluntary in the Guidelines for the responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security) ကို ရေးဆွဲ၍ ၂၀၁၂ ခုနှစ် မေလတွင် အတည်ပြုခဲ့ပါတယ်။

ဒီလမ်းညွှန်ချက်ကို ကမ္ဘာ့နိုင်ငံအတော်များများတွင် လက်ကိုင်ကျင့်သုံးနေပြီ ဖြစ်ပါတယ်။ FAOက မြန်မာနိုင်ငံမှာလည်း စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ အတည်ပြုဆောင်ရွက်ရာတွင် တာဝန်သိသော မြေယာလုပ်ကိုင်ခွင့်ဆိုင်ရာအုပ်ချုပ်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် 'စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များတွင် မြေယာလုပ်ကိုင်မှု အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ မျက်နှာစုံညီ အလုပ်ရုံဆွေးနွေးပွဲ'ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိနေပြည်တော်၊ MGallery ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။ မျက်နှာစုံညီအလုပ်ရုံဆွေးနွေးပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ် အရာထမ်း ၂၅ ဦး တက်ရောက်ခဲ့ပြီး တာဝန်သိသောစိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှု အခြေခံစည်းမျဉ်းများ၊ (FPIC Consultation) ကောင်းစွာ ကြိုတင်သိရှိ၍ လွတ်လပ်စွာပေးသော သဘောတူညီမှုများ ရရှိစေရန် အားလုံးပါဝင်သော တိုင်ပင်ဆွေးနွေး အကြံပြုချက်များ ရယူမှုပုံစံများ၊ (ESIA) ဆိုးကျိုးသက်ရောက်မှုလျော့ပါးသက်သာစေရေး မဟာဗျူဟာရေးဆွဲခြင်း၊ ရာသီဥတု ပြောင်းလဲမှုနှင့် အရေးပေါ်ကိစ္စရပ်များအပေါ် တုံ့ပြန်ဆောင်ရွက်မှုများကို လက်တွေ့လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ခဲ့ကြပါတယ်။

အဆိုပါသင်တန်းသားများဟာ ကမ္ဘာ့စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO)ရဲ့အစီအစဉ်အရ ပထမအဆင့်အွန်လိုင်းသင်တန်းကို ရက်သတ္တပတ် ငါးပတ်ကြာသင်တန်းအောင်မြင်ပြီးသူများဖြစ်ကြောင်း သိရပါတယ်။ ယခု မျက်နှာစုံညီ အလုပ်ရုံဆွေးနွေးပွဲက ဒုတိယအဆင့်ဖြစ်ပြီး တတိယအဆင့်အနေနဲ့ သင်တန်းသားများက သတ်မှတ်ကာလအတွင်း လုပ်ငန်းစီမံချက် တစ်စောင်စီ ရေးဆွဲတင်ပြခြင်းနှင့် Knowledge Sharing အစီအစဉ်များ ပြုလုပ်တင်ပြနိုင်မှသာလျှင် FAO ၏ သင်တန်းပြီးမြောက်ကြောင်း လက်မှတ်ကို ချီးမြှင့်ခံရမှာဖြစ်ကြောင်း သိရှိရပါတယ်။ **မြတ်မြတ်စိုးမိုး (Myantrade)**

## သီလဝါအထူးစီးပွားရေးဇုန်၌ အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန်တောင်ပိုင်းခရိုင်၊ သီလဝါ အထူးစီးပွားရေးဇုန်တွင် လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုများ၊ ကုမ္ပဏီများနှင့် ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးနေသူများအား စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) နှင့် ညွှန်ကြား ချက်အမှတ် (၁ / ၂၀၁၉) တို့ ရှင်းလင်းပွဲကို သီလဝါအထူးစီးပွားရေးဇုန်၊ စီမံခန့်ခွဲမှု ကော်မတီရုံးအစည်းအဝေးခန်းမ ၌ ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့ရာ သီလဝါအထူးစီးပွားရေးဇုန်၊ စီမံခန့်ခွဲမှု ကော်မတီဒုတိယဥက္ကဋ္ဌ (၂) ဒေါ်ချိုချိုဝင်းနှင့် ရင်းနှီးမြှုပ်နှံသူများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများစုစုပေါင်း ၃၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါရှင်းလင်းပွဲတွင် စားသုံး သူရေးရာဦးစီးဌာန၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုဌာနမှ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များ ထုတ်လုပ် ဖြန့်ဖြူးရာ၌ ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်အမှတ် ( ၁/ ၂၀၁၉ ) တို့အား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအား ပြန်လည်ဖြေ ကြားပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **သိန်းနိုင်(သန်လျင်)**



## အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ PragatiMaidan တွင် "Health Tech India 2019"ကုန်စည်ပြပွဲ ကျင်းပမည်

အိန္ဒိယနိုင်ငံ၊ Confederation of Indian Industry (CII) မှ ကြီးမှူး၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်မှ ၅ ရက်အထိ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ PragatiMaidan တွင် "Health Tech India 2019"ပြပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲတွင် ဆွေးနွေးပွဲများလည်းပါဝင်မည်ဖြစ်ပြီးဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများအား အဓိကထား ခင်းကျင်းပြသမည် ဖြစ်ပါသည်။ ၎င်းပြပွဲသို့ တက်ရောက်မည့် မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ် နှစ်ဦးအတွက် သွားလာနေထိုင်စရိတ်များအား ပြပွဲကျင်းပသူမှ ကျခံမည်ဖြစ်ပါကြောင်း ဖော်ပြပါရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါပြပွဲသို့မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များပါဝင်တက်ရောက်နိုင်ပြီး စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇ ၄၃၀၄၄၆၊ ၄၃၀၄၄၇၊ ဖက်စ်-၀၆၇၄၃၀၁၂၈၊ E-mail:moctradefair@gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်မြို့)၊ ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆုမွန်သိန်း(TD)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

### ၂၈-၁-၂၀၁၉ မှ ၃-၂-၂၀၁၉ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းမှရရှိသော ဝင်ငွေအမြတ်အစွန်းများထင်သလောက်မရရှိသော်လည်း သင့်တင့်သောအမြတ်စွန်းကိုသာရရှိနေတတ်သည်။ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ကိုင်းကျွန်းထွက်ပစ္စည်းများ၊ အာလူး၊ ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုးတို့ကို အရောင်းအဝယ်လုပ်ပါက အောင်မြင်မှု ရရှိနိုင်ပါသည်။ ပညာရေး ကံကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး စိတ်တိုင်းကျမှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် အဆုတ်ရောင်ရောဂါ၊ အဆုတ်ပွခြင်း ဝေဒနာများဖြစ်တတ်ပါသည်။ **ယတြာ။ ။မိမိမွေးနံထောင့်တွင် အောင်သပြေလှူပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးတွင် နည်းပညာသစ်ကိုသုံး၍ အောင်မြင်နေလိမ့်မည်။ ဒိုင်နမိုမော်တာများ၊ယာဉ်နှင့်အပိုပစ္စည်းများရောင်းဝယ်လုပ်ကိုင်ပါက အောင်မြင်နေမည်ဖြစ်ပါသည်။ ပညာရေးတွင် ဝီရိယစိုက်ထုတ်သင့်သည်။ အချစ်ရေးလွှမ်း မိုးနေမည်။ အိမ်ထောင်ရေးတစ်နယ်စီဝေးနေရတတ်သည်။ ကျန်းမာရေး ထိခိုက်ဒဏ်ရာရတတ်သည်။ **ယတြာ။ ။အင်ကြင်းပန်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံခြားဆေးဝါးနှင့်တိုင်းရင်းဆေးဝါးပစ္စည်းများ၊ ဘယဆေးများထုတ်လုပ်ရောင်းဝယ်ခြင်းပြုပါက အောင်မြင်မှုများရရှိမည်ဖြစ်ပါသည်။ ပညာရေးကံကောင်းတတ်သည်။ အချစ်ရေးတွင် ယခင်ကချစ်ခဲ့ရသောချစ်သူနှင့်ပြန်တွေ့ရတတ်သည်။ အိမ်ထောင်ရှိပြီးသူများသည် အိမ်ထောင်ဖက်နှင့်မိသားစုဘဝသာယာစေရန် ကြိုးစားရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ထွေထွေထူးထူးရောဂါမရှိပါ။

**ယတြာ။ ။ခရေပန်း၊ ခရေညွန့်သက်စေ့ဘုရား ကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးကိစ္စများတွင် ဩဇာအရှိန်အဝါရရှိလာတတ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများရနေတတ်သည်။ ဟင်းခတ်အမွှေးအကြိုင်၊ မီးဖိုချောင်သုံးပစ္စည်း၊ ဆီအမျိုးမျိုးနှင့်ဆီထွက်သီးနှံများအကျိုးပေးပါသည်။ ပညာရေးတွင် လုပ်ငန်းခွင်ပညာလိုအပ်နေသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်အဆင်ပြေနေမည်။ လုပ်ငန်းခွင်တွင်နစ်မြုပ်နေတတ်သောကြောင့် ကျန်းမာရေးကိုပင် မေ့လျော့နေတတ်သည်။ ဘာသာရေးနှင့်ပတ်သက်၍လှူဒါန်းပူဇော်မှုများကို ပြုလုပ်နေရတတ်ပါသည်။**ယတြာ။ ။ခရီးသွားသူအားခရီးစရိတ်ဒါနပြုလိုက်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးတစ်ခုတည်ထောင်မည်ဆိုပါက လုပ်ငန်းအခြေခံသဘောတရားတို့ကို နားလည်သိရှိရန် တတ်သိနားလည်သူများထံမှီခို၍ တပည့်ခံကာမှတ်သားမှအဆင်ပြေတတ်ပါလိမ့်မည်။ ပညာရေးတွင် အောင်မြင်မှုများရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အဆင်ပြေပေါင်းသင်းဆက်ဆံ၍နေရတတ်သည်။ ကျန်းမာရေးအနေဖြင့် သောက်သုံးရေမသန့်ရှင်းမှုကြောင့်ဖြစ်တတ်သော ငှက်ဖျားရောဂါ၊ သွေးမသန့်ရောဂါ သတိထားရပါမည်။

**ယတြာ။ ။စိန္တာမဏိဂါထာကို ရွတ်ဖတ်ပူဇော်ပါ။**



**သောကြာသားသမီးများအတွက်** လုပ်ကိုင်ဆောင်ရွက်ရင်း စိတ်ဓာတ်ကျဆင်းမှု၊ စိတ်အားငယ်သလိုဖြစ်တတ်သည်။ ရော်ဘာနှင့် ရော်ဘာထွက်ပစ္စည်းများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းအထူးအောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ပြည်တွင်းပြည်ပကူးသန်းရောင်းဝယ်ရေးအကျိုးပေးနေတတ်ပါသည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးကောင်းနေမည်။ **ယတြာ။ ။မိတ်ဆွေအပေါင်းအသင်းများကို ပေါင်မုန့်ထောပတ်သုတ် ကျွေး၍ လက်ဖက်ရည်တိုက်ပါ။ လိုရာဆန္ဒပြည့်ပါလိမ့်မည်။**



**စနေသားသမီးများအတွက်** စီးပွားရေးအရှိန်အဟုန်မြှင့်၍ လုပ်ကိုင်ဆောင်ရွက်နေရတတ်ပါသည်။ နိုင်ငံခြားဆေးဝါးများနှင့်ဆရာဝန်သုံးပစ္စည်းများ၊ အကျိုးဆောင်လုပ်ငန်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးတွင်နိုင်ငံရပ်ခြားဘာသာရပ်ကျွမ်းကျင်နေလိမ့်မည်။ အချစ်ရေးတွင်လှည့်ဖြားမှုအမျိုးမျိုးရှိနေတတ်သည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်ရောဂါ၊ လေထိုး၊ လေအောင့်၊ လေချုပ်ခြင်း၊ ဝမ်းကိုက်ခြင်း၊ ဝမ်းပျက်၊ ဝမ်းလျှောခြင်းရောဂါတို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။ဘုရားပရဝုဏ်အတွင်းသန့်ရှင်းရေးလုပ်ပါ။**

# မြစ်ကြီးနားမြို့ ကလေးစာပေပွဲတော်၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးပြခန်းပြသ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်(ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ)ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၂ ရက်ထိ ကချင်ပြည်နယ်၊ မြစ်ကြီးနားတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့်လည်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ပြခန်း ဖွင့်လှစ်ပြသခဲ့ပါသည်။

ကလေးစာပေပွဲတော် (ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ)ကို ဇန်နဝါရီလ ၂၀ ရက်က တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနားကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပပါသည်။ ဖွင့်ပွဲ အခမ်းအနားသို့ ပြည်နယ်အဆင့်၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား/ ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး ဘင်ခရာအဖွဲ့၊ ပန်းပွား အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့အကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ကလေးစာပေပွဲတော်တွင် ဌာနဆိုင်ရာပြခန်းများ၊ ILBC၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ပြခန်းများဖြင့် အသိပညာပေးပြခန်း ၂၈ ခန်းဖွင့်လှစ်ပြသထားပြီး ပြခန်းများအား ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများမှ လိုက်လံကြည့်ရှုရာ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးပြခန်းတွင် ပြသထားမှုနှင့်ပတ်သက်၍ ပြည်နယ်ဦးစီးမှူးနှင့် မြစ်ကြီးနားခရိုင်ဦးစီးမှူးက ရှင်းလင်းတင်ပြကြသည်။

စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးပြခန်းကို မြစ်ကြီးနားမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ ပြပွဲလာပြည်သူများမှ စိတ်ဝင်တစားဝင်ရောက် ကြည့်ရှုကြပြီး ပြခန်းတွင် ဓာတုဆိုးဆေးများ၊ တာရှည်ခံဆေးဝါးများ၊ မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသည့် အသီးအနှံများ၊ ကျန်းမာရေးအာမခံချက်မရှိသည့် တရုတ်နိုင်ငံထုတ်စားသောက်ကုန်များ၊ ပြည်တွင်းပြည်ပထုတ် အချိုရည်ဗူးမျိုးစုံ၊ ဓာတုမြေဩဇာများ အလွန်အကျွံ သုံးစွဲထားသည့် သီးနှံများ၊ ရှောင်ကျဉ်သင့်သည့် စားသောက်ကုန်များကို နမူနာပစ္စည်းများပြသ၍ ရှင်းလင်းပြောကြားခြင်း၊ ပညာပေးလက်ကမ်းစာစောင်များဝေငှခြင်း၊ ဗီနိုင်း ပိုစတာများ ချိတ်ဆွဲ၍ ပြသရှင်းလင်းခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လှုပ်ရှားမှုဓာတ်ပုံမှတ်တမ်းများပြသခြင်း၊ ဥပဒေပါစားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူများ၏ အခွင့်အရေးနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးမှုများကို တိုင်ကြားရန်နည်းလမ်းများ၊ တိုင်ကြားနိုင်သည့်နေရာဌာနများ၊ အငြင်းပွားတိုင်ကြားမှုများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးသည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခြင်း၊ ကြည့်ရှုလေ့လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့ထိ (၃)ရက်အတွင်း ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲသို့ ကျောင်းသား ကျောင်းသူ၊ ပြည်သူလူထု ၁၃၆၀၀၀ ကျော် လာရောက်ကြောင်းနှင့် စားသုံးသူအသိပညာပေးပြခန်း တွင် ကြည့်ရှုသူများဖြင့် အချိန်ပြည့်စည်ကားလျက်ရှိပြီး ကလေးစာပေပွဲတော် (ကလေးစာပေပြပွဲနှင့်စာအုပ် ဈေးရောင်းပွဲ)ကို ဇန်နဝါရီလ ၂၂ ရက် ညနေ ၃း၀၀ နာရီအချိန်တွင် ကချင်ပြည်နယ်ဝန်ကြီးချုပ်မှ အောင်မြင်စွာ ပိတ်သိမ်းပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **မျိုးပပ (မနောမြေ)**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နွား(အရှင်)အကောင် (၂၀၀)တင်ပို့

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ယခုလ ၂၂ ရက်တွင် နွား (အရှင်) အကောင်ရေ ၂၀၀ သုည ဒသမ ၂၄၀ ဒေါ်လာသန်းဖိုး တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ ရခိုင်ပြည်နယ်၊ မာန်အောင်အခြေစိုက် ကုမ္ပဏီနှစ်ခုမှ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်အတွင်းမှ နွားများကို မင်းပြင်ကျေးရွာနှင့် မြတ်မချောင်းကျေးရွာရှိ မွေးမြူရေးခြံတို့တွင် ယာယီ စုဆောင်းပြီး တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း ကုန်သည်များထံမှ သိရှိရပါသည်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ၂၀၁၈ ခုနှစ် (Mini Budget) တွင် နွား (အရှင်) (၃၅၅) ကောင်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နွား(အရှင်) အကောင် ၄၀၀ စုစုပေါင်း သုည ဒသမ ၉၀၆ ဒေါ်လာသန်းဖိုး တင်ပို့ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ စစ်တွေကုန်သွယ်စခန်း၏ ဇန်နဝါရီလ ၂၄ ရက်အထိ ကုန်သွယ်မှု အခြေအနေမှာ ပို့ကုန် ၁ ဒသမ ၀၀ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၁၁ ဒေါ်လာသန်း စုစုပေါင်း ၁ ဒသမ ၀၁၁ ဒေါ်လာသန်း အမှန် ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ယခုလ ကုန်သွယ်မှုလျာထားချက် သုည ဒသမ ၉၀၀ ဒေါ်လာသန်းအပေါ် ၁၁၂ ဒသမ ၃၃ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ ယခုလတွင် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ချင်း (အစို)၊ ဆီးဖတ်၊ မန်ကျည်းစေ့တို့ ယခင်လထက် ပိုမိုတင်ပို့လျက်ရှိကြောင်းနှင့် စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု အခြေအနေတိုးတက်လျက်ရှိကြောင်း သိရှိရပါသည်။ **ညီညီအောင်(စစ်တွေ)**

## ကျောင်းကုန်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ FDAနှင့် ပူးပေါင်း၍ မြို့မဈေးကြီးအတွင်း ရှောင်တခင် ကွင်းဆင်းစစ်ဆေး

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ တိုင်းဦးစီးမှူး ဒေါက်တာပြည့်ဖြိုး ဦးဆောင်မှုနှင့်အတူ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်၊ မွေး/ကုဦးစီးဌာန၊ မြို့နယ်ဌာနဆိုင်ရာများ ပါဝင်လျက် ဈေးစားသုံးသူရေးရာ အဖွဲ့တို့နှင့်အတူ ကျောင်းကုန်းမြို့မဈေးအတွင်း ဇန်နဝါရီ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

မြို့မဈေးကြီးအတွင်း ကျန်းမာရေးနှင့်ညီညွတ်မှုမရှိ၊ သန့်ရှင်းလတ်ဆတ်မှုမရှိသော ရက်လွန်သား၊ ငါးများ ရောင်းချမှုမရှိစေရေး၊ ကုန်မျိုးစုံဆိုင်များနှင့်အလှကုန်ဆိုင်များတွင် တားမြစ်ထားသောစားသောက်ကုန်နှင့် အလှကုန်များ ရောင်းချမှုမရှိစေရန်သာမက ဆေးအရောင်းဆိုင်များတွင်လည်း တားမြစ်ထားသော ဆေးများ၊ ရက်လွန်ဆေးများ၊ မှတ်ပုံတင်မထားသောဆေးများ မရောင်းချရန် အသိပညာပေး ဆွေးနွေးပြောကြားခဲ့ပါသည်။ **ဧရာမြေ (ပုသိမ်)**

## စာမျက်နှာ (၁၈) စားသုံးသူများကို ကာကွယ်ဖို့ . . . မှအဆက်

အဆိုပါပစ္စည်းများပေါ်တွင် စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ရောင်းဝယ်ဖြန့်ဖြူးခြင်းများ ဆောင်ရွက်ရာတွင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် သုံးစွဲပုံနှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ ညွှန်ကြားချက်များနှင့် အထူးသတိပေးလိုသည့် အကြောင်းအရာများ ကို မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာတွဲ လျက်ဖြစ်စေဖော်ပြပေးရန်အထူးလိုအပ်ပါသည်။ သို့မှသာ စားသုံးသူ များသည် မည်သို့သုံးစွဲရမည်၊ ဘယ်လိုထားသို သိမ်းဆည်းရမည်၊ ဘယ်ပစ္စည်းတွေနဲ့ ဓာတ်မတည့်ကြောင်း၊ ဘေးထွက်ဆိုးကျိုး ဘယ်လို ဖြစ်မည် စသည်ဖြင့် သိရှိနိုင်မည်ဖြစ်သည်။

အဆိုပါအမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်သော စားသုံးသူပြည်သူများကို ပိုမိုအကာကွယ် ပေး နိုင်ရေး မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးကျင့်ဝတ် နှင့်အညီ နိုင်ငံတကာ သတ်မှတ်ချက်များနှင့် ကိုက်ညီသော လူသုံး၊ အိမ်သုံးပစ္စည်းများထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ဝင်ရောက် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာဆက်စပ်ဌာနများ၊ စီးပွား ရေးလုပ်ငန်းရှင်များ၊ စားသုံးသူများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်၍ လည်းကောင်း၊ တွေ့ကြုံရမည့် အခက်အခဲများကို ကျော်လွှားနိုင်ရေး အတွက်လည်းကောင်း၊ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ် မျှတမှုရှိစေရေးအတွက်လည်းကောင်း၊ စားသုံးသူများ ထိခိုက်နစ်နာ ဆုံးရှုံးမှု မရှိစေရေး၊ စားသုံးသူ အခွင့်အရေးများ ပြည့်ဝစွာရရှိရေး အတွက်လည်းကောင်း၊ လုပ်ငန်းရှင်များ ကျင့်ဝတ်နှင့်အညီ ဆောင် ရွက်တတ်သော အလေ့အကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် လည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် စားသုံးသူအကာကွယ်ပေးရေး ဗဟိုကော်မတီ၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၉)ဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာ ဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရာ၌ စီးပွားရေး လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ကို ထုတ်ပြန် ခဲ့ပါသည်။

ထိုညွှန်ကြားချက်တွင် စားသုံးသူများ ဘေးကင်းလုံခြုံရေး အတွက်ကုန်စည်များ၌ သုံးစွဲပုံ အညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေး ထွက်ဆိုးကျိုးများနှင့်ပတ်သက်၍ စားသုံးသူများဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာဖြင့် ယုံကြည် စိတ်ချစွာသုံးစွဲနိုင်ရန် ထင်ရှားစွာဖော်ပြ ပေးရန်နှင့် လုပ်ငန်းရှင်များ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် ခြောက်လ အချိန်သတ်မှတ်ပေးထားပြီးခြောက်လ နောက်ပိုင်း တွင်မူ လိုက်နာမှုမရှိပါက စီးပွားရေးလုပ်ငန်းရှင်များကို စားသုံးသူအကာ အကွယ်ပေးရေးဥပဒေ (၂၀၁၄)၊ ပုဒ်မ (၁၉)အရ အရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာ ဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရေးအတွက် အောက်ပါအတိုင်း ညွှန်ကြားချက်ကို အသေးစိတ် ဖော်ပြထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ
ညွှန်ကြားချက်အမှတ်(၁ / ၂၀၁၉)
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂ ရက်
( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် )

စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီသည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြရာ၌ "စီးပွားရေးလုပ်ငန်းရှင်များ" လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်**

၁။ စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့် ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြား ချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာ နှင့် အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြရန် ၂၆-၁၀-၂၀၁၈ ရက်စွဲပါ စားသုံးသူအကာအကွယ် ပေးရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၈) အား ထုတ်ပြန်ခဲ့ပါသည်-

(က) သုံးစွဲပုံအညွှန်း၊
(ခ) ထားသိုသိမ်းဆည်းပုံအညွှန်း၊
(ဂ) ဓါတ်မတည့်ကြောင်းဖော်ပြချက်/ ကြိုတင်သတိပေးချက်၊
(ဃ) ဘေးထွက်ဆိုးကျိုး။

၂။ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ၆ လ ပြည့်မြောက်သည့်နေ့တွင် စတင်အာဏာသက်ရောက်မည် ဖြစ်ပြီး လိုက်နာမှုမရှိပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၉ အရ အရေးယူခံရမည် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန် နောက်ဆက်တွဲပါ ဇယားအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
( မြင့်လွင်၊ အတွင်းရေးမှူး )
စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ

စာအမှတ်၊ စသရ (ဗဟို) /၂၀၁၉ ( ၀၀၀၂ )
ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်

နောက်ဆက်တွဲ

**ကုန်အညွှန်းအမှတ်အသားများ မြန်မာဘာသာနှင့်ဖော်ပြရမည့် သတ်မှတ်ချက်ဇယား**

| စဉ် | ကုန်ပစ္စည်း | သုံးစွဲမှုအညွှန်း | ထားသိုသိမ်းဆည်းပုံအညွှန်း | ဓါတ်မတည့်ကြောင်းဖော်ပြချက်/ ကြိုတင်သတိပေးချက် | ဘေးထွက်ဆိုးကျိုး |
|---|---|---|---|---|---|
| (က) | အစားအသောက်များ | | | | |
| | (၁) အချိုရည်နှင့် ယိုမျိုးစုံ | ✔ | ✔ | ✔ | ✘ |
| | (၂) နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၃) အသားနှင့် အသားထွက်ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၄) ဥ နှင့် ဥထွက်ပစ္စည်းအမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၅) စည်သွပ်အစားအစာအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၆) စားသုံးဆီအမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၇) အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည် ထုပ်အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၈) အသင့်စားခေါက်ဆွဲခြောက်ထုပ် အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၉) အရန်သင့်အစားအစာအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၁၀) အေးခဲအစားအစာအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၁၁) သောက်ရေသန့်အမျိုးမျိုး | ✘ | ✔ | ✘ | ✘ |
| | (၁၂) ဟင်းလျာများတွင် အရောင်၊ အနံ့၊ အရသာအတွက် အသုံးပြုသော ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၁၃) ဖျော်ရည်ဆီနှင့် အချဉ်ရည်အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၁၄) အသင့်စားမုန့်အမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၁၅) ကလေးအာဟာရဖြည့်စွက်စာ အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| | (၁၆) ကွမ်းစားဆေးအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၁၇) ဆေးလိပ်အမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၁၈) ယမကာအမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၁၉) အခြားပြုပြင်ထုပ်ပိုး/ထုတ်လုပ်ထားသောစားသောက်ကုန် အမျိုးမျိုး | ✔ | ✔ | ✔ | ✘ |
| (ခ) | အိမ်သုံးပစ္စည်းများ | | | | |
| | (၁) အိမ်သုံးလျှပ်စစ်အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၂) အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| (ဂ) | ကလေးအသုံးဆောင်ပစ္စည်းများ | | | | |
| | (၁) ကလေးလက်တွန်းလှည်းပစ္စည်း အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၂) ကလေးလမ်းလျှောက်ကွင်းပစ္စည်း အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၃) ကလေးကစားစရာအရုပ်နှင့် ပစ္စည်းအမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၄) ကလေးပုခက်အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၅) ကလေးတစ်ကိုယ်ရေသန့်ရှင်းရေး သုံးပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| (ဃ) | ဆက်သွယ်ရေးသုံးပစ္စည်းများ | | | | |
| | (၁) ကြိုးဖုန်းအမျိုးမျိုး | ✔ | ✘ | ✘ | ✘ |
| | (၂) ကြိုးမဲ့ဖုန်းအမျိုးမျိုး | ✔ | ✘ | ✘ | ✔ |
| | (၃) လက်ကိုင်ဖုန်းအမျိုးမျိုး | ✔ | ✘ | ✘ | ✔ |
| | (၄) ဖုန်းဆက်စပ်ပစ္စည်းအမျိုးမျိုး | ✔ | ✘ | ✘ | ✘ |
| (င) | ဆေးဝါးနှင့်ဖြည့်စွက်စာများ | | | | |
| | (၁) ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးသောက်ဆေး အမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၂) ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးလိမ်းဆေးအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၃) အာဟာရဖြည့်စွက်စာအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၄) တိုင်းရင်းဆေးအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| (စ) | ဓါတုဗေဒပစ္စည်းများ | | | | |
| | (၁) စိုက်ပျိုးရေးသုံးဓါတ်မြေဩဇာ အမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၂) ပိုးသတ်ဆေးအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၃) စားသောက်ကုန်များတွင် အသုံးပြုသောဓါတုပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၄) လူသုံးကုန်များတွင် အသုံးပြုသောဓါတုပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၅) အလှကုန်များတွင် အသုံးပြုသောဓါတုပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| (ဆ) | အလှကုန်ပစ္စည်းများ | | | | |
| | (၁) အလှကုန်ပစ္စည်းအမျိုးမျိုး (၁၀ ဂရမ် အထက်) | ✔ | ✔ | ✔ | ✘ |
| | (၂) အလှကုန်ပစ္စည်းအမျိုးမျိုး (၁၀ ဂရမ်နှင့် အောက်) | ✔ | ✘ | ✘ | ✘ |
| | (၃) ဆံပင်ပြုပြင်ရန်သုံးစွဲပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| (ဇ) | လူသုံးကုန်ပစ္စည်းများ | | | | |
| | (၁) သွားတိုက်ဆေးအမျိုးမျိုး | ✘ | ✔ | ✔ | ✘ |
| | (၂) ဆပ်ပြာအရည်အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| | (၃) ဆပ်ပြာအခဲအမျိုးမျိုး | ✘ | ✘ | ✔ | ✘ |
| | (၄) ဆပ်ပြာအမှုန့်အမျိုးမျိုး | ✔ | ✘ | ✔ | ✘ |
| (ဈ) | လုပ်ငန်းသုံးပစ္စည်းကိရိယာများ | | | | |
| | (၁) စိုက်ပျိုးရေးသုံးပစ္စည်းကိရိယာ အမျိုးမျိုး | ✔ | ✔ | ✔ | ✔ |
| | (၂) ကျန်းမာရေးအထောက်အကူပြု အသုံးအဆောင် ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ |

မှတ်ချက်။ (၁) (✔) သည် မဖြစ်မနေ ဖော်ပြရန်လိုအပ်သည့် အညွှန်းအမှတ်အသားဖြစ်ပြီး (✘) သည် မဖြစ်မနေဖော်ပြရန်မလိုအပ်ဘဲ ဖော်ပြလိုက ဖော်ပြနိုင်သည့် အညွှန်းအမှတ် အသားဖြစ်ပါ သည်။

(၂) မြန်မာဘာသာဖြင့် ဖော်ပြရာတွင် သာမန်မျက်စိဖြင့် မြင်နိုင်သော စာလုံးအရွယ်အစား ဖြစ်ရမည်။

(၃) မြန်မာဘာသာဖြင့် ဖော်ပြရာတွင် ကုန်စည်အမျိုးအစားနှင့် အရွယ်အစားအပေါ် အခြေခံ၍ ဖော်ပြရန်လိုအပ်သည့် အချက်အလက်များကို စားသုံးသူသို့ လက်လီရောင်းချမည့် ကုန်စည်၏ထုပ်ပိုးပစ္စည်းပေါ်တွင် ဖော်ပြရန်။

(၄) ကုန်ပစ္စည်းပေါ်တွင် အချက်အလက်များဖော်ပြရန် မဖြစ်နိုင်ပါက ကုန်စည်အမျိုးအစားနှင့် စပ်လျဉ်းသည့် လက်ကမ်းစာစောင်/ အညွှန်းတို့ဖြင့် ဖော်ပြပြီး ကုန်စည်နှင့်အတူ စားသုံးသူသို့ တပါတည်းပေးအပ်ရန်။

(၅) ပြည်ပမှ တင်သွင်းဖြန့်ဖြူးသည့် ကုန်စည်များဖြစ်ပါက သတ်မှတ်ချက်များနှင့် ကိုက်ညီစေရေးအတွက် ဈေးကွက်ဖြန့်ဖြူးခြင်းမပြုမီ ပြုပြင်ရန်။

(ထပ်ပိုးကပ်ခြင်း သို့မဟုတ် ထုတ်ပိုးပစ္စည်းအသစ်အသုံးပြုခြင်း)

(၆) သက်ဆိုင်ရာဌာနများမှ ကြီးကြပ်ကွပ်ကဲသည့် ကုန်ပစ္စည်းများအတွက် ၎င်းဌာနများ၏ ညွှန်ကြားချက်အတိုင်း လိုက်နာရန်နှင့် ၎င်းညွှန်ကြားချက်နှင့်အညီ ဤအမိန့်ကြော်ငြာစာပါ ဖော်ပြရန်အချက်များအားမြန်မာဘာသာဖြင့် ဖော်ပြရန်။

(၇) ကျန်းမာရေး အထောက်အကူပြု အသုံးအဆောင် ပစ္စည်းအမျိုးမျိုးတွင် ဆရာဝန်/ ကျန်မာရေးဝန်ထမ်းတို့၏ ညွှန်ကြားချက်မပါဘဲ အသုံးပြုနိုင်သည့် အိမ်သုံးသွေးပေါင်ချိန်စက်၊ အိမ်သုံးသွေးချိုတိုင်းစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ကိုယ်ဝန်ရှိ/မရှိ ဆီးစစ်တံ၊ ကွန်ဒုံး၊ ကိုယ်ပူချိန်တိုင်းကိရိယာ စသည့် မိသားစုသုံးပစ္စည်းများကို ဆိုလိုသည်။

စားသုံးသူအကာကွယ်ပေးရေးလုပ်ငန်းသည် စားသုံးသူများ ကိုသာ ကာကွယ်ပေးပြီး စီးပွားရေးလုပ်ငန်းရှင်များကို ဟန့်တား နှောင့်ယှက်သောလုပ်ငန်းမဟုတ်ပေ။ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သော လုပ်ငန်းများကို အကာအကွယ်ပေးပြီး လုပ်ငန်းများ အောင်မြင်တိုးတက်ရန် ကူညီပေးသောလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် စားသုံးသူအကာအကွယ်ပေးခြင်း လုပ်ငန်းသည် စားသုံးသူများ၏ အခွင့်အရေးများအားပြည့်ဝစွာရရှိရေး၊ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရယူသုံးစွဲလုပ်ဆောင်နိုင်ရေး၊ ဆုံးရှုံးနစ်နာမှုများ ကို ကုစားဖြေရှင်းပေးနိုင်ရန် နိုင်ငံတကာစားသုံးသူ စံနှုန်းသတ်မှတ် ချက်များနှင့်အညီ၊ စားသုံးသူကာကွယ်ရေးဥပဒေပါပြဋ္ဌာန်းချက်များ အရ ဆောင်ရွက်လျက်ရှိသလို၊ တခြားတစ်ဖက်မှလည်း လုပ်ငန်း ရှင်များအားနိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များ နှင့်အညီ ကုန်စည် နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေး၊ အကြံပြုခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းဈေးကွက်၌သာမက ပြည်ပဈေး ကွက်အထိထိုးဖောက်၍ ဈေးကွက်ချဲ့ထွင်၍ အောင်မြင်မှုများရရှိ စေရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သော လုပ်ငန်းဆို သည်မှာ သက်ဆိုင်ရာမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာသည်။ စားသုံးသူများ ၏ လိုအပ်ချက်နှင့်စိတ်ကျေနပ်မှုကို အလေးထား၍ အမြတ်ကြီးစား မပြုလုပ်ဘဲ သင့်တင့်မျှတသော ဈေးနှုန်းသတ်မှတ်၍ ဖြန့်ဖြူးရောင်းချ ဆောင်ရွက်သည်။ စားသုံးသူများအပေါ် ရိုးသားဖြောင့်မတ်စွာဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့်စာနာစိတ်ထားကာ ဆောင်ရွက် သည်။ စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးကို အဓိက ထားသည်။ စားသုံးသူမှပေးသော ငွေကြေးနှင့် ထိုက်တန်သော အကျိုးရှိမည့် ကုန်စည်နှင့် ဝန်ဆောင်မှုများပေးနိုင်ရန် အလေးထား သည်။ ပတ်ဝန်းကျင်ထိခိုက်နစ်နာမှု၊ စားသုံးသူများ ထိခိုက်နစ်နာ ဆုံးရှုံးမှုများ မဖြစ်စေရေးအတွက် ဂရုတစိုက်ဆောင်ရွက်သည်။ စားသုံးသူများ၏ အခွင့်အရေးများကို လေးစားတန်ဖိုးထားပြီးပွင့်လင်း မြင်သာမှုရှိစွာဆောင်ရွက်သည်။ လုပ်ငန်းရေရှည်တည်တံ့ရပ်တည် နိုင်ရေးအတွက်သာ ဆောင်ရွက်သည် စသည့်အချက်များဖြင့် ပြည့်စုံ ရန်လိုအပ်ပါသည်။

ဆိုလိုသည်မှာ လုပ်ငန်းရှင်များသည် စားသုံးသူများ၏ ရပိုင် ခွင့်များကို လက်ခံအသိအမှတ်ပြု၍ ရိုးသားဖြောင့်မတ်စွာဖြင့် အကောင်းဆုံးသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင် ရွက်ပြီး စတင်ထုတ်လုပ်ဆောင်ရွက်သည့်အချိန်မှစ၍ စားသုံးသူ ပါးစပ်ထဲ ရောက်သည်အထိ ထုတ်လုပ်၊ သယ်ပို့၊ ဖြန့်ဖြူး၊ ရောင်းချ သည့် အဆင့်တိုင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် စားသုံး သူများ၏ စိတ်ကျေနပ်မှုရရှိစေရေးအတွက် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေး စစ်မှန်၊ အချိန်မှန်စွာဖြင့် ပြုလုပ်ပေးရန်တာဝန်ရှိ ကြောင်း ဆိုလိုခြင်းဖြစ်ပါသည်။

စားသုံးသူများသည် လုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန် အကူအညီပေးနေသော အရှင်သခင် များဖြစ်ကြသည်ကို သတိမူသင့်ပါသည်။ နှစ်ဆယ့်တစ်ရာစုခေတ် စားသုံးသူများသည် လူသုံး၊ အိမ်သုံးနှင့် ဝန်ဆောင်မှုလုပ်ငန်းများရ ယူသုံးစွဲရာတွင် အကျိုးရှိခြင်း၊ ရေရှည်အသုံးခံခြင်း၊ သတင်းအချက် အလက်များပြည့်စုံစွာပါရှိခြင်း၊

**စာမျက်နှာ ၂၇ သို့**

# ဘတ်စ်ကားမှတ်တိုင်များ အဆင့်မြှင့်တင်ခြင်းကို မှတ်တိုင်ပေါင်း ၅၀၀ အထိ ပြုလုပ်သွားမည်

ရန်ကုန်တိုင်းဒေသကြီး စည်ပင် သာယာနယ်နိမိတ်အတွင်းရှိ ဘတ်စ် ကားမှတ်တိုင်များတွင် ခရီးသည်နားခိုဆောင် Bus Shelter များကို အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ အဆင့်မြှင့်တင်ရာတွင် မှတ်တိုင်အခုရေ ၅၀၀ အထိ အဆင့်မြှင့် တင်သွားမည်ဖြစ်ပြီး လက်ရှိတွင် တင်ဒါ ခေါ် ယူထားကြောင်း သိရသည်။

"ခရီးသည်ဘတ်စ်ကားမှတ်တိုင်ပေါင်း ၅၀၀ ကို အဆင့်မြှင့် တင်ဆောင်ရွက်သွားမှာပါ။ နောက်ထပ် မှတ်တိုင်တွေကိုလည်း အဆင့်မြှင့်တင်တာတွေ လုပ်သွားမယ်။ အခုလက်ရှိကတော့ မှတ်တိုင် ၂၀၀ လောက် ပြီးနေပါပြီ။ ခရီးသည်နားခိုဆောင် Bus Shelter တွေ ဆောက်လုပ်ဖို့အတွက်ကိုတော့ တင်ဒါခေါ် ယူတာတွေ လုပ်နေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ခရီးသည်နားခိုဆောင် Bus Shelter များ ဆောက်လုပ်ရန် အတွက် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် လျှောက်လွှာပုံစံများကို ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမ ဒုတိယထပ်တွင် ရုံးချိန်အတွင်း ပုံစံဝယ်ယူ လျှောက်ထားနိုင်ပြီး ဖေဖော်ဝါရီ ၁ ရက် မွန်းတည့် ၁၂ နာရီတွင် တင်ဒါဖောင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# ယခင်နှစ် ကာလတူအချိန်ထက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်

ယခု ဘဏ္ဍာနှစ်အတွက် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၂၀ သန်းကျော် ဝင်ရောက်ခဲ့ပြီး ယခင်နှစ်ကာလတူထက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ် လာ ၆၅၉ သန်းကျော် ဝင်ရောက်ခဲ့ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွင် စင်ကာပူနိုင်ငံမှ အများဆုံးဝင်ရောက်ထားခြင်းဖြစ်ပြီး ကဏ္ဍများအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု အများဆုံး ဝင်ရောက်ထားကြောင်း သိရသည်။

၂၀၁၈-၁၉ ခုနှစ် ဘဏ္ဍာနှစ်အတွက် ခွင့်ပြုပေးခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇၈ ခု ရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၉၇၀ ကျော်ရရှိခဲ့ကြောင်း သိရသည်။ ထို့အပြင် အထူးစီးပွားရေးဇုန် ဥပဒေအရ ယခုဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ဇန်နဝါရီ ၁၁ ရက်အထိ စုစုပေါင်း ခွင့်ပြုပြီးရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၈၉ သန်း ကျော်ရရှိခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ယခုနှစ်အတွက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်မှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံ လျာထားပြီး ရင်းနှီးမြှုပ်နှံမှုနည်းသေးသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်နိုင်ဖို့အတွက် အားပေးထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# Pride of Myanmar Awards 2018 ဆုချီးမြှင့်ပွဲ ကျင်းပမည်

Pride of Myanmar Awards 2018 ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ ပဲခူးကလပ်အဆောက်အအုံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲမှာ ပြည်တွင်းရှိနယ် ပယ်စုံမှ ထူးချွန်သူများကို ပထမဆုံးအကြိမ် ရွေးချယ်၍ ပေးအပ်သောပွဲဖြစ်ပြီး နိုင်ငံအတွင်း အကျိုးပြုရုံသာမက ကမ္ဘာ့အဆင့် လှုပ်ရှားမှုများတွင်ပါပါဝင် ဆောင်ရွက်ကာ အသိအမှတ်ပြုခံရသူများ၊ အရည်အချင်းရှိသူများကို ရှာဖွေ၍ ဆုချီးမြှင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"Pride of Myanmar ဆုပေးပွဲကြီး ဒီအနေအထားထိ ရောက်လာတာ အရမ်းကိုဝမ်းသာမိပါတယ်။ ဒီပွဲကနေ တစ်ဆင့် မြန်မာကိုနိုင်ငံတကာစင်မြင့် ထက်မှာ တောက်ပလာစေမယ်လို့လည်း ယုံကြည်ပါတယ်"ဟု Board of Governor အဖွဲ့ဝင်တစ်ဦးဖြစ်သူ Smart Tech ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ကျော်လှိုင်က ပြောသည်။

ဆုပေးပွဲကို ပြည်တွင်းရှိ Pastel Communications မှ စီစဉ်လုပ်ကိုင်ခြင်းဖြစ်ပြီး နယ်ပယ်ရှစ်ခုမှ အောင်မြင်သူများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ပေးမည့် အစိုးရအဖွဲ့နှင့် ဂျူရီအဖွဲ့ဝင်များအားလုံးသည် ယခု အစီအစဉ်အတွက် အခကြေးငွေမယူသော၊ ဘက်မလိုက်သော အဖွဲ့ဝင်များဖြစ်ကြောင်း သိရသည်။

ပြည်တွင်းရှိ အောင်မြင်သော အနုပညာရှင်များ၏ စိတ်ဝင်စားဖွယ် ကောင်းသည့် ဖျော်ဖြေရေးအစီအစဉ်များနှင့် ကျင်းပမည့် ဆုချီးမြှင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန် ကြီးချုပ် ဦးဖြိုးမင်းသိန်းမှ အထူးဧည့်သည်တော်အနေဖြင့် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **ချောစု**




# လူငယ် နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေး အစီအစဉ်(၂၀၁၉)၏ အောက်မြန်မာပြည် ဆန်ခါတင် ၅ ဖွဲ့ ရွေးချယ်

မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း (MPT) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းစီစဉ်သော မြန်မာလူငယ် နည်းပညာစွန့်ဦး တီထွင်ဖွံ့ဖြိုးရေးအစီအစဉ်(၂၀၁၉)၏ အောက်မြန်မာပြည် ဆန်ခါတင် နည်းပညာစွန့်ဦးတီထွင်အဖွဲ့ ၅ဖွဲ့ကို ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်မြို့၊ လှိုင်တက္ကသိုလ်နယ်မြေ၊ MICT Park ၌ ရွေးချယ်ခဲ့ကြောင်း သိရသည်။

အောက်မြန်မာပြည်အတွက် ဆန်ခါတင်ရွေးချယ်ခံရသောအဖွဲ့ ၅ ဖွဲ့မှာ အွန်လိုင်းပေါ်မှ အောင်ဘာလေထီလက်မှတ်များဝယ်ယူနိုင်မည့် အက်ပလီကေးရှင်းကို တီထွင်ခဲ့သည့် Idea Capsule၊ စိုက်ပျိုးရေးကဏ္ဍတွင် ဆိုလာနှင့် အာရုံခံစနစ်များ အသုံးပြု၍ လူအစားထိုးစက်ပစ္စည်းများ ပြောင်းလဲသုံးစွဲနိုင်မည့် အစီအစဉ်ကို ဖန်တီးခဲ့သည့် Innovation Group၊ မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို နည်းပညာစနစ်မှတစ်ဆင့် လက်တွေ့ကဲ့သို့ ခံစားကြည့်ရှုနိုင်မည့် အစီအစဉ်ကို ဖန်တီးသည့် Divers၊ AR စနစ်ဖြင့် တိုင်းရင်းသား စာပေများကို လေ့လာသင်ယူနိုင်မည့်သင်ထောက်ကူအက်ပလီကေးရှင်းကို တီထွင်သည့် Blue Forg နှင့် ရန်ကုန်မြို့တွင်းတိုက်ခန်းများကို လပေးစနစ်ဖြင့် ငှားရမ်းခြင်း၊ စပ်တူနေထိုင်ရန် အခန်းရှာဖွေခြင်းများ ပြုလုပ်နိုင်မည့် ပလက်ဖောင်းကို ဖန်တီးခဲ့သည့် Nay Yar အဖွဲ့တို့ဖြစ်ကြောင်း သိရသည်။

"အထက်မြန်မာပြည်က အသင်းတွေနဲ့ ယှဉ်ပြိုင်ဖို့ ဆန်ခါတင်ရွေးချယ်ခံရတဲ့ အောက်မြန်မာပြည်ကိုယ်စားပြုအဖွဲ့တွေ အားလုံးအတွက် MPT က ဂုဏ်ယူပါတယ်။ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ သူတို့ပေးချင်တဲ့ အရာတွေအများကြီးရှိနေတဲ့အချိန်မှာ သူတို့ရဲ့ အရည်အသွေးတွေ လက်တွေ့ဖြစ်လာနိုင်ဖို့အတွက် ကူညီဆောင်ရွက်ပေးနိုင်ဖို့ ဆုံးဖြတ်ထားပါတယ်။ ဘာလို့လဲဆိုတော့ သူတို့အနေနဲ့ စီးပွားရေးအရ အောင်မြင်တဲ့လုပ်ငန်း တစ်ခုဖြစ်လာဖို့အတွက် ရည်ရွယ်ထားလို့ပဲ ဖြစ်ပါတယ်။ အခုလို ပံ့ပိုးကူညီမှုတွေကြောင့် သူတို့ရဲ့လုပ်ငန်းတွေ တိုးတက်ပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ နည်းပညာနဲ့ အခြားနေရာတွေမှာပါ အထောက်အကူဖြစ်စေပြီး နိုင်ငံကို အခုထက်ပိုပြီး ရှေ့ကို တိုးတက်လာစေဖို့ မျှော်လင့်ပါတယ်"ဟု MPT-KSGM Joint Operations ၏ လုပ်ငန်းလည်ပတ်မှုဌာနကြီး အရာရှိချုပ် Mr.Yoshiaki Benino က ပြောသည်။

ယခုရွေးချယ်ခံရသောအဖွဲ့ ၅ ဖွဲ့နှင့် အထက်မြန်မာပြည်အတွက် ဆန်ခါတင် ရွေးချယ်ထားသော အဖွဲ့ ၅ ဖွဲ့မှာ ဖေဖော်ဝါရီလအတွင်း နောက်ဆုံး အဆင့်ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## စားသောက်ကုန် ဘေးကင်းလုံခြုံရေးဆိုင်ရာ နည်းပညာအကူအညီများ ပံ့ပိုးပေးရန် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်မည်

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် International Finance Corporation (IFC) တို့ပူးပေါင်း၍ "Train- the- Trainers Using IFC Methodology" အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့၊ မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်ရုံး၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ၏ ပို့ကုန်တိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာစေရေးအတွက် လယ်ယာသားငါးကဏ္ဍနှင့် စားသောက်ကုန်ကဏ္ဍတို့မှ ပြည်ပတင်ပို့သူများ၊ စက်ရုံအလုပ်ရုံများကို နိုင်ငံတကာ ဈေးကွက်သို့ထိုးဖောက်ရာတွင် လိုအပ်သော စားသောက်ကုန် ဘေးကင်းလုံခြုံရေးဆိုင်ရာ အလေ့အထများတိုးတက်စေရန်အတွက် နည်းပညာအကူအညီများပံ့ပိုးပေးရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Train- the- Trainers အလုပ်ရုံဆွေးနွေးပွဲသို့ သက်ဆိုင်ရာလုပ် ငန်းအတွေ့အကြုံ အနည်းဆုံးသုံးနှစ် ရှိပြီး Food Science, Microbiology, Food Engineering ဆိုင်ရာ Advanced Degree တစ်ခုခုရရှိထား သူ(သို့မဟုတ်)ဆက်စပ်လုပ်ငန်းနယ်ပယ်တွင် ပါဝင်ဆောင်ရွက်နေသည့် အသင်းချုပ်အသင်းဝင်များနှင့် ညီနောင်အသင်း များမှစိတ်ပါဝင်စားသူများ တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက HRD ဌာန၊ ဖုန်းနံပါတ် ၀၁-၂၃၁၄၃၄၄ မှ ၂၃၁၄၃၄၉ (လိုင်းခွဲ-၁၃၃၊ ၁၃၄) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# ဆန်စပါးအစိုဓာတ်တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန် ခြေရာခံစနစ် တည်ဆောက်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၂၃ ရက်က ဆန်စပါးအစိုဓာတ်တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန် ခြေရာခံစနစ် တည်ဆောက်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဂျပန်နိုင်ငံမှ Japan International Co-operation Agency(JICA), Kett Electric Laboratory, Japan Development Service(JDS), Myanmar Rice Federation(MRF) နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရပါသည်။

အဆိုပါဟောပြောပွဲတွင် Kett Electric Laboratory, General Manager Mr.Norihiro Yoshida မှ ဆန်စပါးအစိုဓာတ်တိုင်းကိရိယာ Kett ၏ အကြောင်း၊ ယခုစီမံကိန်းတွင် မိမိတို့နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနအပြင် ဆန်စပါးအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးမြင့်ဝေက မိမိတို့ဌာနအနေနှင့် ဂျပန်နိုင်ငံ Kett Electric Laboratory တို့ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်၊ JICA မှ လိုအပ်သော ဓာတ်ခွဲခန်းဆိုင်ရာပစ္စည်းများ ကူညီမည်ဖြစ်ပြီး Kett မှ နည်းပညာဆိုင်ရာ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ သီးနှံများ အစိုဓာတ်တိုင်းတာရာတွင် အရေးကြီးကြောင်း၊ သီးနှံ၏ အစိုဓာတ်ပါဝင်မှုများခြင်းကြောင့် ရောင်းဝယ်မှုတွင် ဆုံးရှုံးနစ်နာမှုများရှိကြောင်း၊ မျှတမှုမရှိသော ဆန်စပါးကုန်သွယ်ရောင်းဝယ်မှုကို လျှော့ချရန် ရည်ရွယ်ချက်ထားရှိပြီး မိမိတို့



ဝန်ကြီးဌာနအနေဖြင့် Weight and Measure Supervision Division အစိုဓာတ်တိုင်းကိရိယာများအား တိုက်ဆိုင်စစ်ဆေးခြင်း စနစ်အားဆောင်ရွက်လျက်ရှိရာ Weight and Measure Act (1991)ကို ထုတ်ပြန်ပြီး ဥပဒေအရ ဆန်စပါးအစိုဓာတ်တိုင်း ကိရိယာအသုံးပြုခြင်းနှင့်ပတ်သက်ပြီး အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးဖြစ်ကြောင်း ယခုစီမံကိန်းကာလအနေဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် ဩဂုတ်လအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝေရီလင်းမှ ကုန်သွယ်မှုတွင် စံထားကိရိယာအသုံးပြုခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်မှုအတွက် ရလဒ်ပိုမိုကြောင်း၊ ပရောဂျက်၏ နောက်ခံသမိုင်းနှင့် စားသုံးသူရေးရာဦးစီးဌာန၏ အခန်းကဏ္ဍ စသည်များကို ရှင်းလင်းခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်း အတွင်းရေးမှူး ဒေါက်တာမျိုးအောင်ကျော်က မိမိတို့အသင်းနှင့် Kett Electric Laboratory တို့ ပူးပေါင်းဆောင်ရွက်ရာ ၎င်းတို့မှ နည်းပညာများ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ တိကျမှန်ကန်သော အစိုဓာတ်တိုင်းကိရိယာကြောင့် တောင်သူလယ်သမား၊ ပွဲစား၊ကုန်သည်၊စက်ပိုင်နှင့် လက်ကားကုန်စည်ဒိုင်များ ပိုမိုအကျိုးရရှိနိုင်မည်ဖြစ်ကြောင်း အစိုဓာတ်(၁ ရာခိုင်နှုန်း)၏ ကောင်းကျိုး ဆိုးကျိုး သက်ရောက်မှုအကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ဟောပြောပွဲသို့ တက်ရောက်လာသူများအနက် စဉ့်ကိုင်မြို့နယ် ဝေဖြိုးဆန်စက်မှ တောင်သူစက်ပိုင် ဒေါ်သန်းသန်းဌေးနှင့် မတ္တရာမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ဝမ်းတို့မှ သိရှိလိုသည်များအား မေးမြန်းရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်သွေးစီမံခန့်ခွဲရေးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဝေမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

အဆိုပါ "ဆန်စပါး အစိုဓာတ်တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန် ခြေရာခံစနစ်တည်ဆောက်ခြင်း ဆိုင်ရာ အသိပညာပေးဟောပြောပွဲ"ကျင်းပပြုလုပ်ခြင်းကြောင့် လယ်သမားနှင့် လုပ်ငန်းရှင်များမှ သီးနှံ၏ အစိုဓါတ်ကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေခြင်းနှင့် ဝင်ငွေတိုးတက်ရရှိပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမည် ဖြစ်ပါသောကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မတ္တရာမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့မှ စိတ်ပါဝင်စားသော လယ်သမား၊ ကုန်သည်၊ ပွဲစား၊ စက်ပိုင်နှင့် လုပ်ငန်းရှင် ၃၈ ဦးတက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**စိုးအောင်(မန္တလေး)**

**စာမျက်နှာ (၂၅) စားသုံးသူများကို ကာကွယ်ဖို့ . . . မှအဆက်**

ဘေးဥပဒ်အန္တရာယ်ကင်းရှင်းခြင်း စသည့်အချက်များကို အလေးပေးကာ ရွေးချယ်ဝယ်ယူကြသည်ကို တွေ့ရှိရပါသည်။ လူကြီး၊ လူငယ်၊ ကလေးနှင့်ယောက်ျား၊ မိန်းမ စသည့် အသက်အရွယ်အပိုင်း အခြားအလိုက် စိတ်ကျေနပ်မှုရရှိခြင်းလည်း တူညီနိုင်မည်မဟုတ်ပေ။ စီးပွားရေးလုပ်ငန်းရှင်များသည် ရာသီဥတု၊ အချိန်အခါ၊ အသက်အရွယ်အလိုက် စိတ်ကျေနပ်မှုရရှိ စေရန်ဆောင်ရွက်ကြမှသာလျှင် ရေရှည်တည်တံ့၍ အောင်မြင်နိုင်မည့် လုပ်ငန်းတစ်ခုကို တည်ထောင်ရာရောက်ပေမည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် ခေတ်၊ စနစ်များနှင့်အညီ စားသုံးသူများကိုအကာအကွယ်ပေးနိုင်ရေး၊ ဆုံးရှုံးနစ်နာမှုများကို ကုစားဖြေရှင်းနိုင်ရေး၊ လုပ်ငန်းရှင်များ လူသုံး၊ အိမ်သုံးပစ္စည်းများ ထုတ်လုပ်၊ တင်ပို့၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချရာတွင် နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေး ကွက်အထိ ခြဲ့ထွင်ထိုးဖောက်နိုင်ရေးအတွက် လိုအပ်သောဥပဒေ၊ ညွှန်ကြားချက်များထုတ်ပြန်၍ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ စားသုံးသူများကို ကာကွယ်ပေးရင်း လုပ်ငန်းရှင်များ ရေရှည်အကျိုး ဖြစ်ထွန်းစေရန် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။ မည်သူ့ကိုသာစေ၊ မည့်သူ့ကိုနာစေဆို၍ အမိန့်များကို အလျင်စလို ထုတ်ပြန်ခဲ့ခြင်း မဟုတ်ပေ။ သက်ဆိုင်ရာဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ၊ ပညာရှင်များနှင့် အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းအဖြေရှာ၍ အဆင့်ဆင့်တင်ပြ၍ ခွင့်ပြုချက်ရယူကာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ၅၁ သန်း ကျော်သော စားသုံးသူများ၊ လုပ်ငန်းရှင်များ အကျိုးအတွက်သော်လည်းကောင်း၊ ပြည်သူများ သာယာဝပြောသော ပတ်ဝန်းကျင်ကောင်းတွင် သက်တမ်းစေ့နေနိုင်ရေး အတွက်လည်းကောင်း၊ နိုင်ငံ တော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် အတွက် လည်ကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော သတ်မှတ်ချက်များနှင့် ကိုက်ညီစေရေးအတွက် လည်းကောင်း၊ ထိခိုက်နစ်နာဆုံးရှုံးမှုများကို မဖြစ်ခင် ကြိုတင်ကာကွယ်နိုင်ရေးအတွက်လည်းကောင်း ညွှန်ကြားချက်အား ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

သို့ရာတွင် ရည်ရွယ်ချက်ကောင်းများဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာဖြစ်သော်လည်း ဌာနတစ်ခုတည်းအနေဖြင့်ဆောင်ရွက်ပါက ထိုက်သင့်သလောက်အောင်မြင်မှုရရှိမည်ဖြစ်သော်လည်း အချိန်ရှည်ကြာပေမည်။ ၅၁ သန်းကျော်သော ပြည်သူများ ထိခိုက်နစ်နာ၊ သေဆုံးမှုများဆက်လက် ဖြစ်ပေါ်နိုင်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက်ထုတ်ပြန်သော ညွှန်ကြားချက်ကို ပြည်သူများဖြစ်သည့် စားသုံးသူများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ သက်ဆိုင်ရာဆက်စပ်ဌာနများအားလုံးမှ လက်တွဲ၍ ပူးပေါင်းဆောင်ရွက်မှသာလျှင် အချိန်တိုအတွင်းအောင်မြင်နိုင်မည့် ညွှန်ကြားချက်တစ်ခုဖြစ်၍ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်လိုက်နာလုပ်ဆောင်ကြရန် လိုအပ်ပါ သည်။

သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များသည် ၅၁ သန်းကျော်သော ပြည်သူများအကျိုးအတွက် ထုတ်ပြန်ထားသော၊ တိုက်တွန်းထားသော ညွှန်ကြားချက်နှင့်အညီ ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းပြုလုပ်ရာတွင် စားသုံးသူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံ အညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးများနှင့် ပတ်သက်၍သတင်းအချက်အလက်များ၊ ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရာတွင် သာမန်မျက်စိဖြင့်မြင်နိုင်သော အရွယ်အစားဖြင့် ဖော်ပြပေးရန်၊ စားသုံးသူသို့ လက်လီရောင်းချမည့် ကုန်စည်ထုပ်ပိုးပစ္စည်းပေါ်တွင် ဖော်ပြပေးရန်၊ ကုန်စည်ပေါ်တွင် အချက်အလက်ဖော်ပြရန် မဖြစ်နိုင်ပါက လက်ကမ်း စာစောင်၊ အညွှန်းတို့ဖြင့်ဖော်ပြပြီး ကုန်စည်နှင့်အတူ စားသုံးသူသို့ တစ်ပါတည်း ပေးအပ်ရန်၊ ပြည်ပမှ တင်သွင်းဖြန့်ဖြူးသည့် ကုန်စည်ဖြစ်ပါက ဈေးကွက်ဖြန့်ဖြူးခြင်းမပြုမီ ထက်ပိုးကပ်ခြင်း သို့မဟုတ် ထုပ်ပိုးပစ္စည်းအသစ်အသုံးပြုခြင်းပြုလုပ်၍ ပြုပြင်ရောင်းချရန်၊ သက်ဆိုင်ရာဌာနများ၏ လိုက်နာရန် ညွှန်ကြားချက်များနှင့်ပတ်သက်၍ ဖော်ပြရန်အချက်များအား မြန်မာဘာသာဖြင့် ဖော်ပြရန် လိုအပ်မည်ဖြစ်ပါသည်။ စားသုံးသူများမှလည်း မိမိသက်ရှည်၊ ကျန်းမာရေးအတွက် ထုတ်ပြန်ထားသော ညွှန်ကြားချက်အတိုင်း လိုက်နာကူညီပေးကြရန် တိုက်တွန်းအပ်ပါသည်။ သို့မှသာ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ ဆုံးရှုံးနစ်နာမှုများကင်းဝေး၍ ငြိမ်းချမ်းပျော်ရွှင်သော ပတ်ဝန်းကျင်ကောင်းတွင် ကျန်းမာစွာဖြင့် သက်တမ်းစေ့နေထိုင်သွားနိုင်မည်ဖြစ်ပါကြောင်း စေတနာရှေ့ထား၍ တိုက်တွန်းအပ်ပါသည်။

## ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အလုံမြို့နယ် သိပ္ပံဈေးတွင် အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် (၁၂/၂၀၁၈) အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ခဲ့ကြသော အလုံမြို့နယ်သိပ္ပံဈေးတွင် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ကွင်းဆင်းရာတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျင်ဌေးမှ ဦးဆောင်ပြီး ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ ကိုယ်စားလှယ်၊ စည်ပင်သာယာ၊ ကျန်းမာရေးဌာန ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ ပူးပေါင်းပါဝင်ခဲ့ပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရန်နှင့် တာဝန်ယူမှုတာဝန်ခံမှုရှိသောအလေ့အကျင့်ကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ ဈေးအတွင်းရှိ လူသုံးကုန်၊ စားသောက်ကုန် အရောင်းဆိုင်များ၊ ဝန်ဆောင်မှုနှင့်ပတ်သက်သည့် ဆိုင်များအား စားသုံးသူနှင့် ရောင်းချသူတို့အကြား ဖြစ်ပွားတတ်သည့် အငြင်းပွားမှုအခြေအနေ၊ ကုန်ပစ္စည်းများတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ ယှဉ်တွဲလျက်ဖြစ်စေ ဖော်ပြပေးရေး စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာ၊ မိမိတို့ရောင်းချသော ကုန်စည်များအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝပေးရန် အသိပညာပေးခြင်းနှင့် FDA မှ ခွင့်မပြုသည့်ကုန်စည်များ၊ သက်တမ်းလွန်ကုန်စည်များ၊ FDA မှ ထုတ်ပြန်ထားသည့်အမှတ်တံဆိပ်တွင်ဖော်ပြထားသော ပါဝင်ပစ္စည်းဖော်ပြချက်နှင့် Iodine Valueကိုက်ညီမှုမရှိကြောင်းနှင့် ဓာတုအနံ့ (Essence) များ ရောနှောထည့်သွင်းထားသော စံမညီစားသုံးဆီ ၁၃ မျိုးတို့အား ဈေးကွက်အတွင်း ရောင်းချမှုရှိ/မရှိစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကုန်မျိုးစုံဆိုင်၊ မုန့်မျိုးစုံဆိုင်၊ စားသုံးဆီအရောင်းဆိုင်၊ အထည်ဆိုင်၊ အပ်ချုပ်ဆိုင် စသည်ဖြင့် စုစုပေါင်း ၂၅ ဆိုင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။ **West DOCA**

## ကျောက်ဆည်မြို့တွင် စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချမှုနှင့် စားသုံးသူဥပဒေရေးရာများ ရှင်းလင်းပွဲကျင်းပ

ကျောက်ဆည်မြို့ ရွှေဖောင်ဒေးရှင်းခန်းမတွင် ဇန်နဝါရီ ၁၇ ရက်က တိုင်းဒေသကြီးစားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းနှင့် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်များနှင့် ပတ်သက်သည့် ‘စားသုံးသူဥပဒေရေးရာ သိကောင်းစရာ’ဟောပြော ဆွေးနွေးပွဲပြုလုပ်ခဲ့ပါသည်။ အခမ်းအနားကို အစီအစဉ် (၉)ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဗဟိုကော်မတီမှ ပါမောက္ခဒေါက်တာအောင်မြင့်က အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးဦးမြင့်ဇော်ဦးက စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်ပြီး လုပ်ငန်းရှင်များသိရှိ လိုက်နာရန် လိုအပ်ကြောင်းကို ဆွေးနွေးပြောကြားခဲ့ပြီး၊ ကျောက်ဆည်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက ငယ်စဉ်ဘဝက အစားအသောက်ကို စိတ်ချလက်ချ စားသုံးခဲ့ပြီး ယခုအချိန်မှာ မည်သည့် အစားအသောက်မျှ ယုံကြည်စိတ်ချစွာစားသောက်ရန် ခက်ခဲပါကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းမည့် စားသောက်ကုန်ပစ္စည်းများထုတ်လုပ် ရောင်းချမှုကိုကြိုဆိုပါကြောင်း၊ အများအကျိုးရှေးရှု၍ ဆောင်ရွက်သွားကြစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ ဆက်လက်၍ တိုင်းဒေသကြီး စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချမှု အသင်းဥက္ကဋ္ဌ ဦးဆန်းဝင်း၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဇော်မင်းတို့မှ ရှင်းလင်းဆွေးနွေးခဲ့ပြီး သိရှိလိုသည့် မေးမြန်းမှုများအား ဗဟိုကော်မတီဝင် ပါမောက္ခဒေါက်တာအောင်မြင့်က ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရပါသည်။ ဆက်လက်၍ တိုင်းဒေသကြီး စားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ဦးဆောင်၍ ခရိုင်အဆင့် စားသောက်ကုန်ထုတ်လုပ်ရောင်းချသူများအသင်း ဖွဲ့စည်းနိုင်ရေးဆောင်ရွက်ခဲ့ရာ ကျောက်ဆည်ခရိုင်စားသောက်ကုန်ထုတ် လုပ်တင်ပို့ ရောင်းချသူများအသင်းအားအဖွဲ့ဝင် ကိုးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ တံတားဦးမြို့နယ်များမှ ကုန်စည်၊ ဝန်ဆောင်မှုနှင့်ပတ်သက်သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ စုစုပေါင်းအင်အား ၂၅၀ ဦးတက် ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**မော်မော်အောင် (ကျောက်ဆည်)**

## ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ဝဲကြီးစံပြအခြေခံပညာ အထက်တန်းကျောင်း၊ ဝဲကြီးစံပြကျေးရွာနှင့် ဌာနီကုန်းကျေးရွာတို့၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ကရင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနပြည်နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ချစ်ဆုဝေနှင့် ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီ ၁၆ ရက်က စားသုံးသူအကာအကွယ်ပေးရေးအသိ ပညာပေးဟောပြောခြင်း၊ လက်လီ/လက်ကားဈေးဆိုင်များ စစ်ဆေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ဟောပြောပွဲတွင် ဦးစီးအရာရှိ ဒေါ်ချစ်ဆုဝေက ဌာန၏လုပ်ငန်းအကြောင်းအရာများနှင့် စားသုံးသူ အကျိုးအကာအကွယ်ပေးနေသည့်လုပ်ငန်းအကြောင်းအရာများရှင်းလင်းခြင်း၊ အကြီးတန်းစာရေး ဒေါ်ခင်ကြည်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ ကရင်ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂) ရပ်တို့၏ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ချက်များ၊ စားသုံးသူရပိုင်ခွင့်များရရှိစေရန်နှင့် နစ်နာမှု/မကျေနပ်မှုရှိလျှင်(CICC)ရုံးသို့ တိုင်ကြားနိုင်သည့်အကြောင်းအရာများအား ဥပမာနှင့်တကွ ဟောပြောဆွေးနွေးခြင်း၊ ဥပဒေပါပြစ်မှုနှင့် ပြစ်ဒဏ်များဟောပြောဆွေးနွေးကြပါသည်။ ဆက်လက်၍ အကြီးတန်းစာရေး ဒေါ်နန်းပွင့်စန်းစန်းက ကရင်ဘာသာ စကားဖြင့်တရားမဝင်/ဝင်အေးခဲအသား၊ ငါး၊ ပုဇွန်နှင့် စားသုံးဆီနှင့် တရုတ်နိုင်ငံမှ စားသုံးဆီ Video ပြသခြင်း/ရှင်းလင်းဟောပြောဆွေးနွေးခြင်း၊ ဒုကြီးကြပ်ရေးမှူး ဒေါ်သက်မွန်ခိုင် (ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန)က အစားအသောက်၊ ဆေးဝါး၊ အလှကုန်များမှ ဆောင်ရန်/ရှောင်ရန်များ၊ စားသုံးရန်မသင့်သည့် အစားအသောက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်ပြီး စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ အခြေခံပညာကျောင်းဆရာ၊ ဆရာမများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတို့နှင့်အတူ ကျောင်းမုန့်ဈေးတန်း၊ ကျေးရွာရှိလက်လီ/လက်ကားဈေးဆိုင်တို့၌ ရောင်းချနေသည့် စားသောက်ကုန်များ စစ်ဆေးခြင်း၊ ဈေးသည်များအား အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်)**

## ထောက်ခံချက်မရှိသည့် စားသောက်ကုန်များနှင့် တားမြစ်စားသောက်ကုန်များ မီးရှို့ဖျက်ဆီး

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့မှ(၂)လအတွင်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေပုဒ်မ ၁၉(င) နှင့်(စ)ဖြင့် အရေးယူထားသော စားသောက်ကုန်များအား ဇန်နဝါရီ ၂၁ရက်တွင် ကျိုင်းတုံမြို့ယန်းလောကျေးရွာအုပ်စုရှိ မီးရထားဘူတာရုံဟောင်းဝင်း၌ မီးရှို့ဖျက်ဆီး ခဲ့ကြောင်း သိရှိရပါတယ်။ အခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာန ရှမ်းပြည်နယ်အရှေ့ပိုင်း ဒုတိယပြည်နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျိုင်းတုံ ကုန်သည်စက်မှု အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျိုင်းတုံ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ပြီး ယခု မီးရှို့ဖျက်ဆီးမည့် စားသောက်ကုန်များမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၁ ရက်ထိ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၁၉ (င)နှင့်(စ)အရ အရေးယူထားသော ကုန်စည်များဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့် ထောက်ခံချက်မရှိသော ပြည်ပနိုင်ငံထုတ် စားသောက်ကုန်များမှာ ကျပ် ၂၅၃၆၀၀၊ ထောက်ခံချက်မရှိသော ပြည်တွင်းထုတ် စားသောက်ကုန်များမှာ ကျပ် ၉၇၀၀၊ သက်တမ်းကုန်ဆုံးရက်မပါသည့်စားသောက်ကုန်များ ကျပ် ၁၈၆၇၅၀၊ ရက်လွန် အေးခဲအသားမျိုးစုံမှာ ကျပ် ၈၄၀၀၊ ရက်လွန်ငါးခဲပတ်ကင် ကျပ် ၂၂၅၀၀၊ ပုပ်သိုးခရမ်းချဉ်သီး ကျပ် ၄၅၀၀၊ ပြည်တွင်း/ ပြည်ပထုတ် သက်တမ်းလွန်စားသောက်ကုန်များမှာကျပ် ၁၀၉၂၅၀၊ ထောက်ခံချက် မရှိ/တံဆိပ်မပါ/သက်တမ်းလွန် ရက်စွဲမပါ စားဆီကျပ် ၂၇၀၀၀၊ FDA မှတားမြစ်ထားသော ဘုတ်ဆုံမတံဆိပ် အရောင်တင်မှုန့်နှင့် မဆလာ ကျပ် ၁၆၀၀၀ စုစုပေါင်းတန်ဖိုး ကျပ် ၆၃၇၇၀၀ ရှိကြောင်း သတင်းရရှိပါတယ်။

**ရန်နောင်(ကျိုင်းတုံ)**



## ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် မိတ်ဖက်ဌာနများပူးပေါင်း၍ ကျိုက်လတ်မြို့နယ် ဈေးရုံ၊ ဈေးတန်းများအား ရှောင်တခင်ကွင်းဆင်းစစ်ဆေး

ဖျာပုံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ ဇန်နဝါရီ ၁၇ ရက်တွင် ခရိုင်စားသုံးသူအငြင်းပွားဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးဦးမြင့်အောင် ဦးဆောင်၍ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနများ၊ ဒေသခံ သက်ဆိုင်ရာဌာနများ ဈေးစားသုံးသူရေးရာအဖွဲ့နှင့် ရပ်ကွက်စားသုံးသူရေးရာ အဖွဲ့များလိုက်ပါ၍ ကျိုက်လတ်မြို့နယ် ဈေးကွက်အတွင်းရှိ တားမြစ်ထားသော ကုန်စည်များနှင့် သက်တမ်းလွန် ကုန်စည်များအား ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။

ထိုသို့စစ်ဆေးရာတွင် ကျိုက်လတ်မြို့နယ်ရှိမုန့်မျိုးစုံ အရောင်းဆိုင်များ၊ အလှကုန်ပစ္စည်းနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များအား အဖွဲ့သုံးဖွဲ့ခွဲ၍ စစ်ဆေးခဲ့ရာ မုန့်မျိုးစုံ အရောင်းဆိုင်တွင် သက်တမ်းလွန်မုန့်မျိုးစုံနှင့် FDA မှတားမြစ်ထားသော မုန့်ပစ္စည်း (၇) မျိုးကိုလည်းကောင်း၊ အလှကုန်ပစ္စည်းအရောင်းဆိုင်တွင် သက်တမ်းလွန်နေသည့် အလှကုန်ပစ္စည်းများ၊ မျက်မြင်အရ သုံးစွဲရန်မသင့်သော ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသည့် အလှကုန်ပစ္စည်း ၂၉ မျိုးကို လည်းကောင်း၊ ပိုးသတ်ဆေးအရောင်းဆိုင်တွင် သက်တမ်းကုန်ဆုံးရက်မပါရှိသော ပိုးသတ်ဆေးနှင့် သက်တမ်းလွန်နေသော ပိုးသတ်ဆေး ခုနစ်မျိုးကို လည်းကောင်း စုစုပေါင်း ပစ္စည်း ၄၃ မျိုးတို့ကို သိမ်းဆည်းခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ(၁၉)(က)အရ နောက်နောင် ဤကဲ့သို့ ပစ္စည်းရောင်းချခြင်းမပြုရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုး သတိပေးခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၈) ဖြင့် စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီက ထုတ်ပြန်ထားသည့် စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဦးစားပေးကုန်စည်များပေါ်တွင် မဖြစ်မနေထည့်သွင်းဖော်ပြရမည့် အချက်များကို ရောင်းချသူများအား အသိပညာပေးဆောင်ရွက်ခဲ့ပါသည်။



အဆိုပါ သိမ်းဆည်းပစ္စည်း ၄၃ မျိုး၏ တန်ဖိုးမှာ သုံးသိန်း သုံးသောင်းခြောက်ထောင်ကျော်ဖြစ်ပြီး လာမည့် (၂၇)ကြိမ်မြောက်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်တင်ပြ၍ အတည်ပြုချက်ရယူပြီး ၎င်းသိမ်းဆည်း ပစ္စည်းများအား မီးရှို့မြေမြှုပ်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# ရမည်းသင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရမည်းသင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၁/၂၀၁၉) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီလ ၁၈ ရက်တွင် ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား)ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရပါ သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရမည်းသင်းခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရမည်းသင်းခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးကော်မတီအတွင်းရေးမှူး ဦးကျော်မြင့်က ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ရမည်းသင်းခရိုင်အတွင်း အသိပညာပေးဟောပြောမှုအခြေအနေ၊ ကွင်းဆင်းစစ်ဆေးခြင်းစသည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြပြီး မိတ္ထီလာခရိုင် FDA၊သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ စည်ပင်ဈေးနှင့် ဆေးအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ ဈေးကွက်အတွင်းရှိသက်တမ်းကုန်ဆုံးနေသော အစားအသောက်များ၊ ကျန်းမာရေးဌာနမှ တရားဝင်တားမြစ်ထားသော အစားအသောက်များအား ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် သိမ်းဆည်းဖျက်ဆီးခဲ့ကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ခရီးသည်ပို့ဆောင်ရေးကားဂိတ်များသို့ အသိပညာပေးခြင်း၊ ဆောင်ရွက်မှု အခြေအနေ၊ ထုတ်ကုန်ပစ္စည်းအမှတ်တံဆိပ်များအားမြန်မာဘာသာ(သို့)မြန်မာဘာသာဖြင့် ပူးတွဲဖော်ပြရန်တင်ပြမှုအား ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၆ ရက်မှ စတင်ညွှန်ကြားခဲ့ပြီး နောက်ခြောက် လပြည့်မြောက်သည့်နေ့တွင် အာဏာသက်ရောက်မှာဖြစ်ကြောင်း၊ ၎င်းနှင့်ပတ်သက်၍ မန္တလေး တိုင်းဒေသကြီးစားသောက်ကုန်ထုတ်လုပ်သူများအသင်းနှင့် ပူးပေါင်း၍ ရမည်းသင်းမြို့ သီလဝါခန်းမ၌ ဖေဖော်ဝါရီလတွင် ဟောပြောဆွေးနွေးပွဲကျင်းပပြုလုပ်ရန် စီစဉ်ထားရှိကြောင်းတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရမည်းသင်းခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်သော စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမင်းကြည်၊ ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဒေါ်ရီမီနှင့် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဝင်းတို့မှ ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မူမူသန်း(မိတ္ထီလာ)**

# မင်းကင်းမြို့ပေါ်ရှိ ဈေးဆိုင်များ ရှောင်တခင်စစ်ဆေး

ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်ပြီး မင်းကင်းမြို့ပေါ်ရှိမြို့မဈေး၊ အမှတ်(၁) ရပ်နှင့် အမှတ်(၃)ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များသို့ ဇန်နဝါရီ ၁၆ ရက်က ရှောင်တခင်စစ်ဆေးခဲ့ပါတယ်။ မင်းကင်းမြို့ပေါ်မှ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာ၊ ကျန်းမာရေး၊ ဈေးစားသုံးသူရေးရာအဖွဲ့ခေါင်းဆောင်နှင့် အမှတ်(၁)၊ အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှစ်ဦးတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့တယ်လို့သိရှိရပါတယ်။

ဈေးကွက်အတွင်းမှ စားသုံးရန်မသင့်သော လက်ဖက်အစိုမှုတ်များ၊ သက်တမ်းလွန်နေသော Sunkist-V-Code၊ VeVe၊ Blue Mountain၊ Nest Caffee ထုပ်များ Vito (ပဲနို့)ဗူးများ၊ B-6 ကားမူးပျောက်ဆေးTan Go(ဝေဖာ)ထုပ် များ၊ ကိုလာကွတ်ကီးမုန့်ထုပ်များ၊ UK နို့စိမ်းဗူးများ၊ ငရုတ်ဆီ (နေကြာပန်း)၊ ဆီတို့ဟူး၊ Yum Yum ထုပ်များ စုစုပေါင်း အရေအတွက် ၂၁၈ ခုတန်ဖိုးကျပ် ၁၁၄၃၀၀ ကိုသိမ်းဆည်းခဲ့ကြောင်း သိရှိရပါတယ်။

မင်းကင်းမြို့ပေါ်ရှိစားသုံးသူပြည်သူများအနေဖြင့် ယခုကဲ့သို့ မှိုတက်၊ သက်တမ်းလွန်၊ စားသောက်ကုန်များသိမ်းဆည်းမှုနှင့်ပတ်သက်လို့ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးစေလိုကြောင်း၊ ဒါမှစားသုံးသူပြည်သူများရဲ့ ကျန်းမာရေး၊ စားသောက်ထုတ်ကုန် လုံခြုံစိတ်ချရမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ထို့နောက် စားသုံးရန်မသင့်သောမှိုတက်၊ သတ်မှတ်ရက်လွန် စားသောက်ကုန်များကို မင်းကင်းမြို့နယ်ရှိ စားသုံးသူရေးရာဦးစီးဌာနရုံးရှေ့တွင် မိတ်ဖွဲ့ဌာနများအဖွဲ့စုံဖြင့် မီးရှို့၊ မြေမြှုပ်၊ ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

**ဝင်းမင်းဦး (မင်းကင်းမြို့)**

# ရွှေကျင်မြို့နယ် မြို့မဈေးအတွင်းနှင့် မြို့ပေါ်ကုန်စုံဆိုင်များအား ရှောင်တခင်ဝင်ရောက်စစ်ဆေး

ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူရေးရာဌာနခွဲတာဝန်ခံ၊ ပဲခူးခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ပဲခူးခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သိုက် ဦးဆောင်၍ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ရွှေကျင်မြို့နယ် တာဝန်ခံနှင့် ဝန်ထမ်းများ၊ ရွှေကျင်မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် ပူးပေါင်း၍ ဇန်နဝါရီ ၂၁ ရက်က ရွှေကျင်မြို့မစည်ပင်သာယာဈေး နှင့်မြို့ပေါ်ရှိ လက်လီလက်ကားရောင်းချနေသော ကုန်စုံဆိုင်များအား ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် FDAဌာနမှ ကြော်ငြာထားသော သုံးစွဲရန်မသင့်သော တရုတ်နိုင်ငံထုတ် ကျင်းထုံခြင်ဆေးခွေ၊ သက်တမ်းလွန်နေသော မုန့်မျိုးစုံရှစ်မျိုး၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တားမြစ်ထားသည့် သုံးစွဲရန်မသင့်သော သစ္စာရှင်၊ မေတ္တာရှင် တိုင်းရင်းဆေးဝါး တစ်မျိုး၊သုံးစွဲရန်မသင့်သော တရုတ် နိုင်ငံထုတ် Qianli၊ Anti-Freckle၊ Polla၊ QL အလှကုန်ပစ္စည်းလေး မျိုး စုစုပေါင်းတန်ဖိုးကျပ် ၁၂၈၅၅၀ အား တွေ့ရှိရသဖြင့် အဖွဲ့မှသိမ်းဆည်းပြီး၊ ဈေးဆိုင်ရှင်များအားစားသုံးသူ အကာအကွယ်ပေးရေးကော်မတီမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ အား မိတ္တူကူး၍ ဖြန့်ဝေခြင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် အဖွဲ့ဝင်များသည် သိမ်းဆည်းရမိခဲ့ သောခြင်ဆေးခွေ၊ မုန့်မျိုးစုံ၊ အလှကုန် ပစ္စည်းများအား ရွှေကျင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း ဖျက်ဆီးမြေမြှုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဆန်းဝင်း (ပဲခူး)**

# ဖျာပုံမြို့နယ်ကြက်ဖမွေးဇောင်းကျေးရွာ အ-ထ-က တွင် စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပခြင်းနှင့် ကျောင်းမုန့်ဈေးတန်းအား စစ်ဆေး

ဖျာပုံမြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံဦးမိုးမင်းသန်းနှင့်ဝန်ထမ်းများ၊ ပညာရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ပညာရေးမှူးဦးမိုးလွင်၊ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟန်မျိုးအောင် တို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဇန်နဝါရီလ ၁၆ ရက်တွင်ဖျာပုံမြို့နယ်ကြက်ဖမွေးဇောင်း ကျေးရွာအထက်ကျောင်း၌ စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပပြုလုပ်ပြီး ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ဒုတိယမြို့နယ်ပညာရေးမှူးဦးမိုးလွင်က အဖွင့်အမှာစကား ပြောကြားပြီး ဦးစီးအရာရှိ ဦးဟန်မျိုးအောင်ကသဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်တာဝန်ခံ ဦးမိုးမင်းသန်းက စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါပြဋ္ဌာန်းချက်များ၊ စားသုံးသူတို့၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များ၊ CICC ရုံးသို့တိုင်ကြားမှုများအပေါ် ဖြေရှင်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယမြို့နယ်တာဝန်ခံဦးမင်းဇော်က ကုန်စည်ဝန်ဆောင်မှုနှင့်ပတ်သက်၍နစ်နာမှုရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ မသန့်ရှင်းသော ရက်လွန် အစားအစာများနှင့် ဓာတုဆိုးဆေးပါ အစားအစာများအကြောင်း၊ FDAမှ တားမြစ်ထားသော စားသောက်ကုန်များ၊ အလှကုန်များ ပိုးသတ်ဆေးအန္တရာယ်အကြောင်းများကိုလည်းကောင်းအသီးသီးဟောပြောဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကျောင်းမုန့်ဈေးတန်း အားကျောင်းမုန့်ဈေးတန်းကြီးကြပ်ရေးအဖွဲ့နှင့် အတူစစ်ဆေးခဲ့ကြပါသည်။

အဆိုပါအခမ်းအနားသို့ ဆရာ/ဆရာမ ၃၀ ဦး၊ ကျောင်းသား/ ကျောင်းသူ ၆၅၀ ဦး၊ဈေးသည်ငါးဦး စုစုပေါင်း ၆၈၅ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ဟသ်ာတခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၆) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက်တွင် ဟသ်ာတခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အဖွဲ့ဝင်နှင့် ဖိတ်ကြားသူ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဟသ်ာတခရိုင် ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အဖွင့်အမှာ စကားပြောကြားရာတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးတို့ကို ပြောကြားခဲ့ပြီး၊ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကြည်ဟန်က အထက်ဌာန လမ်းညွှန်ချက်များ၊ ဆွေးနွေးဆုံးဖြတ်ရမည့် အမှာစာများ၊ သိမ်းဆည်းထားသော စားသုံးရန် မသင့် ကုန်စည်များအား အဖွဲ့ဖြင့် ဖျက်ဆီးနိုင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများမှ ဝိုင်းဝန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ဆက်လက်၍ သိမ်းဆည်းထားသော ခွင့်မပြုဆိုးဆေး သုံးစွဲထား သည့် Miki-Ko အမှတ်တံဆိပ် ချယ်ရီသီးဗူးများ (ကာလတန်ဖိုး ၈၅၅၀၀ကျပ်) ခန့်ကို အဖွဲ့ဖြင့် ဟသ်ာတမြို့ ပဒေသာ ဈေးအမှိုက်ကုန်းတွင် မြေမြှုပ်ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်မြတ်ခိုင်**

Vol: 19, No.4 Monday January 28 2019




# တစ်နှစ်တာ ဝင်ငွေအကောင်းဆုံးအသင်းအဖြစ် ရီးရဲလ် ထိပ်ဆုံးမှရပ်တည်

စာရင်းအင်းနှင့် အချက်အလက်ကုမ္ပဏီတစ်ခုဖြစ်သည့် Deloitte ၏ ထုတ်ပြန်ချက်အရ စပိန်လာလီဂါ ထိပ်သီး အသင်းဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းသည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် ဝင်ငွေအကောင်းဆုံး အသင်းအဖြစ် ထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ဥရောပချန်ပီယံလိဂ်ဖလားကို နှစ်ကြိမ်ဆက်တိုက်ရရှိမှုနှင့်အတူ စပွန်ဆာစာချုပ်များကြောင့် ဝင်ငွေများ တိုးလာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် ရီးရဲလ်မက်ဒရစ်အသင်းသည် ၂၂ နှစ်အတွင်းတွင် ၁၂ ကြိမ်အထိ ဝင်ငွေအကောင်းဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

Deloitte ၏ ထုတ်ပြန်ချက်အရ ရီးရဲလ်မက်ဒရစ်အသင်းသည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် ဝင်ငွေ ပေါင် ၆၆၅ ဒသမ ၂ သန်းဖြင့် ဘာစီလိုနာနှင့် မန်ယူအသင်းတို့ကိုကျော်ဖြတ်ပြီး ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း၏နောက်တွင် ဘာစီလိုနာအသင်းက ပေါင် ၆၁၁ ဒသမ ၆ သန်း၊ မန်ယူအသင်းက ပေါင် သန်း ၅၉၀၊ ဘိုင်ယန်မြူးနစ်အသင်းက ပေါင် ၅၅၇ ဒသမ ၄ သန်း၊ မန်စီးတီးအသင်းက ပေါင် ၅၀၃ ဒသမ ၅ သန်း၊ ပီအက်စ်ဂျီအသင်းက ပေါင် ၄၇၉ ဒသမ ၉ သန်း၊ လီဗာပူးအသင်းက ပေါင် ၄၅၅ ဒသမ ၁ သန်း၊ ချယ်လ်ဆီးအသင်းက ပေါင် ၄၄၈ သန်း၊ အာဆင်နယ်အသင်းက ပေါင် ၃၈၉ ဒသမ ၁ သန်း၊ စပါးအသင်းက ပေါင် ၃၇၉ ဒသမ ၄ သန်း၊ ဂျူဗင်တပ်အသင်းက ပေါင် ၃၄၉ ဒသမ ၈ သန်း၊ ဒေါ့မွန်အသင်းက ပေါင် ၂၈၁ သန်း၊ အက်သလက်တီကိုအသင်းက ပေါင် ၂၆၉ ဒသမ ၆ သန်း၊ အင်တာမီလန်အသင်းက ပေါင် ၂၄၈ ဒသမ ၇ သန်း၊ ရိုးမားအသင်းက ပေါင် ၂၂၁ ဒသမ ၅ သန်း၊ ရှော်ကေးအသင်းက ပေါင် ၂၁၆ သန်း၊ အဲဗာတန်အသင်းက ပေါင် ၁၈၈ ဒသမ ၆ သန်း၊ အေစီမီလန်အသင်းက ပေါင် ၁၈၄ သန်း၊ နယူးကာဆယ်အသင်းက ပေါင် ၁၇၈ ဒသမ ၅ သန်းနှင့် ဝက်စ်ဟမ်းအသင်းက ပေါင် ၁၇၅ ဒသမ ၃ သန်း စသည်ဖြင့် အသီးသီး အစဉ်အလိုက် ရပ်တည်နေကြသည်။

# ဇန်နဝါရီ ဈေးကွက်မပိတ်မီ အပြောင်းအရွှေ့ ဖြစ်လာဖွယ်ရှိသည့် ကစားသမား ၁၀ ဦး

ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်နေပြီဖြစ်သော်လည်း အင်္ဂလန်ပရီးမီးယားလိဂ်အသင်းများမှာ ကြီးမားသည့် ကစားသမားခေါ်ယူနိုင်မှုမရှိသေးသော်လည်း ဘာစီလိုနာအပါအဝင် စပိန်လာလီဂါအသင်းများအနေဖြင့် ခြေသွက်လက်သွက်ဖြင့် ကစားသမားများကို လက်ဦးမှုရယူပြီး ခေါ်ယူနေပြီဖြစ်သည်။

ယခု ဇန်နဝါရီဈေးကွက်ဖွင့်ချိန်တွင် အပြောင်းအရွှေ့ အောင်မြင်ဖွယ်ရှိနေသည့် ကစားသမား ၁၀ ဦးကို Goal.com က ဖော်ပြထားသည်။ အဆိုပါကစားသမားများထဲတွင် ချယ်လ်ဆီးအသင်းမှ မိုရာတာနှင့် လူငယ်ကစားသမား ဟိုဒရွိုင်းတို့ ပါဝင်နေသည်။ ဝက်စ်ဟမ်းအသင်းမှ ကွင်းလယ်ကစားသမား ရိုက်စ်ကို မန်စီးတီးအသင်းက ခေါ်ယူရန်ကမ်းလှမ်းနေရာ မကြာမီအချိန်အတွင်း၌ ခေါ်ယူမှုအောင်မြင်ဖွယ်ရှိနေကြောင်း သိရသည်။ ထို့အတူ အာဆင်နယ်အသင်းမှ ကွင်းလယ်ကစားသမား ရမ်ဆေးသည်လည်း အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ရန် အကြိုသဘောတူညီမှု ရရှိထားပြီဖြစ်သည်။

Goal.com က ဖော်ပြထားသည့် ဇန်နဝါရီဈေးကွက်ဖွင့်ချိန်တွင် အပြောင်းအရွှေ့ အောင်မြင်ဖွယ်ရှိနေသည့် ကျန်ကစားသမားမှာ ဟက်ဆန်ဟိုဒရွိုင်း (ချယ်လ်ဆီးမှ ဘိုင်ယန်မြူးနစ်)၊ ဒင်းနစ်ဆွာရက်ဇ်(ဘာစီလိုနာမှ အာဆင်နယ်)၊ ပါရီဒက်စ်(ဇင်းနစ်မှ ပီအက်စ်ဂျီ)၊ ရီတာနိုဆန်းချက်(ဘိုင်ယန်မြူးနစ်မှ ပီအက်စ်ဂျီ)၊ ဂျိုးမာဂျာ(ဆန်းဒါးလန်းမှ ဘော်ဒိုး)၊ ကွာရစ်မာ(ဘက်ဆစ်တတ်မှ ပေါ်တို)၊ ဝီလ်မာ ဘာရီရို့စ်(ဘိုကာဂျူနီယာမှ ရိုးမား)၊ မိုရာတာ (ချယ်လ်ဆီးမှ အက်သလက်တီကို) စသည့် ကစားသမားများဖြစ်ကြသည်။





ဟန်နေသစ် စုစည်းသည်

# ဖရန်ကီဒီဂျောင်ကို ဘာစီလိုနာအသင်း ပေါင် ၆၅ သန်းဖြင့် ခေါ်ယူ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် အေဂျက်အသင်းမှ နယ်သာလန်ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်ကို ပေါင် ၆၅ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။ ဘာစီလိုနာအသင်းသည် အဆိုပါ အသက်(၂၁)နှစ်ရှိ ကစားသမားကို ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်း ကစားသမားတစ်ဦးဖြစ်လာသည့် ဖရန်ကီဒီဂျောင်က 'ဘာစီလိုနာအသင်းမှာ ကစားခွင့်ရဖို့က ကျွန်တော့်ရဲ့ ကြီးမားတဲ့ အိပ်မက်တစ်ခုပါ။ လွန်ခဲ့တဲ့ သုံးနှစ်အချိန် အတိအကျ ပြောရမယ်ဆိုရင်တော့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ကျွန်တော် နူးကမ့်ကိုလာပြီး ဘာစီလိုနာပွဲကို ကြည့်ခဲ့ပါသေးတယ်။ အဲ့ဒီတုန်းက ကျွန်တော်နဲ့ ကျွန်တော့်ချစ်သူကောင်မလေးနဲ့ နှစ်ယောက်ပေါ့။ ကျွန်တော် ငယ်ငယ်ကတည်းက ဘာစီလိုနာပရိသတ်တစ်ယောက်ပါ။ ခုဆိုရင် ကျွန်တော့်အိပ်မက်အတိုင်း ကျွန်တော်ဟာ ဘာစီလိုနာအသင်းရဲ့ ကစားသမားတစ်ယောက် ဖြစ်လာပါပြီ။ ဒီအတွက် ကျွန်တော်အရမ်းပျော်ရသလို ကျွန်တော့်ကောင်မလေးလည်း သိပ်ပျော်နေရှာတာပေါ့'ဟု ပြောသည်။

ဘာစီလိုနာအသင်းသည် ကစားသမား အပြောင်းအရွှေ့ ဈေးကွက်ဖွင့်သည်နှင့် ခြေသွက်လက်သွက်ရှိနေပြီး ဖရန်ကီဒီဂျောင်ကို မခေါ်ယူမီကလည်း ဂျာမနီ ကွင်းလယ်ကစားသမား ကီဗင်ပရင့်စ်ဘိုတန်ကိုလည်း ဆက်ဆူအိုလိုအသင်းမှ အငှားစာချုပ်ဖြင့် ခေါ်ယူထားသည်။

အခြားတစ်ဖက်တွင် ဘာစီလိုနာအသင်း၏ တိုက်စစ်မှူး မက်ဆီကလည်း အသင်းနှင့် ယူရို ၇၅ သန်းတန် စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဘာစီလိုနာအသင်းမှ တာဝန်ရှိသူများအနေဖြင့် အချိန်တိုအတွင်းတွင် ဆုံးဖြတ်ချက်တစ်ခုခု ချမှတ်ရမည်ဖြစ်သည်။

# နည်းပြ ဟင်နရီကို မိုနာကိုအသင်း ထုတ်ပယ်

ပြင်သစ်လီဂူးဝမ်းကလပ် မိုနာကိုအသင်းသည် ၎င်းတို့၏ နည်းပြ ဟင်နရီကို ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ မိုနာကိုအသင်းသည် အသင်းကို ရလဒ်ပိုင်းကောင်းမွန်အောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိသည့် နည်းပြ လီယိုနာဒိုဂျာဒမ်ကို ထုတ်ပယ်ပြီး ယခုနှစ်ရာသီတွင် အာဆင်နယ်တိုက်စစ်မှူးဟောင်း ပြင်သစ်နိုင်ငံသား ဟင်နရီကို အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဟင်နရီသည် မိုနာကိုအသင်းကို ရလဒ်ကောင်းအောင် ဦးဆောင်ပေးနိုင်ခြင်းမရှိ၍ အသင်းကို ကိုင်တွယ်ပြီး သုံးလအကြာတွင် ထုတ်ပယ်ခြင်းခံလိုက်ရပြီဖြစ်သည်။

ဟင်နရီသည် မိုနာကိုအသင်းကို ပွဲပေါင်း ၂၀ ကိုင်တွယ်ခွင့် ရရှိခဲ့သော်လည်း ဆိုးရွားသော ရလဒ်များဖြင့်သာ ရင်ဆိုင်ခဲ့ရသည်။ နည်းပြ ဟင်နရီလက်ထက်တွင် မိုနာကိုအသင်းသည် ပြင်သစ်လီဂူးဝမ်း ပွဲစဉ်(၂၁)အပြီးတွင် သုံးပွဲနိုင်၊ ခြောက်ပွဲသရေကျကာ ၁၂ ပွဲအထိ ရှုံးနိမ့် ထားခြင်းကြောင့် ၁၅ မှတ်သာရရှိထားကာ အမှတ်ပေးဇယားအဆင့်(၁၉)ကို ရောက်နေသည်။

မိုနာကိုအသင်းသည် ပြင်သစ်ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဖရန့်ပက်ဆီကို ယာယီနည်းပြအဖြစ်ခန့်အပ်ထားသည်။ မိုနာကိုအသင်း၏ ယာယီနည်းပြဖြစ်လာသူ ဖရန့်ပက်ဆီသည် မိုနာကိုအသင်း၏ ကစားသမားဟောင်းတစ်ဦးလည်းဖြစ်သည်။



## ဘောလုံးလောက သတင်းတိုများ

***မန်စီးတီးအသင်းသည် အေဂျက်အသင်းမှ အသက်(၁၉)နှစ်သာရှိသေးသည့် နယ်သာလန်နောက်ခံကစားသမား ဒီလိုက်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။***

***မန်ယူအသင်းသည် အက်သလက်တီကိုအသင်းမှ အားကစားဒါရိုက်တာဖြစ်သူ အန်ဒရီရာဘာတာကို ခေါ်ယူရန် ချဉ်းကပ်နေသည်။***

***လိုက်ဇစ်အသင်းသည် တိုက်စစ်မှူး တီမိုဝါနာကို စာချုပ်သက်တမ်းတိုးရန် ပြင်ဆင်နေကြောင်းသိရပြီး ၎င်းကစားသမားကို လီဗာပူး၊ ဘာစီလိုနာ၊ ရီးရဲလ်မက်ဒရစ်နှင့် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။***

# မြန်မာ့ဖရဲ၊ သခွားမွေး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချမှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင်

**DOCA (Domestic)**

### ရေရှည်အောင်မြင်ရေးအတွက် အသင်းအဖွဲ့များ၏အခန်းကဏ္ဍ

မြန်မာ့ဖရဲ၊ သခွားမွေးနှင့် ဈေးကွက်ဝင် သစ်သီးဝလံများ တင်ပို့ရောင်းချမှု ရေရှည်တိုးတက်ရန် စဉ်းစားဆောင်ရွက်ကြရာ၌ နယ်စပ်ကုန်သွယ်ရေးဂိတ်များ၊ ကုန်သွယ်ရေးလမ်းကြောင်းများ အဆင်ပြေချောမွေ့စေရန် ဖြေရှင်းဆောင်ရွက်ခြင်း၊ သယ်ယူပို့ဆောင်ရေးလွယ်ကူအဆင်ပြေစေရန် ကုန်ထုတ်လမ်းကြောင်းများ ဖော်ဆောင်ပြုပြင်ခြင်း၊ လိုအပ်သော အခြေခံအဆောက်အဦများ ဖြည့်တင်းဆောက်လုပ်ခြင်းအပြင် ပါဝင်သက်ဆိုင်သူများ၏ စနစ်တကျ ပူးပေါင်းပါဝင်မှုသည်လည်း လွန်စွာအရေးကြီးပေသည်။ ထို့ကြောင့် ကဏ္ဍတစ်ခုလုံး စဉ်ဆက်မပြတ် တိုးတက်ရေးအတွက် လူသားတို့၏ပါဝင်မှုသည် အခြေခံကျသော ကိစ္စရပ်တစ်ခုပင် ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ဖရဲ၊ သခွားမွေးအပါအဝင် သစ်သီးဝလံ၊ သီးနှံများအလိုက် အသင်းအဖွဲ့များဖွဲ့စည်း ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပေသည်။ သို့သော် မြန်မာနိုင်ငံ၏ ဖရဲ၊ သခွားမွေးနှင့် သီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုအားလုံးကို လွှမ်းခြုံနိုင်မည့် အသင်းအဖွဲ့များ၊ အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်ပေသည်။ အသင်းအဖွဲ့များ၏ စုပေါင်းဆောင်ရွက်မှုများသည် ရေရှည်တိုးတက်အောင်မြင်ရေးအတွက် မောင်းနှင်အား တစ်ခုပင်ဖြစ်ပေသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကက ဦးဆောင်သည့် စီးပွားရေးသို့ ဦးတည်ရာတွင် အသင်းအဖွဲ့များ၏ပါဝင်မှုဖြင့် အဓိကထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အသင်းအဖွဲ့ဟုဆိုရာ၌ သက်ဆိုင်ရာကဏ္ဍ၏ ထုတ်လုပ်သည်မှ တင်ပို့ရောင်းချသည်အထိ ဖြစ်စဉ်တစ်လျှောက်လုံးတွင် ပါဝင်သက်ဆိုင်သူများအားလုံး စုစည်းညီညွတ်စွာ ဖွဲ့စည်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အသင်းအဖွဲ့များ ဖွဲ့စည်းရာတွင်လည်း စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များအပါအဝင် သယ်ယူပို့ဆောင်ရေးလုပ်ကိုင်သူများ၊ လက်လီလက်ကားရောင်းဝယ်သူများ၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သူများ၊ စိုက်ပျိုးရေးပညာရှင်များစသည်ဖြင့် ပါဝင်သင့်ပေသည်။ သို့မှသာလျှင် စိုက်ပျိုးထုတ်လုပ်ခြင်း၊ ရောင်းချခြင်းဖြစ်စဉ်တစ်လျှောက် အချိတ်အဆက်မိစွာဖြင့် စီမံဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ အသင်းအဖွဲ့များအနေဖြင့် ခိုင်မာစွာရပ်တည်နိုင်ရေးအတွက် ပါဝင်ကြသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်ကြရမည့်အပြင် တူညီသောအခြေခံ စိတ်ဓာတ်များရှိရန်လိုအပ်ပြီး ကဏ္ဍတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးရေးအတွက် လက်တွဲညီစွာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာသီးနှံထွက်ကုန်များ ထွက်ရှိရာဒေသအားလုံးနှင့် စိုက်ပျိုးထုတ်လုပ်မှုပမာဏအားလုံးကို လွှမ်းခြုံနိုင်ရေးအတွက် ကျေးရွာအုပ်စု အစုအဖွဲ့များ၊ မြို့နယ်အစုအဖွဲ့များ၊ ခရိုင်အစုအဖွဲ့များ၊ တိုင်းဒေသကြီး ပြည်နယ်အစုအဖွဲ့များအထိ ဖြန့်ကြက်ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ စိုက်ပျိုးထုတ်လုပ်မှုနှင့်ဆိုင်သော တိကျသည့် ကိန်းဂဏန်း အချက်အလက်များကို ပြုစုဆောင်ရွက်ခြင်း၊ ဈေးကွက်သတင်းအချက်အလက်များကို စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအထိ ဖြန့်ဝေပေးခြင်း၊ လိုအပ်သော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများရရှိစေရေးအတွက် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အရေးကြီးသည့် သတင်းအချက်အလက်များကို စိုက်ပျိုးသည့်တောင်သူများအထိ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက်လည်း စနစ်တကျပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့မှသာလျှင် ရောင်းဝယ်ဖောက်ကားမှု၊ တင်ပို့ရောင်းချမှုများနှင့် စပ်လျဉ်းသည့် အရေးပေါ် အခြေအနေများ ကြုံတွေ့လာရပါက အသင်းအဖွဲ့၏စုပေါင်းခြင်းအင်အားဖြင့် ထိခိုက်နစ်နာမှုများ မရှိစေရေး ဝိုင်းဝန်းအဖြေရှာဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့ဖရဲ၊ သခွားမွေးအပါအဝင် သီးနှံထွက်ကုန်များ၏ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုများ ရေရှည်တိုးတက်အောင်မြင်ရေးအတွက် အသင်းအဖွဲ့များအနေဖြင့် ရေရှည်အစီအမံများ၊ လုပ်ငန်းအစီအစဉ်များ ချမှတ်ကာ အကောင်အထည်ဖော်ကြရပေမည်။

### ဈေးကွက်ထိုးဖောက်ဆောင်ရွက်ခြင်း

လက်ရှိမြန်မာနိုင်ငံမှထွက်ရှိသော ဖရဲ၊ သခွားမွေးများကို တရုတ်နိုင်ငံ ဈေးကွက်သို့သာ အများဆုံး တင်ပို့ရောင်းချနေကြရပြီး တရုတ်ဈေးကွက်တစ်ခုတည်းသာ အားထားနေကြရပေသည်။ ကမ္ဘာ့ဈေးကွက်တွင်မူ အမေရိကန်၊ ဂျာမနီ၊ ကနေဒါ၊ နယ်သာလန်၊ ဗြိတိန်၊ ပြင်သစ်၊ စပိန်၊ တရုတ်၊ ဘယ်လ်ဂျီယံနှင့် ပိုလန်နိုင်ငံတို့မှာ ဖရဲသီး တင်သွင်းမှုအများဆုံးနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိပြီး ထုတ်လုပ်မှုတွင် ၂၀၁၆ ခုနှစ်စာရင်းများအရ တရုတ်နိုင်ငံသည် တန်ချိန် သန်းပေါင်း ၇၉ ဒသမ ၂ သန်းဖြင့် အများဆုံးထုတ်လုပ်သည့် နိုင်ငံအဖြစ် ရပ်တည်နေကြောင်း တွေ့ရှိရပါသည်။ ၂၀၁၆ ခုနှစ် စာရင်းအရ ဖရဲသီးအများဆုံးတင်သွင်းသော နိုင်ငံများတွင် အမေရိကန်နိုင်ငံသည် တန်ချိန် ၁၄၀၀၀၀၀ တန်၊ ဂျာမနီနိုင်ငံသည် ၄၄၉၀၀၀ တန်၊ ကနေဒါနိုင်ငံသည် ၃၅၄၉၀၀ တန်၊ ဗြိတိန်သည် ၁၄၅၇၀၀ တန်၊ ပြင်သစ်နိုင်ငံသည် ၁၇၄၂၀၀ တန်၊ စပိန်နိုင်ငံသည် ၁၁၄၉၀၀ တန်၊ တရုတ်နိုင်ငံသည် ၂၁၆၃၀၀ တန်၊ ယူအေအီးနိုင်ငံသည် ၁၆၆၅၀၀ တန်၊ ပိုလန်နိုင်ငံသည် ၁၂၇၆၀၀ တန် အသီးသီး တင်သွင်းကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်ဈေးကွက်တစ်ခုတည်းကိုသာ အားကိုးခြင်းထက် ဝယ်လိုအားများသည့် အခြားသော ဈေးကွက်နိုင်ငံများသို့ ချိတ်ဆက်တင်ပို့နိုင်ရေး အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာအစိုးရဌာနများက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့တင်ပို့နိုင်ရေးအတွက် အခြေခံလိုအပ်ချက်များအပြင် ဈေးကွက်၏ အဓိကလိုအပ်ချက်ဖြစ်သည့် ထွက်ကုန်သီးနှံများ၏ အရည်အသွေး၊ ထုပ်ပိုးမှု၊ ဘေးကင်းလုံခြုံမှု စသည်တို့ကို ပြည့်မီအောင် စီမံဆောင်ရွက်ရန်လည်း လိုအပ်ပေသည်။ ထွက်ကုန်သီးနှံများအတွက် အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲရာတွင် လိုအပ်သောနည်းပညာများကို လေ့လာသုတေသန ပြုလုပ်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် အသိပညာပေး ဖြန့်ဝေခြင်းများအပြင် ထွက်ကုန်များဈေးကွက်ရရှိရေးအတွက် ဈေးကွက်သုတေသနပြုလုပ်ခြင်း၊ ကုန်စည်ပြပွဲများတွင် ပြသဆောင်ရွက်ခြင်းများ ပြုလုပ်ခြင်းဖြင့် ဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် ပါဝင်သက်ဆိုင်သူအားလုံးက ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သင့်ပေသည်။

**Top Watermelon Producing Countries In The World**

| Rank | Country | Watermelons Produced (Tons) |
|---|---|---|
| 1 | China | 79,244,271 |
| 2 | Turkey | 3,928,892 |
| 3 | Iran | 3,813,850 |
| 4 | Brazil | 2,090,432 |
| 5 | Uzbekistan | 1,976,373 |
| 6 | Algeria | 1,877,069 |
| 7 | United States | 1,823,160 |
| 8 | Russia | 1,757,972 |
| 9 | Egypt | 1,680,994 |
| 10 | Mexico | 1,199,648 |

ဆက်လက်ဖော်ပြပါဦးမည်။

# E-commerce ပန်းဈေးကွက် တရုတ်နိုင်ငံတွင် တိုးပွားလာ

တရုတ်နိုင်ငံ၏ E-commerce ပန်းဈေးကွက်စီးပွားရေး လုပ်ငန်းသည် လူမှုဘဝ တိုးတက် မြင့်မားလာခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေး တိုးတက်လာသည့်အတွက် စားသုံးသူများ၏ ဝယ်လိုအားမြင့် တက်လာကြောင်း တရုတ်နေ့စဉ်သတင်းဌာနတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် နိုဝင်ဘာလသည် ပန်းသည်များအတွက် အမြဲတမ်းအရောင်းအဝယ်ပါးသောကာလဖြစ်ပြီး နိုဝင်ဘာလ ၁၁ ရက်နေ့တွင် Singles' Day online shopping spree ကြောင့် ရောင်းအားမြင့်တက်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အကြီးမားဆုံးသော ပန်းဈေးကွက်တစ်ခုဖြစ်သည့် Jiangsu ပြည်နယ်၊ Shuyang County တွင် နိုဝင်ဘာလ ၁၁ ရက်နေ့၌ အွန်လိုင်းပေါ်မှ ပန်းရောင်းချသည့် ဆိုင်ပေါင်း ၇၀၀၀ ကျော်မှ အရောင်းမြှင့်တင်ရေးများပြုလုပ်ခဲ့ကြောင်း သတင်းစာများတွင် ဖော်ပြထားသည်။

ပြည်တွင်းအစိုးရ၏ အွန်လိုင်းထုတ်ပြန်ကြေညာချက်များအရ Shuyang မှ ပန်းသည်တစ်ဦးဖြစ်သည့် Xingfu Huahai သည် ဂျပန်၊ စင်ကာပူနှင့် ကိုရီးယားနိုင်ငံတို့မှ ပန်းအမျိုးအစားပေါင်း ၁၅၀ ကျော်ကို မိတ်ဆက်ပြီး ရောင်းချမှုတွင် ၁၀ မီလီယံ ယွမ်ကျော် (အမေရိကန် ဒေါ်လာ ၁ ဒသမ ၄၄ မီလီယံခန့်) ပိုမိုရရှိခဲ့ကြောင်း သိရပါသည်။

တရုတ်စားသုံးသူများသည် ပွဲတော်များတွင် လက်ဆောင်အဖြစ် ပန်းများကို ဝယ်ယူကြပြီး အချို့လူများမှာ နေ့စဉ် အသုံးပြုရန်အတွက် ဝယ်ယူကြကြောင်း consulting company iResearch ၏ အစီရင်ခံစာအရ သိရပါသည်။

တရုတ်နိုင်ငံ စားသုံးသူများသည် ဘဝတိုးတက်မှု အတွေ့အကြုံများနှင့် ပျော်ရွှင်မှုဖြစ်ပေါ်စေနိုင်သည့် အတွေ့အကြုံများတွင် ပိုမို အသုံးပြုနိုင်ရန်အတွက် အွန်လိုင်းမှပန်းရောင်းချသည့် စီးပွားရေးလုပ်ငန်းဖြစ်သည့် 11-11 ပေါ်ထွက်လာခဲ့ကြောင်း telecom industry expert Wang Guanxiong က ပြောကြားခဲ့သည်ကို တရုတ်နေ့စဉ်သတင်းဌာနမှ ကိုးကားပြောကြားခဲ့ပါသည်။

Wang မှ လုပ်ငန်းသစ်သို့ဦးတည်နေသော်လည်း supply chain တစ်ခုလုံးကို စိန်ခေါ်မှုများရှိနေကြောင်း ပြောကြားခဲ့ပါသည်။

E-commerce ပန်းဈေးကွက်စီးပွားရေးလုပ်ငန်းတွင် အရည်အသွေးမြင့်မားမှုနှင့် မြန်ဆန်သော ထောက်ပံ့ပို့ဆောင်ရေး လိုအပ်ကြောင်း Chinese leading logistics company ZTO express ၏ လုပ်ငန်း လုပ်ပိုင်ခွင့်ရသူ Sun Honglei မှ ပြောကြားခဲ့ပါသည်။

ZTO express သည် Shuyang ကဲ့သို့သော ပန်းကိုအခြေခံသော စီးပွားရေး လုပ်ငန်းနှင့်အတူ ပူးပေါင်းပြီး ဆောင်ရွက်နေသည့်အတွက် ပြည်သူများအနေဖြင့် supply chain ၏ အစိတ်အပိုင်းတိုင်းကို စောင့်ကြည့်သင့်ကြောင်း Sun မှပြောကြားခဲ့ပါသည်။

**ခြူးသီရိရွှင်(WTO)**

# မဟာပင်လယ်ကွေ့ဒေသ (Greater Bay Area) စီမံကိန်းအကြောင်း သိကောင်းစရာ

Greater Bay Area စီမံကိန်းမှာ ၂၀၁၇ခုနှစ်တွင် စတင်ခဲ့ပြီး ဟောင်ကောင်၊ မကာအိုနှင့် ကွမ်တုန်းပြည်နယ်၏ပုလဲမြစ်ဝှမ်းတစ်လျှောက်ရှိမြို့(၉)မြို့ဖြစ်သည့် ကွမ်ကျိုး၊ ရှန်းကျန့်၊ ကျူးဟိုင်၊ တုန်းကွမ်း၊ ဟူကျိုး၊ ဂျောက်ချင်း၊ ကျန်းမန်၊ ဖိုရှန်းနှင့် ကျောင်ရှန်းမြို့တို့အားပေါင်းစည်းရန်၊ San Francisco Bay Area၊ Greater New York နှင့် Greater Tokyo Area တို့ကဲ့သို့ စီးပွားရေးအင်အားကြီး ပင်လယ်ကွေ့ဒေသဖြစ်လာစေရန်နှင့် ဒေသအတွင်းရှိပြည်သူများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများလွတ်လပ်စွာစီးဆင်းနိုင်ရေးနှင့် စပ်လျဉ်းသည့် အခြေခံအဆောက်အအုံဆိုင်ရာမူဝါဒများ၊ စည်းကမ်းဥပဒေများချမှတ်နိုင်ရန် တရုတ်နိုင်ငံတောင်ပိုင်းဒေသ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိုတွန်းအားပေးရန် ပထဝီဆိုင်ရာနယ်နိမိတ်သတ်မှတ်ချက်များဖယ်ရှားရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

အဆိုပါနယ်မြေမှာတရုတ်နိုင်ငံအကျယ်အဝန်း၏ သုည ဒသမ ၅ ရာခိုင်နှုန်းသာရှိသော်လည်းလူဦးရေအားဖြင့် ၅ ရာခိုင်နှုန်းခန့်ရှိကာသန်း ၇၀ ခန့်ရှိပါသည်။ ဂျီဒီပီမှာအမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံရှိပြီး၊ တရုတ်နိုင်ငံဂျီဒီပီ၏ ၈ ရာခိုင်နှုန်းခန့်ရှိပါသည်။ ဂျီဒီပီမှာတစ်ကမ္ဘာလုံးတွင် အဆင့် ၁၂ ရှိကာအကြမ်းအားဖြင့် ဩစတြေးလျနှင့် တောင်ကိုရီးယားတို့၏ ဂျီဒီပီတန်းဖိုးခန့်ရှိပြီး၊ ၂၀၂၀ ခုနှစ်တွင်ကမ္ဘာလုံးဆိုင်ရာပင်လယ်ကွေ့ဒေသများအနက် စီးပွားရေးအင်အားအကြီးဆုံးပင်လယ်ကွေ့ဒေသဖြစ်လာစေရန် မျှော်လင့်ကြောင်းသိရှိရပါသည်။

Greater Bay Area စီမံကိန်းမှာပေါင်းစည်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များ အရှိန်မြှင့်တင်ခဲ့ပြီး၊ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအားအကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် လူဦးရေစီးဆင်းမှုမြင့်မားလာမည်ဖြစ်ပြီး၊ နည်းပညာများနှင့် စက်မှုလုပ်ငန်းများအဆင့်မြှင့်တင်ခြင်းနှင့် ကြီးမားသည့် အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းသစ်များဖန်တီးနိုင်မည်ဖြစ်ပါသည်။ ဟောင်ကောင်၊ မကာအိုနှင့် ကွမ်တုန်းပြည်နယ်ရှိမြို့ ၉ မြို့တို့အနေဖြင့် ပြင်းထန်သည့်ပြိုင်ဆိုင်မှုများ ရှောင်ရှားနိုင်ရေးနှင့် စီးပွားရေးအရအချင်းချင်းအပြန်အလှန်ဖြည့်ဆည်းနိုင်ရေးရည်ရွယ်ပြီး၊ ပုလဲမြစ်ဝှမ်းဒေသအတွင်းရှိ လေဆိပ်ငါးခုအကြား လေကြောင်းလမ်းစီမံခန့်ခွဲမှုအပါအဝင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ဖြစ်သည့် အခြားရှုထောင့်မှလည်း ရည်ရွယ်ကြောင်းသိရှိရပါသည်။

အဆိုပါနယ်မြေအတွင်းရှိမြို့များမှာရထားလမ်းများဖြင့်ကောင်းစွာချိတ်ဆက်ထားပြီး အတိုဆုံးလမ်းကြောင်းဖြင့် စက်ဝိုင်းပုံဆက်သွယ်ထားပါသည်။ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံများကြောင့် စီမံကိန်းတွင်ပါဝင်သောမြို့များအကြားလူ၊ ကုန်စည် နှင့်ဝန်ဆောင်မှုများထိရောက်စွာစီးဆင်းနိုင်၍ ကြာမြင့်ချိန်အားလျှော့ချနိုင်မည်ဖြစ်သည်။

ကွမ်ကျိုး-ရှန်းကျန့်-ဟောင်ကောင်မီးရထားလမ်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၃ ရက်တွင် စတင်ပြေးဆွဲခဲ့ပြီး မြို့သုံးမြို့ကြားမိနစ် ၅၀သာကြာမြင့်မည်ဖြစ်သည့်အတွက် Greater Bay Area ရှိမြို့(၉)မြို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည်ဖြစ်ကြောင်းသိရှိရပါသည်။ Greater Bay Area စီမံကိန်းမှာ ဟောင်ကောင်၏ မြေနေရာမလုံလောက်မှု ပြဿနာအားဖြေရှင်းနိုင်မည်ဖြစ်ပြီး၊ ကုမ္ပဏီများအနေဖြင့် အဆိုပါနယ်မြေအတွင်းရှိအခြားမြို့များသို့ ပြောင်းရွှေ့ဖွင့်လှစ်နိုင်မည်ဖြစ်သည်။ ၎င်းအပြင် ဟောင်ကောင်-ကျူးဟိုင်-မကာအိုတံတားမှ Greater Bay Area ၏အရှေ့ပိုင်းနှင့်အနောက်ပိုင်းမြို့များအားလန်တောင်းကျွန်းမှတစ်ဆင့် ဆက်သွယ်ထားပြီး လန်တောင်းကျွန်း၊ မကာအိုနှင့် ကျူးဟိုင်မြို့များအားမဟာဗျူဟာကျသည့် ခရီးသွားလုပ်ငန်းဆုံချက်အသွင် ပြောင်းလဲနိုင်ကြောင်း၊ နယ်စပ်ဖြတ်ကျော် အဝေးပြေးလမ်းများ၊ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းစဉ်များတိုးတက်လာခြင်းမှ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ်များစီးဆင်းမှုတိုးတက်စေမည်ဖြစ်ကြောင်း၊ အဆိုပါနယ်မြေမှာနိုင်ငံတော်စီးပွားရေးတွင် အရေးပါသည့်နေရာဖြစ်ပြီးနိုင်ငံ၏စီးပွားရေးကိုမောင်းနှင်မည့် အင်ဂျင်တစ်ခုဖြစ်ရုံသာမကအဆိုပါဒေသမှာကုန်ထုတ်လုပ်မှုကွင်းဆက် ချိတ်ဆက်မှု၏ အချက်အချာဖြစ်ပြီး၊ ကွမ်တုန်းပြည်နယ်နှင့် ကမ္ဘာ့နိုင်ငံများနှင့် ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Greater Bay Area စီမံကိန်း၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးအဆင့် တိုးတက်ရန်၊ Greater Bay Area ဒေသတွင်းမြို့များ၏ ယှဉ်ပြိုင်မှုအားသာချက်များရရှိစေရန် စီးပွားရေးအရအချင်းချင်းအပြန်အလှန် ဖြည့်ဆည်းနိုင်ရန်၊ ဥပမာအားဖြင့် ဟောင်ကောင်၏ ငွေရေးကြေးရေးနှင့် အတတ်ပညာဝန်ဆောင်မှုကဏ္ဍများ၊ ရှန်းကျန့်၏ နည်းပညာမြင့်ကုန်ထုတ်လုပ်မှု၊ ဆန်းသစ်တီထွင်မှုဆိုင်ရာကျွမ်းကျင်မှု၊ တုန်ကွမ်းနှင့် ကွမ်ကျိုးမြို့များ၏ ကုန်ထုတ်လုပ်မှုအားသာချက်များဖြင့် အပြန်အလှန်ဖြည့်ဆည်းကြရန်ဖြစ်သည်။

Greater Bay Area စီမံကိန်းမှာ ၂၀၁၁ခုနှစ်တွင် ဟောင်ကောင်၊ မကာအို၊ ရှန်းကျန့်၊ တုန်းကွမ်း၊ ကွမ်ကျိုး၊ ကျူးဟိုင်နှင့် ကျောက်ရှန်းမှ အရာရှိများအားဖြင့် ပူးပေါင်းပြင်ဆင်ခဲ့သည့် "The Action Plan for the Bay Area of the Pearl River Estuary" လေ့လာဆန်းစစ်မှုမှ ဖြစ်ထွန်းလာသောနယ်မြေဖြစ်ပြီး၊ တရုတ်နိုင်ငံ၏ ၁၃ ကြိမ်မြောက်အမျိုးသားငါးနှစ် စီမံကိန်း၏ မကာအိုနှင့်ဟောင်ကောင်ဆိုင်ရာအခန်းတွင်ပါဝင်ခဲ့ပြီး ဝန်ကြီးချုပ် Le Kaqing၏ ၂၀၁၇ ခုနှစ် လုပ်ငန်းအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

၂၀၁၇ ခုနှစ် ဇူလိုင်လတွင် တရုတ်နိုင်ငံ၏ ထိပ်တန်းမူဝါဒရေးဆွဲရေးအဖွဲ့၊ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်နှင့် ကွမ်တုန်း၊ ဟောင်ကောင်နှင့် မကာအိုအစိုးရတို့မှ မူဘောင်အားဖြင့် သဘောတူညီချက်အားလက်မှတ်ရေးထိုးခဲ့ပါသည်။ ကွမ်တုန်းပြည်နယ်အနေဖြင့်"တစ်နိုင်ငံ၊စနစ်နှစ်မျိုး"မူဘောင်အောက်တွင်Greater Bay Areaဖြစ်သည့် ကွမ်တုန်း-ဟောင်ကောင်-မကာအိုပင်လယ်ကွေ့ဒေသ၏ ဆောက်လုပ်ရေးလုပ်ငန်းများအရှိန်မြှင့်တင်နိုင်ရေး တရုတ်နိုင်ငံ၏ အထူးအုပ်ချုပ်ခွင့်ရဒေသများဖြစ်သည့် ဟောင်ကောင်ဒေသနှင့် မကာအိုဒေသတို့ ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်မည်ဖြစ်သည်။

၎င်းအပြင် ကွမ်တုန်းပြည်နယ်အားနိုင်ငံတကာဆန်းသစ်တီထွင်မှုစင်တာသစ်တစ်ခုနှင့် အဓိကကျသည့် ပို့ဆောင်ဆက်သွယ်ရေးဗဟိုချက်တစ်ခုဖြစ်လာစေရန် ကူညီနိုင်မည်ဖြစ်ပြီး၊ အထူးအုပ်ချုပ်ခွင့်ရဒေသနှစ်ခုနှင့် ဆက်သွယ်သောအခြေခံအဆောက်အအုံများ ထပ်မံတိုးတက်လာမည်ဖြစ်သည်။ Greater Bay Area ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟောင်ကောင်မြို့မှာအဓိကဦးစားပေးဖြစ်သည်။ Greater Bay Area စီမံကိန်း၏ အခွင့်အလမ်းများ အပြည့်အဝရရှိရန် ဟောင်ကောင်အနေဖြင့် နယ်ပယ်သုံးခုတွင် အာရုံစိုက်ရမည်ဖြစ်ပြီး၊ ပထမအချက်မှာနိုင်ငံတကာရန်ပုံငွေမြှင့်တင်ရေးနှင့်ငွေရေးကြေးရေးလုပ်ငန်း၊ ကုန်စည်တင်ပို့မှုနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ ရန်မင်ဘီငွေကြေးဖြင့် ပေးချေမှုနှင့် အငြင်းပွားမှု ဖြေရှင်းရေးကဲ့သို့ ယှဉ်ပြိုင်မှုတွင် အားသာချက် အများဆုံးဖြစ်သည့် ကဏ္ဍများ၊ ဒုတိယအနေဖြင့် ဟောင်ကောင်၏ ပြိုင်ဘက်ကင်းသည့် 'တစ်နိုင်ငံ၊ စနစ်နှစ်မျိုး' မူဘောင်အောက်တွင် တရားဥပဒေစိုးမိုးမှုနှင့် တတိယအနေဖြင့် ဟောင်ကောင်၏ အားသာချက်များနှင့် ကုန်ထုတ်လုပ်မှုအခြေခံဒေသဖြစ်သည့် Greater Bay Area နှင့် ပေါင်းစည်းခြင်းဖြင့်ကျန်ကမ္ဘာ့နိုင်ငံများနှင့်ချိတ်ဆက်နိုင်ခြင်း စသည့် အချက်သုံးချက်အပေါ် အထူးအလေးပေးသင့်ကြောင်းသိရှိရပါသည်။

၎င်းအပြင် ဟောင်ကောင်အနေဖြင့် Greater Bay Area ဖြင့်ပေါင်းစည်းခြင်းဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ အိမ်ရာမလုံလောက်မှု၊ လူငယ်များအတွက် ပညာရေးနှင့် အခွင့်အလမ်းများ သက်ကြီးရွယ်အိုစောင့်ရှောက်မှုစသည့်အခက်အခဲများအားဖြေရှင်းနိုင်မည်ဖြစ်ကြောင်းသိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့။**

## အီရန်အနေဖြင့် ရေနံဖိုးရသည့် ရူပီးငွေများအား အိန္ဒိယ ကုန်စည်များဝယ်ယူရန် ပြန်လည် အသုံးပြုရမည်ဖြစ်သည့်အတွက် အီရန်သို့ အိန္ဒိယပဲပုပ်အစားအစာ (soymeal) တင်ပို့မှု တစ်ဟုန်ထိုး မြင့်တက်လာမည်

အီရန်အပေါ် ချမှတ်ထားသည့် အမေရိကန်၏အရေးယူပိတ်ဆို့မှုကြောင့် အီရန်သည် အိန္ဒိယသို့တင်ပို့သည့် ရေနံများအတွက် ရရှိသည့် ရူပီးငွေများအား ၎င်းတို့လိုအပ်သည့် အိန္ဒိယကုန်စည်များကို ပြန်လည်တင်သွင်းခြင်းအားဖြင့် ဆောင်ရွက်ရမည်ဖြစ်ရာ ယခုအခါ အီရန်သည် အဆိုပါငွေများအား နိုင်ငံ၏တိရစ္ဆာန်အစားအစာလိုအပ်ချက်ကို ဖြည့်ဆည်းရန် ပြန်လည်အသုံးပြုမည်ဖြစ်သည့်အတွက် အီရန်သို့ အိန္ဒိယ၏ ပဲပုပ်အစားအစာတင်ပို့ရောင်းချမှု တစ်ဟုန်ထိုး မြင့်တက်လာမည် ဖြစ်ကြောင်း သိရှိရပါသည်။

အီရန်အနေဖြင့် ပဲပုပ်ကို ပြည်တွင်း၌ လုံလုံလောက်လောက် ထုတ်လုပ်နိုင်ခြင်းမရှိကြောင်း၊ သို့ဖြစ်၍ အိန္ဒိယပဲပုပ်စာ (soymeal) များကိုတင်သွင်းမည်ဖြစ်သည့်အတွက် အိန္ဒိယနိုင်ငံ၏ ပဲပုပ်ဈေးနှုန်းကို အထောက်အကူပြုလာနိုင်မည်ဖြစ်ကာ လာမည့်မေလတွင် ရွေးကောက်ပွဲနှင့် ရင်ဆိုင်ရမည့် အိန္ဒိယအစိုးရထံ ပဲပုပ် ဈေးနှုန်းကျဆင်းနေခြင်းကြောင့် သက်သာခွင့်ငွေပေးရန် တောင်းဆိုထားသည့် တောင်သူများ၏မကျေနပ်ချက်များလည်း လျော့ပါးစေမည်ဖြစ်ကြောင်း ဖော်ပြထား ပါသည်။

အီရန်သို့ အိန္ဒိယပဲပုပ်တင်ပို့မှုမှာ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၂၉၁၀ သာရှိရာမှ ၂၀၁၈-၁၉ တွင် တန်ချိန် ၄၅၀၀၀၀ ထိသို့ခုန်တက်လာနိုင်ကြောင်း၊ အီရန်အပေါ် အမေရိကန် sanctions သာဆက်ရှိနေမည်ဆိုပါက လာမည့် ဘဏ္ဍာနှစ်တွင် တန်ချိန် ၅၀၀၀၀၀ အထိ မြင့်တက်လာနိုင်သည်ဟု Solvent Extractor's Association (SEA) ၏ အမှုဆောင်ဒါရိုက်တာက ပြောကြားထားကြောင်း သိရှိရပါသည်။

အီရန်အပေါ် အမေရိကန်၏ အရေးယူပိတ်ဆို့မှုသည် ပြီးခဲ့သည့်နိုဝင်ဘာလဆန်းက စတင်အသက်ဝင်ခဲ့သော်လည်း အိန္ဒိယသည် အီရန်မှရေနံများကို sanctions အသက်ဝင်ပြီးနောက် ခြောက်လခန့်အထိ ဆက်လက်ဝယ်ယူရန် အထူး ခွင့်ပြုချက်ရရှိထားရာ ယင်းအချိန်မှစ၍ အီရန်သို့ပေးချေရမည့် ရေနံဖိုးငွေများကို ရူပီးငွေဖြင့်သာ အိန္ဒိယကစတင်ပေးချေနေကြောင်း၊ အီရန်ကလည်း အိန္ဒိယအနေဖြင့် ၎င်းထံမှ ရေနံများကိုဆက်လက်ဝယ်ယူရေး သဘောတင်ခအခမဲ့နှင့် အကြွေး ဆိုင်းငံ့ကာလတို့ကို ယခင်ထက်ပိုပေးခြင်းတို့ဖြင့် ဆွဲဆောင်ကမ်းလှမ်းခဲ့ကြောင်း၊ ထိုမျှသာမက ရေနံဖိုးငွေများကို အိန္ဒိယကုန်စည်များဝယ်ယူရန် အတွက် အများအားဖြင့် အသုံးပြုရမည်ဖြစ်သောကြောင့် အိန္ဒိယသည် အီရန်မှရေနံများကို ဆက်လက် ဝယ်ယူရန်ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် အီရန်သည် အိန္ဒိယပဲပုပ်များအား အခြားဝယ်လက်များထက် ၁၀ ရာခိုင်နှုန်းခန့် ဈေးပိုပေးဝယ်ယူနေကြောင်း သိရှိရ ပါသည်။

ယခင်တစ်ကြိမ် အီရန်အပေါ် ပိတ်ဆို့အရေးယူခဲ့သည့် အမေရိကန် sanctions ကာလအတွင်း အိန္ဒိယသည် အီရန်ရေနံဖိုး၏ ၄၅ ရာခိုင်နှုန်းကို ရူပီးဖြင့် ပေးချေခဲ့ပြီး ကျန်ပမာဏကို ယူရိုဖြင့်ပေးချေခဲ့ကြောင်း၊ ယခုတစ်ကြိမ်တွင်မူ အီရန်နှင့်ဖြစ်ပေါ်နေသည့် ကုန်သွယ်မှုလိုငွေ လျော့ကျစေရန်အတွက် အီရန်သို့ပေးရမည့် ရေနံဖိုးငွေအားလုံးကို ရူပီးဖြင့်ပေးချေရန် အိန္ဒိယက တောင်းဆိုခဲ့ကြောင်း သိရှိရပါသည်။

အီရန်၏ဝယ်လိုအားကြောင့် အိန္ဒိယ၌ ပဲပုပ်ဈေးနှုန်းမှာ သုံးပတ်အတွင်း ၁၀ ရာခိုင်နှုန်းခန့်မြင့်တက်လာခဲ့ကြောင်း၊ ထို့ပြင် အိန္ဒိယမှ အခြားပုံမှန်တင်ပို့နေသည့် နိုင်ငံများဖြစ်သည့် တောင်ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ပဲပုပ်တင်ပို့မှုလျော့ကျခဲ့ခြင်းကြောင့် ပဲပုပ်အစာဈေးနှုန်းမှာလည်း မြင့်တက်မှုရှိခဲ့ကြောင်း၊ လက်ရှိတွင် အိန္ဒိယ၌ပဲပုပ် FOB ဈေးနှုန်းမှာ တစ်တန်အမေရိကန် ဒေါ်လာ ၃၅၀ ဈေးသာရှိကြောင်း၊ လာမည့်လများတွင် ထိုင်းနှင့်ဗီယက်နမ်တို့သည် ဘရာဇီးနှင့် အာဂျင်တီးနားတို့မှ ပြောင်းလဲဝယ်ယူလာနိုင်ဖွယ်ရှိကြောင်း၊ ထိုသို့ ပြောင်းလဲသွားသည့်တိုင် အိန္ဒိယ၏ပဲပုပ်တင်ပို့မှု စုစုပေါင်း ပမာဏအနေဖြင့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၆ သန်းထိရှိလာနိုင်ပြီး ယခင်နှစ်ထက် ၃၅ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သိရှိရပါသည်။ **ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ဖေ့စ်ဘွတ်ခ်က အများပြည်သူဒေတာများကို ရောင်းမစားကြောင်း ဇူကာဘတ်ပြောကြား



အကျိုးစီးပွားကို အခြေခံသော ကြော်ငြာများကို ပစ်မှတ်ထားခြင်းသည် အများပြည်သူဒေတာကို ရောင်းစားခြင်းမဟုတ်ကြောင်း ပြောကြားရင်း ဖေ့စ်ဘွတ်ခ်ကို ပူးတွဲတည်ထောင်သူနှင့် ကုမ္ပဏီအကြီးအကဲ ဇူကာဘတ်က ဆိုရှယ်ကွန်ရက်တစ်ခုဖြစ်သော ဖေ့စ်ဘွတ်ခ်ကို ကာကွယ်ပြောကြားခဲ့ကြောင်း ချန်နယ်နယူးအေးရှား သတင်းမှာ ဇန်နဝါရီ ၂၅ ရက်က ဖော်ပြ ခဲ့ပါတယ်။

"ကျွန်တော်တို့က လူတိုင်းကို ဝန်ဆောင်မှုပေးဖို့ ဆုံးဖြတ်ထားပြီဆိုရင် လူတိုင်းတတ်နိုင်တဲ့ ဝန်ဆောင်မှုကို ကျွန်တော်တို့ပေးဖို့ လိုပါတယ်။ ဒီလိုလုပ်နိုင်ဖို့ အကောင်းဆုံးနည်းလမ်းက ဝန်ဆောင်မှုကို အခမဲ့ပေးမှုဖြစ်မှာဆိုတော့ကြော်ငြာရမှ ဒီလိုလုပ်နိုင်မှာပါ" ဟု ဝေါစထရိဂျာနယ်ကို ဇူကာဘတ်က ပြောသည်။

၂၀၁၈ ခုနှစ်က ဖေ့စ်ဘွတ်ခ်အတွက် ဆိုးရွားတဲ့နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ဒေတာကာကွယ်ရေးနှင့် ပုဂ္ဂလိကလုံခြုံရေးအရှုပ်တော်ပုံများရှိနေခဲ့သလို ဖေ့စ်ဘွတ်ခ်ကွန်ရက်ကိုနိုင်ငံရေးရည်မှန်းချက်အတွက် နိုင်ငံခြားသားများကထင်သလို ကိုင်တွယ်နေသည်ဟူသော စွပ်စွဲချက်များနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။

ထိုသို့ အရှုပ်တော်ပုံများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ဖေ့စ်ဘွတ်ခ်၏ ဝင်ငွေနှင့် အသုံးပြုသူအရေအတွက် မှာဆက်လက်တိုးပွားလျက်ရှိသည်။

ကြော်ငြာများကို ကောင်းမွန်အောင်လုပ်ပြီး စိတ်ချမ်းသာစရာဖြစ်အောင်လုပ်ရာတွင် လူအများ၏စိတ်ပါဝင်စားမှုကို နားလည်အောင်လုပ်ရန်လိုကြောင်း ဇူကာဘတ်က ပြောသည်။

ဖေ့စ်ဘွတ်ခ်သည် အသုံးပြုသူများက "like" ပေးနိုင်အောင်စီစဉ်ပေးထားခြင်းနှင့် ပစ်မှတ်ထားသောအွန်လိုင်းကြော်ငြာများကို သူတို့ကိုယ်တိုင်မျှဝေ (share) နိုင်သည့်အချက်ပြများစသည့် အမှတ်လက္ခဏာများကိုထည့်ပေးထားသည်။

"ဒီလိုလုပ်ထားတဲ့အတွက် တစ်ခါတလေမှာ ကျွန်တော်မလုပ်တာကို လုပ်တယ်လို့ လူတွေက အထင်ရောက်တတ်တယ်။ ဥပမာ ကျွန်တော်တို့က လူတွေရဲ့ဒေတာတွေကိုရောင်းမစားပေမဲ့ ကျွန်တော်တို့ကရောင်းစားတယ်လို့ ပြောနေကြတယ်" ဟုပစ်မှတ်ထားသော အွန်လိုင်းကြော်ငြာနှင့် ဆိုရှယ်ကွန်ရက်အားထောက်ပံ့ထားခြင်းနှင့်ပတ်သက်၍ ဇူကာဘတ်ကပြောသည်။

အသုံးပြုသူတို့၏ဒေတာအချက်အလက်များကိုရောင်းစားခြင်းအား ဖြင့် အရေးပါသော ယုံကြည်မှုကိုလျော့စေရုံသာမက ပြိုင်ဘက်များက ဤအချက်ကို အသုံးပြုပြီး ကြော်ငြာလုပ်ငန်းတွင် ယှဉ်ပြိုင်လာမည်ဖြစ်သဖြင့် ဖေ့စ်ဘွတ်ခ်၏လုပ်ငန်းအကျိုးစီးပွားကိုလည်း ထိခိုက်နိုင်ကြောင်း သူက ပြောသည်။

ပစ်မှတ်ထားသော အွန်လိုင်းကြော်ငြာအတွက်အသုံးပြုသော သတင်းအချက်အလက်နှင့်ပတ်သက်၍ ထိန်းချုပ်မှုများအား ဖေ့စ်ဘွတ်ခ်က အသုံးပြုသူများအတွက်ဆောင်ရွက်ပေးပြီး ကြော်ငြာရှင်များကို ပိတ်ပင်(bl ock) လုပ်နိုင်အောင် ဆောင်ရွက်ပေးထားသည်။

**စံမီအောင်**

# အမေရိကန်အစိုးရလုပ်ငန်းရပ်ဆိုင်းမှုက ကားမိုဒယ်သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ခြိမ်းခြောက်

အမေရိကန်အစိုးရအဖွဲ့မှ လုပ်ငန်းများ တစ်စိတ်တစ်ပိုင်းရပ်ဆိုင်းခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအေဂျင်စီမှ အသိအမှတ်ပြု လက်မှတ်များထုတ်ပေးရာတွင်နှေးကွေးနေသည့်အတွက် အမေရိကန်ပြည်ထောင်စု၏ မော်တော်ယာဉ်သစ်များ ထုတ်လုပ်ရေးလုပ်ငန်းကို ကြန့်ကြာစေခဲ့ကြောင်း ချန်နယ်နယူးအေးရှ သတင်းတွင် ဖော်ပြသည်။

၃၄ ရက် စံချိန်တင်ကြာမြင့်သော အစိုးရလုပ်ငန်းရပ်ဆိုင်းမှုကြောင့် ဖက်ဒရယ်အေဂျင်စီ၏လုပ်သားရှစ်သန်းကျော်မှာလစာမရသည့်အတွက် အမျိုးသားဥယျာဉ်များကို ဝင်ရောက် လည်ပတ်ရေးမှအစပြု၍ လေကြောင်း လိုင်းများတွင် လုံခြုံရေးစစ်ဆေးမှုနှင့် စီးပွားရေးကိန်းဂဏန်းများ ထုတ်ပြန်ရေးလုပ်ငန်းများအထိ အရာခပ်သိမ်းကို ဂယက်ရိုက်ခတ်ခဲ့သည်။


သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေး အေဂျင်စီဝန်ထမ်း ၉၅ ရာခိုင်နှုန်း လုပ်ငန်းရပ်ဆိုင်းခံခဲ့ရသည့် အထဲတွင် လေထုသန့်ရှင်းရေးဥပဒေနှင့်အညီ မော်တော်ကား မိုဒယ်သစ်များအား စစ်ဆေးပေးကာဓာတ်ငွေ့ ထုတ်လွှတ်မှု အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးရသော ဓာတ်ခွဲခန်း ဝန်ထမ်းများလည်း ပါဝင်သည်။

GM မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းသည် မော်တော်ကားသစ်ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းခြင်း မရှိသေးသော်လည်း အခြားသော မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းများနည်းတူ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် ထုတ်လုပ်မည့် မိုဒယ်သစ်များအတွက် အသိအမှတ်ပြု လက်မှတ်ရရန် စောင့်ဆိုင်းနေရကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂျင်နင်းဂီနီဗန်က ပြောသည်။

မိုဒယ်သစ်ဖြစ်ပြီး ဖီးယက်ခရိုက်စလာကုမ္ပဏီအတွက် အကျိုးအမြတ်များသော RAM 3500 ပစ်ကပ် ထရပ်ကားအတွက် နောက်ဆုံးအသိအမှတ်ပြု လက်မှတ်ရရှိရေးမှာ အစိုးရလုပ်ငန်းများ ရပ်ဆိုင်းမှုကြောင့် ကြန့်ကြာနေကြောင်း Fiat Chrysler ၏ အမှုဆောင် အရာရှိချုပ် မိုက်မန်လီးက ပြောသည်။

အစိုးရလုပ်ငန်းများနောက်ထပ် ရက် ၃၀ ကြန့်ကြာဦးမည်ဆိုပါက အချို့သော မော်တော်ယာဉ်များ၏ ထုတ်လုပ် မှုမှာကြန့်ကြာနိုင်ကြောင်း Ford Motor ကုမ္ပဏီအရာရှိများက ပြောသည်။ ဤကိစ္စနှင့်ပတ်သက်၍ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အေဂျင်စီက တစ်စုံတစ်ရာဝေဖန်ချက်ပေးခြင်းမရှိကြောင်း သိရသည်။

**စံမီအောင်**



# အီးကောမတ်စ် စည်းမျဉ်းများကိုစ ဆွေးနွေးရန် WTO အဖွဲ့ဝင် ၇၀ ကျော် သဘောတူ



ကမ္ဘာ့အီးကောမတ်စ် အခန်းကဏ္ဍနှင့်ပတ်သက်သောစည်း မျဉ်းများကို ရေးဆွဲရန်စတင်ဆွေးနွေးဖို့ ကမ္ဘာ့ကုန်သွယ်ရေးတွင် ၉၀ ရာခိုင်နှုန်းကို ဆောင်ရွက်နေသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ အဖွဲ့ဝင်နိုင်ငံ ၇၀ ကျော်ကသဘောတူခဲ့ကြောင်း ချန်နယ်နယူးအေးရှသတင်းတွင် ဖော်ပြသည်။

အဖွဲ့ဝင် ၇၆ နိုင်ငံကို စင်ကာပူ၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့က ခေါင်းဆောင်လျက်ရှိသည်။

ဒါဗို့စ်တွင် ဇန်နဝါရီ ၂၅ ရက်က ကျင်းပသောကမ္ဘာ့စီးပွားရေးဖိုရမ်ကျင်းပနေစဉ် အလွတ်သဘောဆွေးနွေးပွဲကိုစင်ကာပူနိုင်ငံဆက်သွယ်ရေးနှင့်ပြန်ကြားရေးဝန်ကြီးနှင့် ကုန်သွယ်မှုဆက်ဆံရေးလုပ်ငန်းနှင့်ဆိုင်သော ဝန်ကြီးများ၏ တာဝန်ခံဖြစ်သူ အက်စ်ဝါရန်တက်ရောက်ခဲ့သည်။

အထူးသဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အီးကောမတ်စ်သည်အရေးပါသော အနေအထားတွင်ရှိကြောင်း ဒါဗို့စ်တွင် လေးရက်ကြာကျင်းပသည့် အစည်းအဝေးအပြီး စင်ကာပူမီဒီယာများနှင့် တွေ့ဆုံမေးမြန်းခန်းတွင် မစ္စတာအက်စ်ဝါရန်ကပြောသည်။

စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ပွင့်လင်းပြီး အလားအလာကို ခန့်မှန်းနိုင်သော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရန် ခေတ်မီစည်းမျဉ်းစည်းကမ်းများလိုကြောင်း သူကပြောသည်။

"ဒစ်ဂျစ်တယ် ကုန်သွယ်မှုကြောင့် စင်ကာပူ SMEs တွေနဲ့ တခြား လုပ်ငန်းတွေအတွက် အရင်တုံးက တစ်ခါမျှမရှိခဲ့ဘူးတဲ့ အခွင့်အလမ်းတွေကို ရနိုင်မှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်ကုန်သွယ်မှုအကြောင်း ရှေ့ဆက်ဆွေးနွေးဖို့အလေးပေးဆောင်ရွက်ရမှာဖြစ်သလို အီးကောမတ်စ်ကလည်း အဲဒီ ဆွေးနွေးပွဲမှာ အရေးပါတဲ့နေရာမှာ ရှိနေပါတယ်" ဟု သူက ပြောသည်။

အီးကောမတ်စ် သဘောတူညီချက်က ဒစ်ဂျစ်တယ်လုပ်ငန်းကိုရှေ့တစ်လှမ်းတက်စေနိုင်ရုံမက WTO အဖွဲ့ကို စီးပွားရေးအရ ခေတ်မီဖို့အတွက် ဆောင်ရွက်ပေးမယ့် နိုင်ငံစုံအဖွဲ့ကြီးအဖြစ် ပို့ဆောင်ပေးလိမ့်မယ်လို့ မစ္စတာအက်စ်ဝါရန်က ပြောပါတယ်။

**စံမီအောင်**

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန. . . မှအဆက်

ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ လက်ဖက်၊ သစ်ကြားသီး၊ ကြံစိုက်ပျိုး လုပ်ကိုင်သူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာ၌ ဖွံ့ဖြိုးမှု နောက်ကျနေသည့် နယ်စပ်ဒေသများတွင် ကိုးကန့်ဒေသလည်းပါဝင်ကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ မငြိမ်းချမ်းသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရခြင်းဖြစ်ကြောင်း၊ စီးပွားရေးဇုန်များ ပြန်လည်ဖွင့်လှစ်နိုင်ပါက ကိုးကန့်ဒေသနှင့် ဆက်စပ်ဒေသများတွင် လူမှုရေး၊ စီးပွားရေးနှင့် လမ်း၊ တံတား အဆောက်အဉီ များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသ ပြည်သူများ၊ လုပ်ငန်းရှင်များ၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များမှ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြပါက ဒေသနေပြည်သူများ အကျိုးများစွာ ခံစားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်းတို့သည် ချင်းရွှေဟော်မြို့၊ နယ်စပ်ဂိတ်ဖွင့်လှစ်ရန်လျာထားသည့်မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး ယာယီရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက တည်ဆောက်မည့်နေရာအား မြေပုံနှင့်တကွ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် မွန်းလွဲ ၁၃:၄၅ နာရီ အချိန်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လာရှိုးလေဆိပ်သို့ရောက်ရှိပြီး လေဆိပ်ခန်းမတွင် ကုန်သည်လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **MOC(IR)**

Since 2009

**THAN LAR MON TRADING CO., LTD**

Yangon Office

No.141-149, 8th Floor, RoomNo.906,
Bargayar Street, Bargayar Condo,
Sanchaung Tsp., Yangon, Myanmar.
Tel: (95)1 538902, 523369, 528047
Hp: (95)9 5117331, 09 785117331,
09 965117331
Fax: (95)1 523369
Email: theinhsu.tlm@gmail.com

Monywa Office
No. (4/1), Nyaung Yeik Thar St., Monywa (South) Qtr, Monywa, Sagaing Region, Myanmar.
Hp: (95)9 2130223, 09 962130223



**Types of Export Beans and Pulses From TLM Company**




✓ **Superior Quality & Fair Price**

**TLM GROUPS**

**Hsu Myanmar Trading Co.,Ltd**

**Pulses Top Trading Co.,Ltd**

**ZMM International Trading Co.,Ltd**

**Royal Pulses Trading Co.,Ltd**

**SINMA FURNISHINGS CO.,LTD**



No.134/A, Dhamazedi Road,Kamayut Township Yangon, Myanmar,
Tel : +95-1-539413, +95-9-4500-35694
3rd Floor, Thiri Mingalar Market (Old Building), Ktee Myindaing Township, Yangon, Myanmar. Tel : +95-1-2300974, 2301008. Fax : +95-1-231 5581
No.2, Thiri Yadanar Road, Corner of Zayar Htarni Road, Commercial Complex, Ottara Thiri Township,Nay Pyi Taw, Myanmar.
Tel : +95-67-433312, +95-67-433325, Hotline : +95-67-433316.

Email : info@sinmafurniture.com

UGI UNITED GENERAL INSPECTION

# UNITED GENERAL INSPECTION

LOCAL KNOWLEDGE EXPERTISE FOR INSPECTION, VERIFICATION, TESTING AND CERTIFICATION IN DIFFERENT FIELDS SUCH AS PETROLEUM, AGRICULTURAL, MINERALS AND CONSUMER PRODUCTS

WE CAN INSPECT THESE CARGOES IN EVERYWHERE




**Building (B), Room No. (111), 1st Floor, Hnin Si St., Highway Complex, Kamayut Township, Yangon.**
**Tel : 09 5414319, 09 5035038, 09 254206280, 09 964878851**
**Email : ugimyanmar@gmail.com,**
**Web : www.ugi.com.mm**

**uniqueHTT** BSCI

be different, achieve uniquely
We are expert in knit wears such as T-Shirt, Polo Shirt, Sweat Pants, Hoodies, Fleeces Etc.,






No. 291, Sat Sayar U Tun Street, Shwe Lin Pan Industrial Zone, Hlaind Tharyar Township, Yangon.
Tel : 01 613822, 01613813
09 792188461, 09 966818171, 09 976227361
Email : info@uniquehtt.com



AUTO MAN
Quick Service Center
Auto Man Quick Service Center ဆိုရင် customer တွေက စိတ်ချတယ်။
အင်ဂျင်ပါဝါအလိုက် Service ပြုလုပ်ပေးခြင်း
ကားလေအေးပေးစက် ပြုပြင်ခြင်း
ကားရေဆေးခြင်း၊ အရည်အသွေးမြင့်မားကောင်းမွန်သော ဥရောပထုတ်ပစ္စည်းများဖြင့် စက်ပေါ်လစ်တင်ခြင်း
စက်ချောဆီ လဲလှယ်ခြင်း (အင်ဂျင်ဝိုင်၊ ပါဝါဆီ၊ ဘရိတ်ဆီ၊ Auto ဆီ၊ ဂီယာဝိုင်၊ ကရောင်းဝိုင်)
ကားအောက်ပိုင်း ကြံ့ခိုင်ရေး စစ်ဆေးပြုပြင်ပေးခြင်း
ဘရိတ်ရှူး ပြုပြင် လဲလှယ်ခြင်း
3D အလိုင်းမင်း ချိန်ခြင်း
Spark Plug လဲလှယ်ခြင်း
တာယာပြုပြင် လဲလှယ်ခြင်း
ဘက္ထရီပြုပြင် လဲလှယ်ခြင်း
AUTO MAN Car, Bus & Truck Center
Pansodan Center
Thitsar Street Center
Nay Pyi Taw Center
No(75/77), Upper Pansoden Road, Mingalar Taungnyunt Township Yangon, Myanmar.
Ph: +95 1 374953 , +95 9 258607940
No(331/332/333), Thit Sar Road, 9 Quater, South Okkalapa Township, Yangon, Myanmar.
Ph: +95 9 26240 5457
Junction (Nay Pyi Taw), Hotel Zone, Yarza Thingaha Main Road, Zabu Thiri Township, Nay Pyi Taw.
Ph : +95 9 4459 45922, 09 767166169
No(53/52-53/60) Laydaungkan Road, Near BOC Bus Stop, (G/B Block) Thingunkyun Township, Yangon.
Ph : +09451565560,09790999892




CHERRY OO
Perfect Pair Valentine Day
Special Promotion
ကျပ် ( ၃၀,၀၀၀ ) နှင့်အထက်
နာရီဝယ်ယူသူတိုင်း
7%
Discount
နှင့်အတူ Valentine လက်ဆောင်များ
ရယူလိုက်ပါ . .
Above 100,000 Ks
7% Discount
+++
Get Valentine T-Shirt
Above 200,000 Ks
7% Discount
+++
Get Valentine Couple T-Shirt
Feb ~ 1 to 15
https://www.facebook.com/cherryoowatchgallery
Contact : 09 730 222 48, 09 451 522 228

# COMMERCE INTERNATIONAL

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံအချို့ ပါဝင်ထားသော Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP) စာချုပ် စတင်အာဏာသက်ဝင်

ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့သော Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP) စာချုပ်မှာ ဩစတြေးလျ၊ ကနေဒါ၊ ဂျပန်၊ မက္ကဆီကို၊ နယူးဇီလန်နှင့် စင်ကာပူနိုင်ငံများအကြား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်နေ့မှစတင်ကာ အာဏာသက်ဝင်ခဲ့ပြီးဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ခဲ့ပါသည်။




အဆိုပါ CPTPP စာချုပ်မှာ ကုန်စည်နှင့် ဝန်ဆောင်မှုကဏ္ဍကြီးနှစ်ခုစလုံးအတွက် ကုန်သွယ်မှုနှင့် စီးပွားရေးဆိုင်ရာ အလုံးစုံပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် သဘောတူညီချုပ်ဆိုခဲ့သော စာချုပ်အမျိုးအစားဖြစ်ပါသည်။ CPTPP စာချုပ်မှာ Trans-Pacific Partnership (TPP) စာချုပ်ကို ပြန်လည်ပြင်ဆင်ချုပ်ဆိုခဲ့သော စာချုပ်ဖြစ်ပါသည်။ TPP စာချုပ်ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ချုပ်ဆိုခဲ့ကြပြီး အမေရိကန်ပြည်ထောင်စုအနေဖြင့် စာချုပ်အဖွဲ့ဝင်အဖြစ် နုတ်ထွက်သွားခဲ့ပြီးနောက် ၎င်းစာချုပ်မှာ ပျက်ပြယ်ခဲ့ကာ မည်သည့်အခါကမျှ အာဏာသက်ဝင်ခဲ့မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အမေရိကန်ပြည်ထောင်စုမှအပ TPP စာချုပ်အား လက်မှတ်ရေးထိုးခဲ့သော အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းစာချုပ်အား ပြန်လည်ပြင်ဆင်ကာ CPTPP စာချုပ်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် အပြီးသတ်သဘောတူညီမှု ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် CPTPP စာချုပ်အား ချီလီနိုင်ငံတွင် အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

CPTPP စာချုပ်အရ လက်မှတ်ရေးထိုးခဲ့သော အဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံ၏ ၅၀ ရာခိုင်နှုန်းမှ ယင်းစာချုပ်အား Ratification ပြုလုပ်ပြီးနောက် ရက်ပေါင်း ၆၀ ကြာချိန်တွင် စာချုပ်မှာ စတင်အာဏာသက်ဝင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ အဖွဲ့ဝင် စုစုပေါင်း ၁၁ နိုင်ငံအနက် မက္ကဆီကို၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ကနေဒါနိုင်ငံတို့မှ စာချုပ်အား Ratification ပြုလုပ်ပြီးနောက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပထမဆုံးအနေဖြင့် ယင်းစာချုပ်မှာ အာဏာသက်ဝင်ခဲ့ခြင်း ဖြစ်ပါသည်။

CPTPP စာချုပ်နှင့်ပတ်သက်၍ မက္ကဆီကိုနိုင်ငံမှ ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် လည်းကောင်း၊ ဂျပန်နှင့်စင်ကာပူနိုင်ငံတို့မှ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင်လည်းကောင်း၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ကနေဒါ နိုင်ငံတို့မှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင်လည်းကောင်း Ratification ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှစ၍ ဗီယက်နမ်နိုင်ငံအတွက်လည်း ယင်းစာချုပ်မှာ စတင်အာဏာသက်ဝင်မည်ဖြစ်ပြီး ကျန်သော နိုင်ငံများအနက် CPTPP စာချုပ်၏ Article 3 အောက်ရှိ စာပိုဒ် (၂) နှင့်အညီ စတင်အာဏာသက်ဝင်သွားမည်ဖြစ်ပါသည်။

ဗြိတိန်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂနှင့် လမ်းခွဲပြီးချိန်တွင် CPTPP စာချုပ်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် စိတ်ဝင်စားကြောင်း ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းက ထုတ်ဖော်ပြောကြားမှုများ ရှိခဲ့ပြီး ဂျပန်ဝန်ကြီးချုပ်မှ ဗြိတိန်၏ CPTPP စာချုပ်အဖွဲ့ဝင်ဖြစ်လိုသည့် သဘောထားကို ကြိုဆိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ အမေရိကန်သမ္မတ မစ္စတာထရန့်မှ အမေရိကန်အနေဖြင့် TPP စာချုပ်အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်နိုင်ရေးနှင့်ပတ်သက်၍ စိတ်ဝင်စားမှုရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလကုန်ပိုင်း၌ ပြုလုပ်ခဲ့သော အင်တာဗျူးတစ်ခုတွင် ထုတ်ဖော်ပြောကြားထားမှုများရှိရာ အနာဂတ်တွင် CPTPP စာချုပ်အဖွဲ့ဝင်ဖြစ်/မဖြစ်အား ဆက်လက်စောင့်ကြည့်သွားရမည်ဖြစ်ပါသည်။

**ညီညီအောင် (WTO သံမှူး)**
**ဂျီနီဗာမြို့**

## သံသတ္တုရိုင်းများအပေါ် သွင်းကုန်ခွန်တိုးမြှင့်ရန် အိန္ဒိယအစိုးရ စဉ်းစားနေ

အိန္ဒိယအစိုးရသည် ပြည်တွင်းလုပ်ငန်းရှင်များအား ကာကွယ်ရန်အလို့ငှာ သံမဏိပြုလုပ်ရာတွင် အသုံးပြုသည့် အဓိကကုန်ကြမ်း တစ်ခုဖြစ်သော သတ္တုရိုင်းအပေါ် သွင်းကုန်ခွန်တိုးမြှင့်ကောက်ခံရန် စဉ်းစားနေကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများအကြား ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု သတင်းအရင်းအမြစ်များကဆိုထားကြောင်း ဇန်နဝါရီ ၁၅ ရက်ထုတ် PTI သတင်းစာမျက်နှာ၌ ဖော်ပြထားသည်။

မကြာသေးမီက Karnataka ပြည်နယ်ဝန်ကြီးချုပ် HD Kumaraswamy သည် ပြည်နယ်အတွင်း ဖြစ်ပေါ်နေသည့် သံမဏိလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်မိုဒီထံ စာတစ်စောင်ရေးသားခဲ့ပြီး သတ္တုထွက်ကုန်အပေါ် သွင်းကုန်ခွန်တိုးမြှင့်ပေးရန် တောင်းဆိုထားကြောင်း၊ ယင်းစာ၌ နိုင်ငံအနေဖြင့် ကုန်သွယ်ရေးလိုငွေကြီးကြီးမားမား ဖြစ်ပေါ်နေသည့် ပြဿနာကိုရင်ဆိုင်နေရချိန်တွင် သံမဏိကုမ္ပဏီများသည် သတ္တုရိုင်းများကို အလုံးအရင်းဖြင့် တင်သွင်းနေကြောင်း၊ လက်ရှိတွင် အိန္ဒိယ၌ အဆိုပါကုန်စည်များအပေါ် သွင်းကုန်ခွန်မှာ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ စည်းကြပ်ကြောင်း၊ ထိုသို့ သွင်းကုန်ခွန် နှုန်းထားနည်းပါးခြင်းကြောင့် လုပ်ငန်းရှင်များသည် ပြည်တွင်းထုတ်သတ္တုရိုင်းကို အသုံးပြုခြင်းထက် ပြည်ပမှသာ တင်သွင်းနေကြကြောင်း၊ သို့ဖြစ်၍ သတ္တုရိုင်းတင်သွင်းမှုအပေါ် သွင်းကုန်ခွန်ကို သင့်တော်သလို တိုးမြှင့်သင့်သည်ဟု ရေးသားဖော်ပြထားကြောင်း သိရှိရပါသည်။



အစောပိုင်းကလည်း Federation of Indian Mineral Industries သည် Karnataka ပြည်နယ်ထုတ်သတ္တုရိုင်း တင်ပို့မှုကို မြှင့်တင်ရန်အတွက် လုပ်ငန်းစဉ်များကို အလျင်အမြန်ဖော်ဆောင်ပေးရန်နှင့် သတ္တုရိုင်းသွင်းကုန် အပေါ် သွင်းကုန်ခွန် ၃၀ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံရန် အစိုးရအား တိုက်တွန်းထားကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အဆိုပါ သတ္တုရိုင်းများအပေါ် ပို့ကုန်ခွန်ဖယ်ရှားပေးရန် စဉ်းစားနေပြီး ယင်းကိစ္စနှင့်စပ်လျဉ်း၍ သံမဏိနှင့်သတ္တုဝန်ကြီးဌာန၏ သဘောထားကို မေးမြန်းထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ သတ္တုရိုင်းတင်ပို့မှုပမာဏအနေဖြင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၃ ဘီလီယံဖိုးထိရှိခဲ့ရာမှ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇ ဘီလီယံသို့ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

Be green, Keep our planet clean
**စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကိုစောင့်ရှောက်စို့။**